www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆)<br>ရွှေစာပေ၊ အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း၊<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (မြ-၁၀၀၉၈)<br>(ရွှေခြသေ့်ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ပိုးလပြည့်စာပေ<br>အမှတ်-၂၂၉၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၁၇၆၄၊ ၀၉-၅၀၀၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

အမုန်းညွှန့်မာယာ/ရှင်မြတ်နိုး။ ရန်ကုန်။

ရွှေစာပေ၊ ၂၀၁၆။

(၂၁၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) အမုန်းညွှန့်မာယာ


BURMESE CLASSIC

**အခန်း ( ၁ )**

မီးရောင်မျိုးစုံထွန်းညှိပြီး ဖိတ်ဖိတ်လက် ခမ်းနားနေတဲ့ ခန်းမကြီးထဲသို့ သူမ ဝင်လိုက်သည်ဆိုလျှင်ပဲ လူအားလုံးရဲ့အကြည့်က သူမဆီသို့ တစ်ပြိုင်ထဲရောက်ရှိသွားလေတော့၏။ ဒါကလည်း အဲဒီမွေးနေ့ အခမ်းအနားရဲ့ ပိုင်ရှင်လေးဖြစ်တဲ့ မွေးနေ့ရှင် ရောင်နီကျော်ဆိုတဲ့ ဆရာဝန်ပေါက်စလေးရဲ့ ပျာယာခတ်အပြေးအလွှားသွားကြိုနေတဲ့ အမူအရာကြောင့်လည်း ဖြစ်ပါလိမ့်မည်။

ဝင်းထိန်တောက်ပနေတဲ့ ခန်းမကြီးထဲမှာ လူတွေအများကြီး စည်ကားပျော်ရွှင်နေပေမယ့် မွေးနေ့ရှင်လေးကတော့ ပြည့်စုံတယ်လို့ကို ထင်မနေခဲ့ဘဲ တစ်ချိန်လုံးအပေါက်ဝကို လှမ်းကြည့်နေခဲ့မိတာပါ။

ဘာကြောင့်လဲဆိုတော့ ...

သူ့ဘဝမှာ တိတ်တခိုးလေး ချစ်နေခဲ့ရတဲ့ ပိုးခေမာဆိုတဲ့ သောကြာဖြိုလ်က နတ်ဘုရားမလေးရောက်မလာသေးလို့ပဲ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟိုမှာ ... ပိုးခေမာ မဟုတ်လား ..."

ဘေးကကြားလိုက်ရတဲ့အသံကြောင့် သူ့ရင်ထဲမှာ ဒိတ်ခနဲ ခုန်သွားပြီး အပေါက်ဝကို ချာခနဲနေအောင် လှည့်ကြည့်မိ၏။ လှပ လွန်းတဲ့ သူ့ရဲ့နတ်သမီးလေး ခန်းမထဲကို ရွှေအဆင်းနဲ့တစ်လှမ်းချင်း ဝင်လာနေပြီပဲ။ သူ့နှုတ်ခမ်းဖျားလေးတွေမှာ အပြုံးတွေဝေစည်သွား ရပြီး အပေါက်ဝဆီ မပြေးရုံတမယ် သွားကြိုဆိုလိုက်မိသည်။

"ခေမာ် ... ခေမာ နောက်ကျလို့ ကိုယ်မျှော်နေတာ"

"ကားလမ်းပိတ်နေလို့ပါ ..."

ပိုးခေမာက ဝတ်ကျေတန်းကျေပြောရင်း လက်ထဲမှာကိုင် လာတဲ့ ပါဆယ်ထုပ်လေးကို သူ့ဆီကမ်းပေးရင်း ...

"ပျော်စရာ မွေးနေ့ ဖြစ်ပါစေနော် ..."

"ခေမာပေးတဲ့ဆုနဲ့ ပြည့်ချင်ပါတယ်ဗျာ ..."

ဒေါက်တာရောင်နီကျော်ဆိုတဲ့ ဆရာဝန်လေး ဘယ် လောက်ထိ ပိုးခေမာဆိုတဲ့ ကောင်မလေးကို အာရုံရောက်နေသည် မသိ။

"အား ... ရောင်နီ အန်တီ့တောင် မနှုတ်ဆက်ပါလား"

ဆိုတဲ့ အသံကြားမှ လှည့်ကြည့်ပြီး ပိုးခေမာရဲ့ မေမေပါလာ တာကို မြင်မိတော့တဲ့အထိပင်။

"ဟာ ... အန်တီပါ လိုက်လာတာပဲ ... ဟုတ်ကဲ့ ... အထဲ ကိုကြွပါအန်တီ ... ဦးရော မပါဘူးလား"





"အေးကွယ် ... နိုင်ငံခြားသားတွေနဲ့ မီတင်းရှိလို့တဲ့ သွား လေရဲ့ ... ခဏနေရင်တော့ သူရောက်လာမှာပါ ..."

"ဟုတ် ... ဦးက အရမ်းအလုပ်များတာ သိပါတယ်"

ရောင်နီကျော်က ရှေ့ကနေ ထိုင်ရမယ့်ခုံဆီ ဦးဆောင်ပြီး ခေါ်သွားလိုက်သည်။ သူ့မိဘတွေနဲ့ ခေမာ့မိဘတွေက အရမ်းခင် ကြတဲ့ သူငယ်ချင်းတွေမို့ အဲဒိုင်းမှာပဲထိုင်ဖို့ စီစဉ်ထားပြီးသားပါ။

ပြီးတော့ ...

သူ ကြိုတ်စီစဉ်ထားတာတစ်ခု ရှိနေသေးတယ်လေ။

စားပွဲဝိုင်းရောက်တော့ သူ ပိုးခေမာကို ဒီနေရာထိုင်လို့ပြော ပြီး လှည့်ကြည့်လိုက်မိပြီး ချက်ချင်းမပြောနိုင်သေးဘဲ ငေးကြည့်နေ မိသေးသည်။

အဖြူရောင် ပါတိတ်ဝမ်းဆက်ကလေးပေါ်မှာ ကနုတ်ပန်း ပုံလေးတွေကို အနက်ရောင်ပုလဲလုံးလေးတွေနဲ့ ပုံဖော်ထားပြီး အဖြူရောင်ကတ္တီပါခွာမြင့်ဖိနပ်လေးစီးထားတဲ့ တာဝတိံသာသူ လေးကို ငေးကြည့်မိတာ သူ့အလွန်တော့ မဟုတ်ပါ။

"ခေမာ ... ဒီမှာထိုင်လေ ... သက်တောင့်သက်သာနေ နော်"

"အင်းပါ ..."

ပိုးခေမာ သူညွှန်ပြတဲ့ ခုံလေးမှာ တင်းကျပ်တဲ့စိတ်တွေနဲ့ ဝင်ထိုင်လိုက်မိသည်။ တကယ်ဆို သူမ ဒီပွဲကို မလာချင်တာအမှန် ပါ။ မေမေ အတင်းခေါ်လွန်း၍သာ မငြင်းဆန်လို၍ လိုက်ခဲ့ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သူက ခေမာ့ဘေးကနေမှာ ဝင်ထိုင်ရတော့ ပို၍ပင်စိတ်အိုက်သွားရသည်။

"လှလှကို မိတ်ဆက်ပေးစရာရှိတယ် သိလား ... "

"ဟုတ်လား အမာ ... "

"အင်းပေါ့ ... ဖေကြီးရေ လှကို ဦးအောင်မျိုးတို့နဲ့ မိတ်ဆက်ပေးမလို့ဆို ... "

"အင်း ... လာလေ လှလှ ... "

သူမ မေမေနဲ့ ရောင်နီကျော့်အဖေအမေတွေ ပြောနေတာ နားထောင်ရင်း သူမ ငိုပင်ငိုပစ်ချင်လာမိသည်။ ဒါ ... သက်သက် သူမနဲ့ရောင်နီကျော် နှစ်ယောက်ထဲထားခဲ့ချင်လို့ လုပ်ထားမှန်း သူမ သိနေသည်။ သူမတို့ကို ပိုရင်းနှီးအောင်လုပ်တာပါ။

သူမ အရမ်းကိုငြင်းပယ်ချင်ပေမယ့် သူမ ဘဝတစ်လျှောက်လုံး မေမေ ထားရာနေ စေရာသွားခဲ့ရတာပါ။ ကျွေးတာစား၊ မေမေ ဆင်တာဝတ်ဆိုတဲ့ စည်းကမ်းချက်တွေအောက်မှာပဲ ရှင်သန်ခဲ့ရတာပါ။

သူမ စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ မေမေ ခိုင်းသမျှ လုပ်ခဲ့ရတာမို့ ငြင်းပယ်ဖို့ဆိုတာကို သူမ မေ့လျော့တတ်ခဲ့တာပါ။

ခုလည်းကြည့် ...

သူမ ကျောက်ရုပ်ကလေးတစ်ရုပ်လို တောင့်တောင့်လေး ထိုင်ရင်း ကျုံ့ရစ်ခဲ့ရတာပါပဲ။





"ခေမာ ... "

"ရှင် ... "

"သွားရအောင် ... ကိုယ့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမလို့ ... "

"ဟင့်အင်း ... "

ခေမာ မသွားချင်ပါဘူး။

ဒါပေမဲ့ ...

သူမရဲ့ ခြေလှမ်းလေးတွေကတော့ ရောင်နီကျော်ခေါ်ရာ နောက်ကို တရွေ့ရွေ့လိုက်သွားနေရ၏။

"တကယ်လှတာကွာ ... "

"ငါက ရောင်နီကြီး အပိုတွေကြွားနေတယ်ထင်တာ"

"ငါ့ကောင်ကြီးက ကံကောင်းလိုက်တာ ... "

ဆိုတဲ့ တစ်ယောက်တစ်ပေါက်ပြောနေတဲ့ အသံတွေကြားမှာ သူမ ရှက်ရွံ့စိတ်တွေအပြည့်နှင့် ပြေးထွက်သွားချင်လာမိ၏။ သူကတော့ ဂုဏ်ယူကျေနပ်နေပုံရသည်။

"မိတ်ဆက်ပေးရဦးမယ် ... "

သူ့ရဲ့အသံကြောင့် သူ့သူငယ်ချင်းတွေ ဆူညံနေရာက ငြိမ်ကျသွားပြီး သူတို့ဆီ အာရုံတွေ စူးစိုက်ကျရောက်လာသည်။

အထူးသဖြင့် ...

သူ့ဘေးမှာရပ်နေတဲ့ ရွှေရုပ်ကလေး ဖိုးခေမာဆီကို အာရုံ စိုက်နေခဲ့ကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"သူက ပိုးခေမာတဲ့ ..."

"တကယ်ပါကွာ ... နာမည်နဲ့လူနဲ့ တကယ်ကိုလိုက်တာပါ ကွာ"

"ငါတစ်ခု စဉ်းစားမိတယ် ... ပိုးဆိုတာ နူးညံ့သိမ်မွေ့တယ် ကွာ၊ ခေမာဆိုတာက မိန်းမပျို ... အဲတော့ နူးညံ့သိမ်မွေ့တဲ့မိန်းမ ပျိုပေါ့ ..."

ဟုတ်တယ်ဆိုတဲ့ ထောက်ခံသံတွေ ချက်ချင်းဆူညံသွားရ သလို ရောင်နီကျော်ရဲ့ မျက်နှာကလည်း မှီရတဲ့သူလို ပြုံးပျော်သွား ရ၏။

အဲထဲမှာမှ မပျော်နိုင်တာ ...

ပိုးခေမာဆိုတဲ့ သူမပါ။

ဒါပေမဲ့လည်း ကိုယ့်ကိုချီးမွမ်းနေကြတာဆိုတော့လည်း သူမ မတတ်သာဘဲ ပြန်ပြုံးပြနေရတာပါပဲ။

"ကျေးဇူးပါပဲနော် ..."

"ခေမာ ... သူက ဒေါက်တာကျော်သက် ... ဒါက ဒေါက်တာ ဓနည် ... ဒါက ဒေါက်တာ စံထူး ..."

"ရောင်နီ ..."

"စတာပါခေမာ ... သူက ဒေါက်တာ အောင်ဝဏ္ဏတဲ့ ..."

သူက တစ်ယောက်ချင်းစီ မိတ်ဆက်ပေးနေသည်။ သူမက တော့ မသက်သာဘဲ ဝတ်ကျေတန်းကျေ ပြန်နှုတ်ဆက်နေရလေ၏။





"ဟုတ် ... ခေမာ့ကိုလည်း မှတ်ထားကြပါနော်"

"အဲဒါတော့ စိတ်မပူနဲ့ ပိုးခေမာရေ ... ကမ္ဘာ့ညာဏ်အနည်း ဆုံးသူတောင် ပိုးခေမာရဲ့ အလှအပမှာတင် အဲ့နာမည်နဲ့လူကို ဘယ် တော့မှ မေ့မှာမဟုတ်ဘူး"

ဒေါက်တာ ကျော်သက်ရဲ့စကားကြောင့် အားလုံးက ဝိုင်း ရယ်ကြပေမယ့် ခေမာကတော့ ပြုံးရုံပဲပြုံးပြလိုက်မိသည်။ သူက ထိုင် ခုံလေးဆွဲယူပေးပြီး သူမကို ထိုင်စေသည်။

သူမ စိတ်မသက်မသာနှင့်ပဲ ဝင်ထိုင်လိုက်၏။

"ခေမာ ..."

"ရှင် ..."

"စားလေ ... မုန့်တွေလည်းမစားဘူး၊ ဘာဖြစ်လို့လဲ ... နေမကောင်းဘူးလား"

"ကောင်းပါတယ် ..."

"ခေမာ ..."

"ရှင် ..."

"ဒီနေ့အရမ်းလှနေတယ် သိလား ..."

"အို ..."

သူ့ရဲ့ခပ်စူးစူးအကြည့်တွေအောက်မှာ သူမ မနေတတ် လောက်အောင် ဖြစ်သွားရသည်။ သူမ မျက်လွှာလေးချပြီး သူ့ကို မော့မကြည့်ရဲတော့။

ပိုးခေမာရယ် ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ကိုယ်ဘယ်လောက်ထိ ချစ်မြတ်နိုးခဲ့ရလဲဆိုတာ မင်းတကယ်မသိဘူးလား ခေမာရယ်။

ရောင်နီကျော် စိတ်ထဲကနေပဲ ပြောနေမိတာပါ။ ဒါပေမဲ့ သူမကတော့ သိမှာမဟုတ်ပါဘူး။ ပိုးခေမာက အရမ်းအေးစက်တည်ငြိမ်လွန်းပြီး ဣန္ဒြေသိက္ခာကြီးမားလွန်းသည့် မိန်းကလေးပါ။

"ဟော ... သမီးတို့က ဒီရောက်နေကြတာကိုး"

"မေမေ ... "

ရောင်နီကျော်ရဲ့မေမေက သူမရဲ့ ပခုံးလေးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး အနောက်ဘက်မှ ခပ်တိုးတိုးမေးတော့ ထိုင်နေရင်းက သူမ လှည့်ကြည့်လိုက်မိသည်။

စိန်တွေ တလတ်လတ်တောက်ပနေအောင် ဝတ်ထားတဲ့ ရောင်နီကျော့်ရဲ့မေမေက သူမတို့ကို ကျေနပ်တဲ့အပြုံးလေးနှင့်ကြည့်နေ၏။ သူ့အားမှာတော့ ခေမာ့မေမေ ...

"သမီးလေးကိုမြင်တိုင်း အန်တီက ပြန်မလွှတ်ချင်ဘူးကွယ်၊ ဒီသမီးလေးကို အပိုင်ရရင် ကောင်းမှာပဲလို့ အမြဲတွေးနေမိတာ ... အခုတော င် စကားစပ်မိလို့ ပြောနေကြသေးတယ် ... "

အို ...

ဒါက ဘာစကားလဲ ...

အနှောင်အသွားမလွှတ်တဲ့ အဲဒီစကားကို သမီးရှင်ဖြစ်တဲ့ မေမေက ဘာလို့ကျေနပ်စွာ ပြုံးနေရတာလဲ။ မေမေကပါ ရောင်နီကျော်နဲ့သူမကို သဘောတူကြည်ဖြူကြောင်း ဝန်ခံလိုက်တာလား။





ရောင်နီကျော်က သူမကိုစိုက်ကြည့်ပြီး ...

"မေမေ့အကြံ မဆိုးဘူး ... "

"ဟား ... ဟား ... ဟား ... အဲဒါပဲကြည့်တော့ လှရယ်၊ သားက မအေတူသားလေ ... တိုင်ပင်စရာကိုမလိုတာ ... "

"အို ... အန်တီကလည်း ... "

သူမ ဆက်ပြီး မနေတတ်တော့သဖြင့် နေရာမှထွက်ခဲ့မိတော့သည်။ သူမရဲ့ ရှက်သွေးဖြာသွားသော မျက်နှာလေးကိုကြည့်ပြီး အားလုံးက ဝိုင်းရယ်ကြတော့လေသည်။

ရယ်သံတွေကြားမှာ ...

သူမ ...

မှုန်းကြပ်လာခဲ့သည်။

သူမ ...

အဲ့ရယ်သံတွေကို အရမ်းမုန်းနေမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂ )

"အွန် … "

"ဟာ … "

"ချွမ်း … "

ခန္ဓာကိုယ်တစ်ခုခုကို သူဝင်တိုက်လိုက်မိပြီးမှန်း သူ့လက်ထဲက ကော်ဖီခွက် မှောက်သွားပြီးမှန်း သိသိချင်း သူ တစ်ဖက်လူကို အရမ်းအားနာသွားမိသည်။

"ဟာကွာ … အကုန်ပေးစွန်းကုန်ပြီ … ကျွတ် … ဘယ်လိုလုပ်မလဲ … မင်းဘယ်လိုလုပ်လိုက်တာလဲကွ … ဟင် … "

"ဟာ … ဟုတ်ပါရဲ့ … ကျွန်တော့်ကြောင့်ဖြစ်ရတာ စိတ်မကောင်းပါဘူး … ဆောရီး … ဆောရီး အန်ကယ် … "

သူ ကပျာကယာ တောင်းပန်ပေမယ့် တစ်ဖက်လူက ကျေနပ်ပုံမရဘဲ …

"ဘာဆောရီးလဲ … မင်းလူတစ်ယောက်လုံးကိုတောင်





မမြင်ဘူးလား … ဒီမှာကြည့်စမ်း … ငါ့အင်္ကျီတစ်ခုလုံး ပေစွန်းကုန်ပြီ … ဒီအင်္ကျီ ဘယ်လောက်တန်လဲဆိုတာ မင်းသိလို့လားကွ"

"ဟာ … အန်ကယ် … ကျွန်တော် မတော်တဆ တိုက်မိတာလေ၊ တမင်လုပ်တာမှမဟုတ်တာ … "

ငွေစကားပြောလာသဖြင့် သူ ဒေါသနည်းနည်းဖြစ်သွားရသည်။

"ဒီအင်္ကျီရဲ့တန်ဖိုးကို မင်းနားလည်လို့လား … အခု မင်းရဲ့ နမော်နမဲ့နိုင်မှုကြောင့် ငါ့အင်္ကျီတစ်ထည်လုံး သုံးစားမရတော့ဘူး"

မွေးနေ့ပွဲတစ်ခုလုံးက လူတွေရဲ့အကြည့်က သူတို့အပေါ် ကျရောက်နေသည်။ လူတွေကြားထဲမှာ ထိုလူကြီးရဲ့ ရှင့်သီးချိုးနှိမ်တဲ့စကားတွေကြောင့် သူ မခံချင်ဖြစ်သွားရ၏။

"ဘာလဲ အန်ကယ်က ဒီကိစ္စလေးကို ကျွန်တော် မလျော်နိုင်ဘူးထင်နေလို့လား … အန်ကယ် ဘာဖြစ်ချင်လဲ … ဘာလဲ ဒီအင်္ကျီတန်ဖိုး အလျော်လိုချင်တာလား"

"ဘာကွ … "

သူ့စကားကြောင့် ဝင်တိုက်ခံလိုက်ရတဲ့လူကြီး ရှူးရှူးရှားရှားဖြင့် မျက်နှာပြင်တစ်ခုလုံးနီရဲကာ ဒေါသတကြီးဖြင့် သူ့ရှေ့လက်ညှိုး ငေါက်ငေါက်ထိုးရင်း …

"မင်း … မင်း … မင်း ဘာစကားပြောတာလဲ … မင်း စကားပြောဆင်ခြင်စမ်း … ငါကပဲ ဘာမဟုတ်တာလေးကို ပွဲကြီးချဲ့ အလျော်လိုချင်လို့ တမင်ပြဿနာရှာနေတဲ့သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အခြေအနေက ပိုပြီးတင်းမာလာရသည်။ သူ လူမှုရေးနားမလည်၍ ထိုသို့ပြောခြင်းမဟုတ်ပါ။ သူမှားမှန်းသိ၍ တောင်းပန်နေတာပဲ။ လူကြီးကြည့်ရတာ ပိုက်ဆံအတော်ချမ်းသာမည်မှန်း သူသိပြီးသား။ ဒီအင်္ကျီ သိန်းကျော်တန်မှန်းလည်း သူသိပါသည်။

"ဘယ်လိုဖြစ်တာလဲ ဖေကြီးရယ် ... ရှက်စရာကြီး ... သူများတွေ ဝိုင်းကြည့်ကုန်ကြပြီ ... "

ထိုလူကြီး၏ ဇနီးဖြစ်ပုံရသည့် အန်တီတစ်ယောက် သူတို့နားကိုရောက်လာသည်။ စိန်တွေ ညွတ်နေအောင် ဝတ်ထား၏။

"ဘာဖြစ်ရမှာလဲ ... ဒီမှာကြည့်စမ်းပါဦး ... အင်္ကျီတစ်ထည်လုံး ရစရာမရှိတော့ဘူး ... ဒီကလေကချေကောင်ပေါ့၊ ဝင်လည်းတိုက်သေးတယ် ပမာမခန့်လည်း ပြောသေးတယ် ... "

"ကျွန်တော် ကလေကချေ မဟုတ်ဘူးဗျ ... အန်ကယ်စကားကိုကြည့်ပြော ... ကျွန်တော့်ဘက်က မှားတယ်ပြောပြီးပြီ၊ ဒါကို ဘာလို့ အန်ကယ်ငွေစကားပြောလဲ ... ကျွန်တော်လည်း ကျွန်တော် လျော်ပေးနိုင်တာ သိအောင် ပြန်ပြောနေတာပဲ"

"ဟာ ... အိုအေစစ် ... ဘာဖြစ်နေတာလဲ ... "

သူငယ်ချင်းဖြစ်သူ ဒေါက်တာကျော်သက် အပြေးတစ်ပိုင်းရောက်လာသည်။ ဒီပွဲကိုက ဒီကောင်ခေါ်၍ သူက အဖော်လိုက်ပေးခဲ့ရုံသက်သက်ပါ။ ဒီကလူတွေလည်း သူတစ်ယောက်မှမသိ။ သူသိတာ. ကျော်သက်တစ်ယောက်ထဲရယ်။





သူက ခုမှ သန့်စင်ခန်းထဲကထွက်လာခြင်း ဖြစ်သည်။ မထင်မှတ်ဘဲ အရိပ်ကလေးတစ်ခု ဖြတ်လျှောက်သွားတာ တွေ့လို့ တမေ့တမော ငေးကြည့်ရင်းက ထိုလူနှင့်ဝင်တိုက်မိခြင်း ဖြစ်သည်။

"ဟေ့ကောင် ... မင်းကိုငါက အလျော်လိုချင်လို့ပြောတာမဟုတ်ဘူးကွ နားလည်လား ... ဒီထက်သာတဲ့ အင်္ကျီအထည်တစ်ရာလောက် ချက်ချင်း မီးပုံရှို့ပစ်နိုင်တယ်"

"အဲဒါတော့ အန်ကယ့်သဘောပဲလေ ... ကျွန်တော်ကတော့ အဲလိုမိုက်မဲတဲ့အလုပ်မျိုး မလုပ်ဘူး ... နမျောလို့ ... အန်ကယ် မနမျောရင်တော့ လုပ်ပြလေ ... ဟက် ဟက် ... "

"မင်း ... မင်း ... "

"ဘာလဲ ... မလုပ်ပြရဲလို့လား ... "

"အရိုင်းအစိုင်းကောင် ... ခွေးမသား ... မင်းက ငါ့ကိုရိတာလား ... မင်း ငါ့ကိုဘာကောင်များ မှတ်နေလဲ ... "

လူကြီးရဲ့ဒေါသက အထွတ်အထိပ်ကိုရောက်သွားပုံရသည်။ လက်သီးကြီးရွယ်ပြီး ရှေ့ကိုတိုးလာသဖြင့် အားလုံးကဝိုင်းဆွဲထားရ၏။

"ဆောရီးပဲအန်ကယ် ... မွေးနေ့ရှင်ကိုတော့ အားနာပါရဲ့၊ ဒီမှာအန်ကယ် ... ကျွန်တော် ဘယ်တုန်းကမှ အဓိပ္ပာယ်မရှိတဲ့ အကြောင်း တစ်ခုလေးကြောင့် ရန်ဖြစ်ဖို့စိတ်ကူးမရှိဘူး၊ ဒါပေမဲ့ အန်ကယ် ... တကယ်ရန်ဖြစ်ရင်လည်း အန်ကယ် ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



မနိုင်ပါဘူး"

"မင်း ... မင်း ... "

"ကျွန်တော် သွားလိုက်ပါဦးမယ် ... "

"ခွေးကောင် ... မင်း ... မင်း ဘာစကားပြောတာလဲကွ၊ လာလေ ... လာခဲ့စမ်း ... ဘယ်သူနိုင်မလဲသိချင်ရင် ... "

"ဖေကြီးရယ် ... ဘာလို့ အဲလောက်ဒေါသထွက်နေရတာလဲ စိတ်ကိုလျှော့ပါ ... ခွေးရူးနဲ့ခွေးကောင်း ဖက်ကိုက်မနေပါနဲ့"

ဇနီးကပါ ဆတ်ဆတ်ထိမခံပြန်ပြောလျှင် သူကလှည့်ထွက်ရာမှ နောက်ပြန်လှည့်ကာ ...

"ဟုတ်တယ် အန်တီ ... အဲစကားပုံ သိပ်မှန်တယ် ... တစ်ခုပြောထားဦး ... ဓာတ်တူသား မစားကောင်းဘူးလို့ ... "

"ကြည့်စမ်း ... မင်း ... မင်း ဘာစကားပြောတာလဲ၊ ဟင် ခွေးကောင်စုတ်လေး ... နင်သာ ခွေးမျိုးဟဲ့ သိရဲ့လား ... "

သူ တဟားဟား အော်ရယ်လိုက်မိသည်။ ဆက်နားထောင်မနေတော့ဘဲ ထိမထင်တဲ့အပြုံးလေးပြုံးပြီး အေးအေးဆေးဆေးပဲ ထွက်လာခဲ့လိုက်သည်။

ကားဆီရောက်တော့ ဘာကိုမှကြည့်မနေတော့ဘဲ မောင်းထွက်လာခဲ့လိုက်၏။

ထိုပွဲကို

အစကနေအဆုံး ...





တအံ့တသြ ငေးကြည့်နေခဲ့သူက ပိုးခေမာဆိုတဲ့ ကောင်မလေးရယ်ပါ။ သူမထွက်လာတော့ ဖေဖေ ရောက်အလာနှင့်ဆုံသည်။ ဖေဖေက သမီး ဘယ်လဲဆိုပြီး နောက်ကအလိုက် သူနှင့်တိုက်မိခြင်းဖြစ်ပုံရပါသည်။

ရဲရင့်တဲ့ ... အဲလူရဲ့ဟန်ပန်ကို သူမ ငေးကြည့်နေမိသည်။

ထူးဆန်းလိုက်တာ ...

သူမ ဘာကြောင့် အဲ့နေရာကိုအရောက်မသွားခဲ့ရတာလဲ။ တကယ်ဆို ထိုလူနှင့်ရန်ဖြစ်နေတာ ဖေဖေနဲ့မေမေပါ။

ဖေဖေရော မေမေပါ ဒေါသအကြီးအကျယ်နှင့် ကျန်ခဲ့ရပေမယ့် သူကတော့ လေလေးချွန်ပြီး ပြန်ထွက်သွားနိုင်သေး၏။

"ဆောရီးပဲ အန်ကယ်ရယ် ... အားနာဖို့ကောင်းလိုက်တာ၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ရောင်နီ ... မင်းမှာ ဒီလောက်အောက်တန်းကျတဲ့ အပေါင်းအသင်းရှိလိမ့်မယ်လို့ မထင်မိဘူး"

ဖေဖေ့ဒေါသတွေက ရောင်နီကျော့်ပေါ်သို့ စုပုံကာကျသွားလေ၏။

"မဟုတ်ဘူး အန်ကယ် ... ဒီကောင့်ကို တစ်ခါမှတောင်မမြင်ဖူးဘူး ... အဲဒါ ကျွန်တော့်သူငယ်ချင်း မဟုတ်ဘူး"

ရောင်နီကျော်က မျက်နှာငယ်လေးနှင့် ဖေဖေ့ကိုရှင်းပြနေတာ တွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သူငယ်ချင်းနဲ့ ပါလာတာပါ အန်ကယ်ရယ်"

"တောက် ... အဆင့်အတန်းမရှိလိုက်တာကွာ၊ လူကြီးကို လူကြီးမှန်းမသိ ... တော်တော်မိုက်ရိုင်းလူပါးဝတဲ့ကောင် ... "

မွေးနေ့ပွဲလေးက သိပ်မသာယာတော့ပါ။

ဒါဟာ ...

အိုအေစစ်လို့ခေါ်တဲ့ ...

ဆတ်ဆတ်ထိမခံတဲ့ ပမာမခန့်နိုင်လွန်းတဲ့ လူတစ်ယောက်ကြောင့်ပဲ ဖြစ်တော့သည်။

သူမ ဘာမှမသိခဲ့ မမြင်ခဲ့သလို အေးအေးဆေးဆေးပင် ထိုနေရာသို့သွားလိုက်သည်။

"သမီး ... ခေမာ ... ဘယ်ကနေထွက်လာတာလဲ ... ဒီမှာ ပြဿနာတွေဖြစ်လို့ ... "

"ဟို ... ခေါင်းနည်းနည်းနောက်လို့ ... "

"လာ ... လာ ... သမီးဖေဖေ အရမ်းဒေါသထွက်နေတယ်၊ မေမေတို့ပြန်ရအောင် ... "

"ဟုတ် ... "

မေမေက သူမရဲ့လက်ကို ဆုပ်ကိုင်ကာခေါ်သွားသဖြင့် သူမ လိုက်သွားရသည်။

ကားပေါ်ရောက်တဲ့အထိ ရောင်နီကျော်ရဲ့ မိခင်နှင့်ဖခင်တို့က လိုက်ပို့ပေးခဲ့၏။





ဖေဖေနှင့်အပြိုင် တစ်ခွန်းမခံ ပြန်ချေပသွားခဲ့တဲ့ အဲဒီလူက မိုက်တီမိုက်ကန်း လူတစ်ယောက်များလား။ လူကုံတန်အသိုင်းအဝိုင်းထဲကတော့ မဖြစ်နိုင်။

သာမန် ဖလန်ထယ်အနီကွက်ကို ဂျင်းဘောင်းဘီအနက်နှင့် တွဲဝတ်ထားခဲ့သည်။

အိုအေစစ် ...

အိုအေစစ်တဲ့ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

"အရမ်းထူးဆန်းနေပြီ ... ငါရင်ခုန်တတ်နေပြီကွ"

အမှတ်မထင် ...

ရုတ်တရက် အကျယ်ကြီးထအော်လိုက်တော့ သူငယ်ချင်းတွေအားလုံးရဲ့အကြည့်က သူ့ထံသို့ စုပုံကျရောက်လာကြသည်။

သူရယ် ... ကျော်သက်ရယ် ... ငြိမ်းချမ်း၊ တင်လင်းထွန်းတို့က စုပေါင်းပြီး လုံးချင်းတိုက်လေး ငှားနေကြခြင်းဖြစ်သည်။ သူတို့အားလုံးက နယ်ကနေ အကြောင်းအမျိုးမျိုးနှင့် ရန်ကုန်ရောက်လာကြပြီး အဆောင်တစ်ခုမှာ ဆုံခဲ့ကြသည်။

အဆောင်စည်းကမ်းတွေနဲ့ သူတို့နဲ့က တစ်ခုမှအဆင်မပြေ။ အဆောင်တံခါးကို ညကိုးနာရီပိတ်တတ်တာက အဆိုးဆုံးစည်းကမ်းပင်။

သူနဲ့ဒေါက်တာကျော်သက်က အမြဲအပြန်နောက်ကျတတ်သည်။ အဲ့အချိန်က သူနဲ့သူ့သူငယ်ချင်းတစ်ယောက်က ကားပစ္စည်း





ဆိုင်တစ်ခု ရှယ်ယာဖွင့်ထားကြတဲ့အချိန်။

ဆိုင်သိမ်းနောက်ကျတတ်သောသူက အမြဲလိုလိုဆိုင်က ခုံတန်းတွေပေါ် အိပ်ရတတ်သည်။

ဒေါက်တာကျော်သက်ကလည်း ညနေဆို အပြင်ဆေးခန်းလေးတစ်ခုမှာ ထိုင်ပေးရသည်။ လူနာများလို့ နောက်ကျပြီဆို လူနာခုတင်မှာ အိပ်ပေတော့ပဲ။

ကြာတော့ သူနဲ့ကျော်သက်က အပြင်မှာအိမ်ငှားဖို့တိုင်ပင်ရင်း ငြိမ်းချမ်းနဲ့တင်လင်းထွန်းကပါ သူတို့လည်း အစုစပ်ငှားမည်ဆိုတာမို့ နှစ်ထပ်လုံးချင်းလေးတစ်ခု ငှားနေခဲ့ကြ၏။

"ဟေ့ရောင် အိုအေစစ် ... မင်း ဟိုနေ့ကလုပ်တာ လုံးဝကို အချိုးမပြေဘူးနော် ... မွေးနေ့ရှင်သနားစရာကွာ မျက်နှာငယ်လေးနဲ့ ... ငါဆိုလည်း အသေအလဲ တောင်းပန်လိုက်ရတယ်"

"ဘာဖြစ်ကြတာလဲကွ ... ပြောပြပါဦး ... "

ကျော်သက်ဆီက ပြစ်တင်စကားကြောင့် အကြောင်းမသိသေးတဲ့ ကျန်နှစ်ယောက်က စိတ်ဝင်တစား မေးလိုက်ကြခြင်း ဖြစ်၏။

"ဘာဖြစ်ရမှာလဲ ဒီလိုကွာ ... "

ကျော်သက်က မွေးနေ့ပွဲက အဖြစ်အပျက်ကို ပြန်ပြောပြ၏။ သူက ...

"အောင်မာ ... ငါဘာပြဿနာရှာလို့လဲ ... ပြဿနာရှာတာ အဲဒီဘိုးတော်ကြီးကွ ... ဘလိုင်းကြီး လူကိုချိုးနှိမ်ပြီးပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ဝင်တိုက်သေးတယ် ဟိုက ဒီလောက်တော့ ပြောမှာပေါ့ကွ ... "

"အေးလေကွာ ... ငါမှားမှန်းသိလို့ ငါတောင်းပန်တယ်လေကွာ ... သူက ဘယ်လောက်တန်လည်း ဘာညာဆိုတော့ ဟားဟား ... အဘိုးကြီး အဲနေ့က ရေလည်ပေါက်ကွဲပြီးကျန်ခဲ့တာ"

သူရယ်နေတာကြည့်ပြီး ကျော်သက်က ဆောင့်ကြီးအောင့်ကြီးနှင့် ကျိန်ဆဲလေ၏။

သူ ...

ထိုင်နေရာကထပြီး ကျော်သက်ကို လက်နဲ့သိုင်းဖက်ကာ ပါးကို ရွှတ်ခနဲနေအောင် နမ်းလိုက်တော့ ...

"ဟိတ်ကောင် ... မင်းဘာလုပ်တာလဲကွ ... "

သူ့လုပ်ရပ်ကြောင့်ရော မျက်စိမျက်နှာပျက်ကာ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားတဲ့ ကျော်သက်ရဲ့ပုံစံကြောင့်ရော ကျန်နှစ်ယောက်ကပါ ရယ်ကြလေတော့သည်။

"ဘာလုပ်လို့လဲ ချစ်လို့ပဲကို ... မင်းက ဆရာဝန်ဆိုတော့ အသားလေးတွေက နူးညံ့နေတော့ ငါ စိတ်နည်းနည်းဖောက်သွားတာ"

"အိုအေစစ် ... မင်း ... မင်း ... "

ကျော်သက်ရဲ့ နီရဲနေတဲ့ မျက်နှာကိုကြည့်ပြီး သူရယ်လိုက်မိသည်။

"ဆောရီး ... ဆောရီးပါ ... စိတ်မဆိုးပါနဲ့ ဆရာဝန်ကြီးရယ်





ကျွန်တော် တောင်းပန်ပါတယ်နော် ... စိတ်ကလေးလျှော့ပြီး ပြန်ထိုင်လိုက်ပါနော် ... ကျွန်တော်မျိုးရဲ့ ကျေးဇူးရှင်ကြီးကို မပစ်မှားရဲပါဘူးဗျာ ... "

"ဘာလဲ ... ဘာကျေးဇူးရှင်လဲ ... "

သူ့စကားကို နားမလည်သလိုနှင့် ကျော်သက်ကပြန်မေးလေသည်။

"ကျော်သက် ... မင်းသာ ငါ့ကိုအဲမွေးနေ့ မခေါ်သွားခဲ့ရင်လေ ... အိုအေစစ်ဆိုတဲ့ ငါ့မှာ နှလုံးသားမပါဘဲ မွေးလာတဲ့ကောင်လို့ ကိုယ့်ကိုကိုယ် တစ်သက်လုံးထင်နေမိမှာကွ သိရဲ့လား"

"ဟာ ... တယ်နတဲ့စကားလုံးတွေပါလား ... တစ်ခါမှ မကြားဘူးတဲ့ စကားတွေတော့ စလာပြီ ... "

ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေတဲ့ တင်လင်းထွန်းကပါ သူတို့ရှိရာသို့ ထလာသည်။ အားလုံး သူ့ကို စိတ်ဝင်တစားနှင့်ကြည့်နေကြ၏။

"ဒီလိုကွာ ... ငါ ဒီကောင်တွေဝိုင်းမှာထိုင်ရင်း ပျင်းလာရော စဉ်းစားကြည့်လေ ငါနဲ့ဘယ်သူနဲ့မှ မသိတာ ... အဲဒါနဲ့ ခန်းမရဲ့ဘေးပေါက်မှာ ထွက်ရပ်နေလိုက်တာ ... နည်းနည်းကြာတော့ အိမ်သာသွားချင်လာရော ... အိမ်သာကအထွက် ဂိတ်အဝလက်ထဲက ကော်ဖီခွက်ယူလာတာ ... အဲဒီမှာ ... "

ပြောနေရင်းက သူ့မျက်လုံးထဲမှာ အဲဒီနေ့ကအဖြစ်အပျက်ကို ပြန်မြင်ပြီး ရင်ခုန်သံတွေ ဆူညံသွားရသည်။ နှုတ်ခမ်းများတွေက



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့အလိုလို ပြုံးလိုက်မိ၏။

“ဆက်ပြောလေကွာ ... မင်းကလည်း ...”

“အေးကွာ ... အဲဒီမှာ ငါ့အေးကနေ ကောင်မလေးတစ်ယောက်ဖြတ်သွားတာကွာ ... မိုးပေါ်က နတ်ပြည့်တစ်ခုခုက နတ်သမီးလေးလို့တောင် ထင်ရတယ် ... ငါလေ ဘုရားသခင်ဖန်ဆင်းခဲ့သမျှထဲ အကောင်းဆုံးလက်ရာလို့တောင် ထင်မိတာကွာ ... ငါ့ချာခနဲ လှည့်အကြည့် အဲလူကြီးဝင်တိုက်ပြီး ပြဿနာစတက်တော့တာ”

“ဒါဆို ... အဲ နတ်သမီးလေးကရော ...”

“ပျောက်သွားတာပေါ့ကွ ... ငါက အဘိုးကြီးနဲ့ပြဿနာရှင်းနေရတာကို ...”

“ကောင်းတယ် ... ငမ်းကြောထဦးလေ ...”

“အေးကွာ ... မင်းတို့ပြောလည်းခံရမှာပဲ ... ငါ့မျက်လုံးထဲမှာ အဲဒီအဖြူရောင်နတ်သမီးလေးပဲ စွဲထင်နေတာကွ သိလား”

“ငါသိပြီ ...”

“ဘာကိုလဲ ...”

“မင်းတွေ့ခဲ့တာ ပိုးခေမာကိုပဲဖြစ်ရမယ် ...”

“ဘာ ... ဘာရယ် ...”

ဝုန်းခနဲ ကျော်သက်ရှေ့သို့ သူရောက်သွားရသည်။

“ကျော်သက် ပြန်ပြောလေကွာ ... စောစောက မင်းဘာပြောလိုက်တာလဲ ...”





“အဖြူရောင်ဝမ်းဆက်လေးမှာ ပုလဲနက်လေးတွေ ... ပြီးတော့ ... ကတ္တီပါဖိနပ်အဖြူလေး ...”

“ဟာ ...”

“ဘာထဖြစ်ရပြန်ပြီလဲ ...”

“ဟုတ်တယ် ကျော်သက် ... သူမှသူအစစ် ...”

“ပိုးခေမာ ... သူက ပိုးခေမာပဲ အိုအေစစ် ...”

ပိုးခေမာ ...

ပိုးခေမာတဲ့လား ...

သူ ရင်ခုန်ခဲ့ရတဲ့ အဖြူရောင်လိပ်ပြာလေးက ပိုးခေမာတဲ့လား။

“မင်းတို့ဖြစ်နေတာကြည့်ပြီး ငါတို့တောင် အဲဒီပိုးခေမာကို စိတ်ဝင်စားလာပြီ ...”

“အေးလေ ... သူက အရမ်းချောလွန်းလို့လား ...”

ကျော်သက်က သက်ပြင်းချလိုက်ရင်း ...

“သူ့ ချောလားလို့မေးတာ မပြည့်စုံတဲ့မေးခွန်းတစ်ခုလို့ ငါတော့ထင်တာပဲ ...”

“ဘယ်လို ...”

“ဟုတ်တယ် ... ကျော်သက်ပြောတာမှန်တယ် ... သူ့အလှကိုမေးရင် ဘယ်လိုမေးခွန်းမှ ပြည့်စုံမယ်မထင်ဘူး ... သူ့အလှဟာ စာဖွဲ့ပြဖို့နေနေသာသာ သူ့အလှကို မေးခွန်းထုတ်ဖို့တောင်ဘယ်မေးခွန်းမှ မပြည့်စုံလောက်တဲ့အထိ သူက လှပနူးညံ့သိမ်မွေ့လွန်း



www.burmeseclassic.com

www.burmeseclassic.com



တယ်”

သူ့စကားကို ကျော်သက်က ထောက်ခံသလို ခေါင်းညိတ်ပြလိုက်တော့ ကျန်တဲ့နှစ်ယောက် ငြိမ်သက်သွားကြသည်။

“ငါထင်တာတော့ ဘယ်နတ်ဘုရားကမှ အဲလောက်ပြီးပြည့်စုံတဲ့ မိန်းကလေးကို ဖန်ဆင်းဖို့ တတ်နိုင်မယ်မထင်ဘူး ... တကယ်တော့ သူက သူ့ကိုယ်သူ ဖန်ဆင်းပြီး လင်းလက်ခဲ့တဲ့ နတ်ဘုရားမလေးပဲ ... ”

“ဟူး ... ”

တင်လင်းထွန်းက တိတ်တိတ်တိုးတိုးပဲ သက်ပြင်းချသည်။

“ကျော်သက် ... ”

“ဟေ ... ”

“ငါ သူ့ကိုချစ်တယ် ... ငါ သူ့ကိုပိုင်ဆိုင်ခွင့်ရချင်တယ်”

“မဖြစ်နိုင်ဘူး ... ”

“ဘာ ... ”

သူ မခံချင်စိတ်ဖြင့် ကျော်သက်ကို စိန်ခေါ်သလိုကြည့်လိုက်မိသည်။

“ဟုတ်တယ် ... မင်း ပိုးခေမာကို ကြိုးစားခွင့်ရဖို့က အရမ်းနောက်ကျသွားပြီ ... ”

“ဘာ ... ”

“အေးလေ ကျော်သက်ရာ ... မင်းဟာက လိုက်တောင်မလိုက်ရသေးဘူး”





“ဟုတ်တယ် ... ယောက်ျားပဲကွာ၊ နောက်ကျတယ်ဆိုတာ မရှိပါဘူးကွာ ... ”

ငြိမ်းချမ်းနဲ့တင်လင်းထွန်းကပါ ဝင်ပြောလာတော့ ကျော်သက်က ခေါင်းကိုယမ်းပြရင်း ...

“ပိုးခေမာနဲ့ ရောင်နီကျော်က မိဘချင်းသဘောတူထားပြီးသားတွေ ... ပြီးတော့ ... သူတို့ချင်းရင်းနှီးမှုက ငယ်ငယ်လေးထဲက ငါတို့ကို လာမိတ်ဆက်ပေးတာကိုက သူတို့ဘယ်လိုမျိုးဆိုတာ သိသာနေတာပဲလေ ... ”

သူ ...

အံကိုတင်းတင်းဖိကိုက်ထားလိုက်မိသည်။ သူ အရှုံးပေးလိုက်ရမည်လား။ သူမကို မချစ်တော့ဘဲနေလိုက်သင့်ပြီလား။ ရောင်နီကျော်နဲ့ လူကြီးချင်းသဘောတူထားတာတဲ့။

သူ ခေါင်းကို ခါယမ်းလိုက်မိသည်။

“ဟင့်အင်း ... ငါကတော့ ဇွဲမလျှော့နိုင်ဘူး ကျော်သက်၊ ငါ့တစ်သက်မှာ တစ်ကြိမ်ပဲ လှုပ်ရှားဖူးတဲ့ နှလုံးသားအတွက် ငါ သူ့ကို မဖြစ်မနေ ကြိုးစားရမှာပဲ ... ရောင်နီကျော်နဲ့ဘယ်လိုပဲ သဘောတူထားပါစေ ... ခုထိ သူတို့ကချစ်သူတွေ မဖြစ်ကြသေးဘူး ... တရားဝင် စေ့စပ်ထားတာ မဟုတ်ဘူး ... ”

“မင်းကွာ ... ငါဘယ်လိုပြောပြရမှာလဲ၊ ငါသိတာ ပိုးခေမာက မိဘစကားနားထောင်တတ်တယ်တဲ့ ... သူချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ ရောင်နီကျော့်ကိုပဲ လက်ထပ်မှာပဲလေ ... မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြိုးစားမလဲ ... ”

“ငါ သူ့ကို ချစ်တတ်လာအောင်လုပ်မယ် ... ”

“ဘာ ... ”

ကျော်သက်ရဲ့ မျက်လုံးတွေ ပြူးဝိုင်းသွားရသည်။

“အေးပါကွာ ... ကြိုးစားကြည့်ပေါ့ ... ”

“မင်း သူ့ရဲ့လိပ်စာကိုသိလား ... ”

“သူတို့နေတဲ့နေရာကို ရောင်နီကျော်ပြောလို့ သိတော့သိတယ် ... ငါတော့ ဒီကိစ္စမှာဝင်မပါဘူးနော် ... ဒါပေမဲ့ ... မင်း ငါ့ကို ကတိတစ်ခုတော့ပေးရမယ် ... ”

“ဘာကတိလဲ ... ”

“မင်း သူ့ကို တရားနည်းလမ်းကျကျပဲ ကြိုးစားရမယ် အိုအေစစ် ... ”

သူ ကျော်သက်ကို စူးစူးစိုက်ကြည့်ပစ်လိုက်သည်။ အချစ်မှာ တရားနည်းလမ်းကျတယ်ဆိုတာ ရှိလို့လား ကျော်သက်။

ဒါပေမဲ့ ...

မင်း စိတ်ချပါ။

ငါ သူ့ကို အသက်ထက်ပိုချစ်မိတာတော့ သေချာပါတယ်။

❀❀

အခန်း ( ၄ )

သူ ဒီနေရာမှာ စောင့်နေခဲ့ရတာ အချိန်တော်တော်လေးကြာနေပြီ။ ရေရာသေချာမှု မရှိသော်လည်း ထိုမျှော်လင့်ချက်လေးတိုတော့ သူလက်မလွှတ်ရဲပါ။ ဒါဟာ ... သူ့ဘဝရှင်သန်ဖို့ သူ့နှလုံးသားလေး ရှင်သန်ဖို့ မျှော်လင့်ချက်ပင် ဖြစ်နေသည်လေ။

“ဒီနေ့ သူနဲ့သူ့အမေ ရှစ်မိုင် အိုးရှင်းကို ဈေးဝယ်ထွက်လိမ့်မယ် ... ခုနက ကျော်နီကျော်နဲ့ သူ့အမေ ဖုန်းပြောနေတာ ငါကြားလိုက်လို့ ... သေတော့ မသေချာဘူးနော် ... ”

“အိုကေ ... ကူညီတာ ကျေးဇူးပဲ ကျော်သက် ... ”

ပိုးခေမာ ...

မင်းနဲ့သာ တွေ့ခွင့်ရမယ်ဆိုရင်လေ အချိန်တွေ ဘယ်လောက်ပဲကြာကြာ ကိုယ်စောင့်နိုင်တယ်သိလား။ ကိုယ်မင်းနဲ့ တောင်ဆုံတွေ့လိုက်ကတည်းက ကိုယ့်အိပ်မက်တွေ ရှင်သန်အသက်ဝင်ခဲ့ရတာပါ။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လက်ကနာရီကို အသာမြှောက်ကြည့်တော့ နေ့လည်ဆယ့်နှစ်နာရီတိတိ။

သူ မနက်ရှစ်နာရီထဲက ဒီကိုရောက်နေခဲ့တာ။

သူမ ...

ဒီနေ့ လာပါတော့မလား။

အားမလျှော့ချင်သော်လည်း ရင်ထဲမှာ စိုးရိမ်စိတ်ကလေးတွေဝင်လာရသည်။

သူ့လက်ထဲက ဖုန်းလေးမြည်လာ၍ ကြည့်လိုက်တော့ ကျော်သက် ...

"ဟဲလို ... "

"အိုအေစစ် ... မင်းအဆင်ပြေလား"

"ဟင့်အင်း ... သူ ခုထိမလာသေးဘူး ... "

"ဟာ ... မင်းကွာ ... အဲလောက်အကြာကြီး ထိုင်စောင့်နေတာလား ... ပျင်းစရာကြီးကိုကွာ ... "

"ရပါတယ် ... ငါ ပိုးခေမာအတွက်ဆို တစ်နေ့လုံးလည်း ထိုင်စောင့်နေနိုင်ပါတယ်"

"ဘယ်အချိန် လာမှန်းမသိတဲ့သူကိုကွာ ... မင်းတော့ ပိုးခေမာအပေါ် အရင်ဘဝက ဘယ်လိုဝဋ်ကြွေးတွေရှိခဲ့လဲ မသိပါဘူး"

"ဟက် ... ဟက် ... "

သူ ရယ်လိုက်တဲ့အချိန်မှာပဲ အနက်ရောင် BMW နောက်ဆုံးမော်ဒယ်ကားလေးတစ်စီး ကားပါကင်မှာ ပါကင်ထိုးဖို့ ပြင်နေ





သည်။

"ကျော်သက် ... "

"ဟေ ... "

"သူ့ကားက BMW အနက်ရောင်လား"

"အေး ... ဟုတ်တယ် ... "

"အေး ... သူရောက်လာပြီထင်တယ်"

ကားတံခါးလေး ဆတ်ခနဲ ပွင့်သွားသည်နှင့် အပြာနုရောင်နှာမြင့်ဖိနပ်လေးစီးထားတဲ့ ခြေဖဝါးဖြူဖြူလေးနှစ်ဖက် ဖြည်းညင်းစွာ ကျလာသည်။

သူ ...

အသက်ပင်မရှူရဲပဲ မျက်တောင်မခတ်နိုင်လောက်အောင် ရင်ခုန်စွာ ငေးကြည့်နေမိသည်။ ကျော်သက် ဘာတွေပြောနေမှန်းဝင် သူမသိနိုင်တော့ပါ။

သူမ ...

ညင်သာစွာပင် ကားပေါ်က ဆင်းလာသည်။ သူ့ရင်ခုန်သံတွေက တဒိန်းဒိန်း ဆောင့်ခုန်လာခဲ့၏။

အပြာနုရောင် ချည်ဝမ်းဆက်ကလေးကို ရိုးရိုးယဉ်ယဉ်လေး ချုပ်ပြီးဝတ်ထားတဲ့သူမ မျက်ဝန်းတွေက ဘေးပတ်ဝန်းကျင်ကို အားကျတဲ့ မျက်ဝန်းလေးတွေနှင့် ငေးကြည့်နေတာ သူမြင်တွေ့နေရသည်။

လွတ်လပ်ပေါ့ပါးတဲ့ အဝတ်အစားလေးတွေနှင့် ကြည်နူးပျော်ရွှင်နေကြတဲ့ သူမနဲ့ သက်တူရွယ်တူကောင်မလေးတွေကို သူမ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်နေတာပါလား။

သူ ကားထဲမှာ ထိုင်နေရာက အသိဝင်ပြီး အပြင်သို့ထွက်လိုက်သည်။

ပိုးခေမာကတော့ သူ့မိခင် ဆွဲခေါ်ရာသို့ နွဲ့ခနဲပါသွားသည်။ သူမရဲ့ နဘေးတစ်ဖက်နှင့် အနောက်ဘက်မှာတော့ အိမ်ဖော်ကောင်မလေးတစ်ယောက်စီက အကာအကွယ်ပေးထားပြီးသား။

ပိုးခေမာကို ကြည့်ရတာ ...

မိခင်က ဖွတ်အတင်းထိန်းချုပ်ခံထားရတဲ့ လှောင်အိမ်ထဲက ငှက်ကလေးတစ်ကောင်လိုပင်။ အပြုံးအရယ်မရှိဘဲ နှုတ်ခမ်းလေးတွေက တင်းတင်းစေ့လို့။

ဟိုက် ...

ဒီအမျိုးသမီးကြီး မျက်နှာကို ဘယ်မှာတွေ့ဖူးပါလိမ့်။

ဟာ ...

ဒါ ...

ဟိုနေ့က မွေးနေ့ပွဲမှာ သူနဲ့ပြဿနာတက်ခဲ့တဲ့ အမျိုးသမီးကြီးပဲ။ ဒါ ... ပိုးခေမာရဲ့ မိခင်တဲ့လား။ သူ့ခေါင်းထဲ နောင်တခဝ်ကြီးကြီး ရမိသလို ခံစားလိုက်ရသည်။

သူ အနောက်ဘက် ခပ်လှမ်းလှမ်းကနေ သူမလေးကို စောင့်ကြည့်နေမိ၏။

သေချာတာတော့ ...

သူ့ကိုမြင်လိုက်တာနဲ့ ပိုးခေမာရဲ့အမေက ချက်ချင်းပြန်သတိရမှာပဲ ဘယ်လိုလုပ်ရမလဲ ...





သူမကတော့ သူမအမေနဲ့အတူ စားစရာတွေကြည့်ပြီး အိမ်ဖော်ကောင်မလေးရဲ့လက်ထဲကို ပစ္စည်းတွေရွေးထည့်နေသည်။

ခဏကြာတော့ ...

သူမ မေမေက အလုပ်သမားကောင်မလေးတစ်ယောက်နှင့် အနောက်ဘက်အတန်းတွေဆီ ထွက်သွားတာ တွေ့လိုက်ရသည်။ သူမနှင့် အဖော်ကောင်မလေးတစ်ယောက်သာ ကျန်ခဲ့၏။

သူ ...

အဲဒီအခွင့်အရေးကို လက်လွှတ်မခံဘဲ သူမနားသို့ကပ်သွားလိုက်၏။ သူမ နံဘေးရောက်တော့ သူမကလေးကိုမကြည့်ဘဲ သူမရှေ့လက်လှမ်းလိုက်တဲ့ မုန့်ထုတ်လေးကို ဆွဲယူလိုက်ရင်း ...

“ဒီတစ်ခါပါနဲ့ဆို မင်းကိုမြင်ဖူးတာ နှစ်ခါရှိပြီနော် ... ”

ပိုးခေမာ ...

သူမဘေးကနေ တစ်ယောက်ထဲရေရွတ်နေသောသူကို အံ့တကြ ကြည့်မိသွားသည်။ ဒီလူ ဘယ်သူ့ကိုပြောနေတာလည်း ဆိုး ဘေးကိုကြည့်တော့လည်း တခြားဘယ်သူမှ ရှိမနေ။

“စတွေ့တဲ့နေ့က အဖြူရောင် ဝမ်းဆက်လေးနဲ့နော်”

အို ...

ဒါ ...

ဒါ သူမကိုရည်ရွယ်ပြီး ပြောနေတာပဲ။ ဒါပေမဲ့ ... သူကတော့ သူမကို ကြည့်မနေပါ။ စင်ပေါ်က မုန့်တွေကိုပဲ လိုက်ရွေးနေတာ တွေ့ရသည်။ သူ့မျက်နှာကို ကြည့်မယ်လုပ်တော့ သူကထိုင်ခြင်း အောက်ဆုံးတန်းက မုန့်တွေကို ရွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့တွေ့တဲ့ နှစ်ချိန်လုံး ကျွန်တော် အရမ်းရင်ခုန်ရတယ် ... ခင်ဗျား တော်တော်ဆိုးတာပဲ ..."

ဒုက္ခပါပဲ ...

ဒီလူ ... ဘယ်လိုလူလဲ ...

ဘေးကရပ်နေတဲ့ အိမ်ဖော်ကောင်မလေးပင် သူ့လုပ်ရပ်ကြောင့် မျက်လုံးလေးပြူးပြီး သူ့ကိုစိတ်ဝင်တစား လိုက်ကြည့်နေသည်။

"ပိုးခေမာ ... ဒီနေ့လည်း ခင်ဗျားက ယဉ်ယဉ်လေးနဲ့လှနေတာပါပဲ ... ကျွန်တော် ခင်ဗျားကို စွဲလမ်းနေမိပြီလား မသိဘူး"

ဟင် ...

ထိုင်နေရာမှ ဆတ်ခနဲထကာ သူမနှင့်မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး သူပြောတော့ ပိုးခေမာသည် သရဲအခြောက်ခံရသော လူတစ်ယောက်ပမာ သွေးပျက်မတတ် ထိတ်လန့်ပြီး နောက်သို့ခြေတစ်လှမ်း ဆုတ်သွားရလေသည်။

"ရှင် ... ရှင် ..."

"အိုအေစစ်ပါ ..."

အိုအေစစ် ...

အိုအေစစ်ဆိုတဲ့လူပါလား။

ကြည့်စမ်း ...

သူရဲ့ ရွှးရဲတဲ့အကြည့်တွေကို သူမ ရင်ခုန်မိသလိုလို ခံစားလိုက်ရသည်။ လက်ဖျား ခြေဖျားတွေ အေးစက်သွားမိတဲ့အထိပင်။

သူ ...





သူ ...

မထင်မှတ်ဘဲ သူဖြစ်နေပါလား။

"မင်းကတော့ ကိုယ့်ကိုသိမှာ မဟုတ်ပါဘူး"

ဟင့်အင်း ...

ရှင် မှားနေပြီ။

ကျွန်မ ရှင့်ကို မသိဘဲနေမလား အိုအေစစ်ရယ်။ ရှင့်ရဲ့ ထိထောင်တဲ့ ဟန်ပန်တွေ ဘာကိုမှ ဂရုမစိုက်တတ်တဲ့ပုံတွေက ကျွန်မအာရုံထဲမှာ ရှိနေခဲ့တာပါ။

"ရော့ ... ဒါ ကိုယ့်ရဲ့ဖုန်း ... မင်းယူထားလိုက် ... ကိုယ့်ရင်ခုန်သံတွေကို ဖန်ဆင်းပေးခဲ့တဲ့ မင်းနဲ့စကားလုံးပေါင်းမြောက်များစွာ ပြောချင်သေးတယ်"

သူမ မငြင်းလိုက်နိုင်ခင်မှာ သူက သူမလက်ထဲကို သူ့ဟန်းဖုန်းလေး ထည့်ပေးလိုက်သည်။ သူ ဆုပ်ကိုင်လိုက်တဲ့လက်တွေက အင်အားတစ်စုံတရာကို သူမ ခံစားမိလိုက်၏။

"ဟင့်အင်း ..."

သူက နားမထောင်ပါ။ သူမလက်ထဲ ဖုန်းထည့်ပေးပြီးတာနဲ့ ချက်ချင်းလှည့်ထွက်သွားလေတော့သည်။

"ဒီမှာ ... ဒီမှာ ..."

သူမ ...

ဘာလုပ်လို့ လုပ်ရမှန်းပင် မသိတော့။

ပစ်ပဲချလိုက်ရမှာလား။

သူမ တွေဝေနေစဉ်မှာပဲ မေမေက သူမတို့နားကို လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာတာ လှမ်းမြင်လိုက်ရသဖြင့် သူမ ဖုန်းလေးကို လက်ကိုင်အိတ်ထဲ ကပျာကယာ ထိုးထည့်လိုက်ရသည်။

"ပုံပုံ ..."

"ရှင် ..."

"မေမေ မသိစေနဲ့နော် ..."

"ဟုတ် ... ဟုတ်ကဲ့ ... မမလေးက အဲဒီအစ်ကိုနဲ့သိနေတာလား"

ပြောသာနေတာ သူမလည်း ရင်တွေခုန်နေတာလား။ တုန်နေတာလား ဝေခွဲမရလောက်အောင် သွေးပျက်နေမိသည်။ မေမေက သူ့အနားသို့လျှောက်လာပြီး အပြုံးကလေးနှင့် ...

"ဘယ်လိုလဲသမီး ... ဝယ်လို့ပြီးပြီလား"

"ရှင် ..."

"သမီးဝယ်လို့ပြီးရင် ပိုက်ဆံရှင်းပြီး ပြန်ကြရအောင်လေ"

"ဟုတ် ... ခဏလေး မေမေ ..."

"ဟင် ... ခုထိ ဝယ်လို့မပြီးသေးဘူးလား"

"နည်းနည်းကျန်သေးလို့ပါ ... မေမေ အရင်သွားရင်သွားနှင့်လေ သမီး လိုက်လာခဲ့မယ် ..."

"အေး အေး ... အဲဒါဆို မေမေ သွားနှင့်မယ်"

"ဟုတ် ..."

သူမ ပုံပုံ့ကိုလက်ဆွဲခေါ်ပြီး ထွက်လာခဲ့လိုက်သည်။

"ပုံပုံ ... ဒီကိစ္စ မေမေတို့သိသွားလို့ကတော့ နင်မလွယ်ဘူးသာမှတ်"





"ဟုတ်ကဲ့ပါ မမလေး ... ပုံပုံ ပြန်မတိုင်ပါဘူး ... ဒါနဲ့ မမလေးနဲ့ အဲဒီလူက ..."

"ရင်းတော့မရင်းနှီးဘူး ... ဒါပေမဲ့ မမလေး သူ့ကိုသိတယ်"

"ရှင် ..."

"ကဲပါ ... အဲဒါတွေ ထားလိုက်တော့ ..."

"ဟုတ် ... ဟုတ်ကဲ့ မမလေး ..."

နှစ်ယောက်သား ပစ္စည်းတွေ ကမန်းကတန်းရွေးပြီး မေမေရှိရာ လိုက်လာခဲ့ကြသည်။

အိတ်ထဲက ဖုန်းလေး ထမမြည်ပါစေနဲ့လို့ ဆုတောင်းရတာ သူမမှာ အမောတကော ...

မေမေသာ သိလို့ကတော့ ...

အိုအေစစ် ...

ရှင် ...

ရှင်ဟာလေ ...

တကယ်ကို တစ္ဆတ်ထိုး နိုင်လွန်းလှတဲ့လူပါလား။

ခုတော့ ... ကျွန်မရင်တွေ ခုန်ရလွန်းလို့ သေတော့မယ် သိရဲ့လား ရှင်ရဲ့ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"ဟာ ... မင်းတော်တော်အတင့်ရဲတာပဲကွ ... ပိုးခေမာ အရမ်းစိတ်ရှုပ်သွားမှာ သေချာတယ် ... မင်းကိုလည်း လန့်သွား လောက်ပြီ ... "

သူငယ်ချင်းတွေကို မနက်က အဖြစ်အပျက်ပြန်ပြောပြတော့ အားလုံးလန့်သွားကြလေသည်။ ကျော်သက်ကတော့ ခေါင်းတခါ ခါနှင့်သာ ဖြစ်နေ၏။

"ကဲ ... မင်းပြောသလို ဖုန်းက သူ့ဆီပါသွားပါ့မလား ... သူ လွှင့်ပစ်လိုက်တာရော မဖြစ်နိုင်ဘူးလား ... "

ငြိမ်းချမ်းရဲ့စကားက ဖြစ်နိုင်ချေများပါသည်။ အဲဒီလိုသာဖြစ် ခဲ့ရင် ဘယ်လိုလုပ်မလဲ။ ဟန်းဆက်တစ်ခု ဆုံးတာကလွဲပြီး ကျန် တာ ဘာမှဖြစ်မလာနိုင်တော့ပါ။

"ဟုတ်တယ် ... အိုအေစစ် ... ဒါကတော့ ငါလည်းလက်ခံ တယ် ... ပြီးတော့ ... အဲဒါက မင်းလုပ်ငန်းသုံးဖုန်း ... ပိုးခေမာက





အဲဒါတွေ ဘယ့်လိုရှင်းတတ်မှာလဲ ... "

"ငါထင်တာတော့ မင်းဖုန်းက ခုချိန်အမှိုက်ပုံးထဲလား ... သူများကောက်ရထားလားပဲ ... နမျောစရာကွာ ... ဟန်းဆက်က ဈေးကြီးကကြီးနဲ့ ... "

အရေးထဲ ကပ်စေးနဲ့ကျော်သက်က ဟန်းဆက်ကို နမျော နေသေးသည်။

"ငါ မနည်းကြိုးစားထားရတာကွ ... သူနဲ့ဆက်သွယ်ခွင့်ရဖို့ က အဲဒီဖုန်းလေးတစ်ခုပဲ မျှော်လင့်ချက်ရှိတာ ... ဆက်ကြည့်မယ် ကွာ ... သူ အဲဒီလိုမလုပ်ဘူးလို့ ငါ့ရင်ထဲက အလိုလိုယုံတယ် ... ပြီးတော့ ... ဒီနေ့တွေ့တဲ့ သူ့မျက်ဝန်းလေးတွေက ငါ့ကိုစိမ်းမနေ ဘူး ... ရင်းနှီးနေပြီးသားလိုပဲ ငါခံစားရတယ်"

သူ ...

သူမ မျက်နှာလေးကို ပြန်သတိရမိသည်။ ဟုတ်တယ် ... သူ မြင်လိုက်တော့ သူမ အရမ်းအံ့ဩသွားတယ်။ ပြီးတော့မှ ... သူမ ရင်းနှီးပြီးသားသူမို့ ပြန်တည်ငြိမ်သွားတာပေါ့။

"အိုအေစစ် ... ပိုးခေမာက မင်းကိုမှတ်မိတယ်ဆိုရင်လည်း သူ့အဖေနဲ့အမေကို လူပုံအလယ်မှာ ရစရာမရှိအောင် အရှက်ခွဲခဲ့တဲ့ ဆိုးသွမ်းပြီး ဂျစ်ကန်တဲ့လူတစ်ယောက်အနေနဲ့ပဲ ဖြစ်မှာပေါ့ ... "

"ဘာ ... "

သူ ...

မျက်လုံးတွေပြူးကျယ်ဝိုင်းစက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်သက် ... ဒါက ဘာစကားလဲ ... ဘာကို ရည်ရွယ်ပြီး ပြောလိုက်တာလဲ။ သူ ခေါင်းကို တအားခါယမ်းပစ်လိုက်မိသည်။

"မင်း ဟိုနေ့က ပြဿနာရှာခဲ့တာ ပိုးခေမာရဲ့အဖေနဲ့အမေ"

"သေပါပြီကွာ ... "

သူ့နဖူးသူ ဖြန်းခနဲသာ ရိုက်လိုက်မိသည်။ အဲလောက် တိုက်ဆိုင်လွန်းရလား။

"မင်းတော့ ချေးပြီပဲ အိုအေစစ် ... "

"အေးကွာ ... ပွဲမဝင်ရသေးဘူး ပန်းတိုင်က ပျောက်သလို ဖြစ်နေပြီ ... "

သူ ...

စိတ်ဓာတ် အကြီးအကျယ်ကျသွားသလို ခံစားလိုက်ရသည်။ မျက်ဝန်းထဲမှာ သူမရဲ့ ရုပ်သွင် ပြန်ပေါ်လာပြန်တော့လည်း နောက်မဆုတ်ချင်ပြန်။ ဒီအတိုင်း အရှုံးပေးပြီး နောက်ပြန်လှည့်လိုက်ရမှာလား။

သူ ...

တွေဝေနေမိသည်။

ဘယ်လိုလုပ်ရမလဲ ...

သူ ...

ခဏတာ ငြိမ်သက်သွားရသည်။

"ကျော်သက် ... ငါဆုံးဖြတ်ပြီးသွားပြီ၊ ငါ သူ့ကို သိပ်ချစ်မိသွားပြီ ... သူ့ဆီက ဘယ်လိုရလာဒ်မျိုးပဲဖြစ်ဖြစ် တစ်ခုခုတော့ ငါ





ရချင်တယ် ... "

"မင်း တကယ်ပြောနေတာလား ... ငါကတော့ မင်းအတွက် ဘာအကျိုးအမြတ်မှ မရှိတဲ့အလုပ်ကို မလုပ်စေချင်ဘူး ... ရောင်နီကျော်က သူ့မိဘချမ်းသာမှု သူ့ဆရာဝန်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ဖိပြီး အသည်းအသန် ကြိုးစားနေတာနော် ... "

"အင်းလေ ... ဒါပေမဲ့ ငါလည်း မတတ်နိုင်တော့ဘူး ... ငါချစ်သူကို ပိုင်ဆိုင်ခွင့်ရဖို့တော့ ကြိုးစားကြည့်ရတော့မှာပဲ"

"အေးပါ ... အဲဒါဆိုလည်း ငါမတားတော့ပါဘူး"

"ဟူး ... "

သူ ...

သက်ပြင်းမောကြီးပဲ ချပစ်လိုက်မိသည်။

"ငါ ... သူ့ကို အရမ်းချစ်နေမိပြီ ... "

ကြွေကြွေကွဲကွဲလေး ပြောလိုက်မိတာပါ။ သူမက သူ့ဘယ်လိုမှငြင်းပယ်၍ မရနိုင်အောင် သူ့နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာလေးကို တိုးဝင်သွားခဲ့လေပြီ။

နူးညံ့ညင်သာတဲ့ သူမရဲ့ခြေလှမ်းလေးတွေကိုကအစ သူ တပ်မက်နေမိခဲ့တာပါ။

အဲဒီအချိန်မှာ ...

အခန်းထဲမှာ တစ်ယောက်ထဲထိုင်ပြီး စိတ်အညစ်ကြီးညစ်နေရတဲ့သူကတော့ ပိုးခေမာရယ်ပါ။

အိုအေစစ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ထုတ်က



www.burmeseclassic.com

www.burmeseclassic.com



သူမကို ဒုက္ခကောင်းကောင်းကြီး ပေးနေပြီ။

ဖုန်းမြည်လာလို့ ...

သူ့ဆီကများလား မှတ်ပါတယ်။

"ကျွန်တော် ကားပစ္စည်းမှာချင်လို့ပါဆိုပြီး ဖုန်းထဲကနေ ဘာတွေမှာနေမှန်းမသိ ... ဘာပြန်ပြောရမှန်းမသိလို့ ဖုန်းမှားနေပါတယ် ပြောတော့လည်း ဒီနံပါတ်ကိုပဲ ထပ်ဆက်နေလို့ နောက်ဆုံး ဖုန်းပိတ်ထားလိုက်ရသည့်အဖြစ်သို့ ရောက်သွားရသည်။

တော်သေးတာက ...

သူ့ဖုန်းထဲက အကျယ်ကြီးမဟုတ်ဘဲ ငှက်မြည်သံခပ်တိုးတိုး လေးသာ။

တော်တော်ဆိုးတဲ့ အိုအေစစ်။

ဘယ်လိုလုပ်ရမလဲ။

ဒီဖုန်းရှုပ်လို့ အခန်းထဲကလည်း မထွက်နိုင်။ သူ့ဆီက ဆက် သွယ်လာရင် မသိလိုက်မိမှာလည်း စိုးရသေးသည်လေ။

ဒီဖုန်းလေး သူမအခန်းထဲရှိနေတာကိုက သူမကို စိတ်မလုံ မလဲဖြစ်စေသည်။

မဖြစ်သေးပါဘူး ...

သူ့ကို ပြန်ပေးကိုပေးမှဖြစ်မှာပါ။

"ဒေါက် ... ဒေါက် ... "

"ခေမာ ... အခန်းမီးတွေ ပွင့်နေပါလား ... မအိပ်သေးဘူး လား ခေမာ ... "





အပြင်က မေမေ့အသံကြောင့် သူမ လန့်ဖျန့်သွားရသည်။ ဟုတ်ပါရဲ့ ... ညဆယ်နာရီခွဲနေပြီ။ ခုချိန်ထိ သူမ မအိပ်သေးတော့ မေမေ သတိပေးရပြီပေါ့။ တော်ပါသေးရဲ့ ... မေမေက အခန်းထဲ ဝင်မလာပေလို့။

"ဟုတ်ကဲ့ မေမေ ... သမီး စာဖတ်နေလို့ပါ ... အခုပဲ အိပ် တော့မှာပါ မေမေ ... "

"စောစောအိပ်တော့ သမီး ... တော်ကြာ မနက်စောစော မထနိုင်ဘဲနေမယ်"

"ဟုတ် ... မေမေ ... "

သူမ ...

ကမန်းကတန်း မီးခလုတ်လေးကိုပိတ်ပြီး အိပ်ရာထဲလှဲချပစ် လိုက်ရသည်။ ခေါင်းအုံးအောက်မှာရှိနေတဲ့ သူ့ဟန်းဖုန်းလေးကို အသာလေးလျှိုပြီး နှိုက်လိုက်သည်။

ပိတ်ထားတဲ့ ပါဝါခလုတ်ကလေးကို အသာဖိပြီး ဖုန်းကိုပြန် ဖွင့်ထားလိုက်သည်။

ထိုစဉ် ...

ငှက်မြည်သံ တိုးတိုးလေးက ဖုန်းကလေးဆီမှ ထွက်လာ သည်။ ရုတ်တရက်ဖြစ်၍ သူမပင် လန့်သွားရသည်။ ဖွင့်ပြီး နား ထောင်လိုက်တော့ ...

"ပိုးခေမာ ... အိပ်နေပြီလားဟင် ... ကိုယ် အိုအေစစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဖုန်းဆက်နေတာကြာပြီ ... ဖုန်းပိတ်ထားတာလားဟင်"

သူ ...

အိုအေစစ်ဆိုတဲ့လူပဲ။ ဖုန်းခေါ်နေတာ ကြာပြီတဲ့။

"ရှင် ... ရှင် တော်တော့် ဒုက္ခပေးတာပဲ အိုအေစစ် ... ဘာလို့ ခုလိုလုပ်ရတာလဲ ... တစ်နေ့လုံး ကျွန်မ ရှင့်ဆီဆက်သမျှ ဖုန်းတွေကို ပြန်ဖြေရှင်းနေရတယ် ... စိတ်ရှုပ်လွန်းလို့ စက်ပိတ်ထားလိုက်တာ၊ အခုမှ ပြန်ဖွင့်လိုက်တာ ... "

"ပိုးခေမာက ကိုယ်ဆက်မယ်ဆိုတာ သိနေလို့လား"

အံမယ် ...

ဒါက ဘာစကားလဲ။

"ဟုတ်တယ်လေ ... ဒါ ရှင်အစောကြီးထဲက စီစဉ်ထားတဲ့ ကိစ္စပဲ မဟုတ်လား ... "

"ကိုယ် မင်းနဲ့စကားပြောချင်လွန်းလို့ပါ ပိုးခေမာ ... "

"ဒီမှာ ... ဘယ်သူက ရှင်နဲ့စကားပြောမယ်ထင်ပြီး အခုလို လုပ်ရတာလဲ ... ရှင်ဟာလေ အမြဲတဖွတ်ထိုးနိုင်လွန်းတယ်၊ လူ တစ်ဖက်သား ဘယ်လောက်အခက်အခဲဖြစ်သွားမလား ရှင်တစက် လေးမှ မတွေးဘူးလား ... "

သူမ ...

ခပ်တိုးတိုးလေးအော်တော့ သူ့အသံလေး ခေတ္တတိတ်ဆိတ် သွားလေသည်။





"တောင်းပန်ပါတယ် ပိုးခေမာ ... ကိုယ် မင်းကိုစိတ်ရှုပ်စေ ဖို့ မရည်ရွယ်ပါဘူး ... အဲဒါတော့ ယုံကြည်ပေးပါ၊ ကိုယ် ... မင်းကို"

"ဒီမှာ ... ရှင် အပိုတွေလာပြောမနေနဲ့ ... ရှင်သိထားဖို့က ရှင့်ရဲ့ဖုန်းအလာကို ကျွန်မ စောင့်နေတယ်ဆိုတာက ခုချိန်ကစပြီး ရှင့်ရဲ့ဖုန်းကို စက်ပိတ်ပြီး လွှင့်ပစ်တော့မယ်ဆိုတာ အသိပေးချင်လို့ ပဲ"

"ပိုးခေမာ ... "

"ဒီမှာ အိုအေစစ် ... ရှင်က ကျွန်မကို ဘယ်လိုထင်ထားလဲ ယောကျ်ားတစ်ယောက် အလွယ်တကူ ရင်းနှီးလို့ရမယ့် မိန်းမတစ် ယောက်လို့ သတ်မှတ်ထားလား ... "

"ကိုယ် ... "

"ရှင်ပြောချင်တိုင်း နားထောင်ပေးနေမယ့် မိန်းမ တစ် ယောက်လို့ ခပ်ပေါ့ပေါ့တွေးထားတာလား ... ဒါဆို ရှင်မှားနေပြီ၊ ကျွန်မ ရှင့်လိုလူကို ဘယ်တော့မှ မပတ်သက်ချင်ဘူးဆိုတာ ရှင်မြဲမြဲ မှတ်ထားပါ ... "

ပြောပြီးသည်နှင့် သူမ ဖုန်းလေးကို စက်ပိတ်ပစ်လိုက်သည်။

ဒီလူ ...

အခုမှတွေ့ အခုချက်ချင်း ချဉ်းကပ်ဖို့ သူပဲစဉ်းစားဝံ့တယ်။

သူမ ...

စိတ်တွေကို တင်းပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စတွေ့တဲ့အချိန်ကစပြီး ခုချိန်ထိ သူမရဲ့စိတ်တွေကို အေးချမ်းမနေစေတာကတော့ အမှန်ပါပဲ။ အမြဲတမ်း ... သူ့ကြောင့် စိတ်ထဲမှာ တစ်ခုခု ထင်ကျန်နေတတ်၏။

ဒါကိုပဲ ...

သူမ မုန်းတီးနေမိတာပါ။

ရောင်နီကျော် ...

မေမေတို့က ဘယ်လောက်ပဲ ရောင်နီကျော်နှင့်နီးစပ်အောင် ကြိုးစားကြပေမယ့် သူမစိတ်ထဲမှာတော့ သာမန်သူငယ်ချင်းတစ်ယောက်ထက် ပိုခံစားလို့မရ။

သူမ ...

သူမ စိတ်ထဲမှာရှိတာက ...

ဟူး ...

သူမ အိပ်နေရင်းက ခေါင်းလေးကိုခါယမ်းပစ်လိုက်မိသည်။

အိုအေစစ်ဆိုတဲ့လူ ...

သူမကို အထင်သေးမှာစိုး၍သာ ခပ်တင်းတင်းလေး မာနနှင့်ဆက်ဆံပြလိုက်ရတာပါ။

တကယ်လို့ ...

သူသာ ဖုန်းထပ်မဆက်ခဲ့ရင် ...

မာနကြီးတယ်ထင်ပြီး မဆက်သွယ်ဘဲနေတော့ရင် ...

အို ...

ဖိုးလပြည့်စာပေ



ဘာလို့ ဒီအတွေးတွေ တွေးနေရတာလဲ။

သူမ ...

ဒီလူကို မေ့ကိုမေ့ပစ်ရမှာပါ။

ဟုတ်တယ် ...

သူမ မေ့ပစ်ဖို့ပဲ ကြိုးစားဖို့ ဆုံးဖြတ်လိုက်မိတော့၏။

၀၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

အရင်ကလို လန်းဆန်းမနေသော စိတ်ကလေးကိုကြိတ်ဖြီး ကြိမ်ဆဲပစ်လိုက်ချင်သည်။ သူ့ကိုပြောထားသလို ဖုန်းကို လွှင့်မပစ်မိသေးသော သူမရဲ့အဖြစ်ကိုလည်း အံ့သြနေမိသည်။

ထူးဆန်းလိုက်တာ ...

"ခေမာ ... သမီး ကျောင်းသွားဖို့သင့်ပြီလေ ... မဆင်းလာသေးဘူးလား ... "

မေမေ့အသံကြောင့် လက်ထဲကိုင်ထားမိတဲ့ အိုအေစစ် ပေးထားတဲ့ ဖုန်းကလေးကို အဝတ်ဗီရိုထဲသို့ ကမန်းကတန်း ပစ်ထည့်ခဲ့ရသည်။ သော့ကိုလည်း သေချာပိတ်ခဲ့ရသေး၏။

"ဖြီးဖြီ မေမေ ... သမီး ခုပဲလာတော့မလို့ ... "

သိပ်ပြီး တွေတွေဝေဝေ စဉ်းစားမနေတော့ဘဲ သူမလွယ်အိတ်ကလေးကိုယူကာ အောက်သို့ ဆင်းခဲ့ရသည်။

ဒီထက်ကြာနေရင် ...





မေမေက အပေါ်တက်လာတော့မှာ။

တော်ပါသေးရဲ့ ...

ပို့ပို့က နှုတ်လုံပေလို့သာ မေမေတို့ မရိပ်မိကြသေးတာ ပို့ပို့ကို ကျေးဇူးတင်ရမည်။

မဟုတ်ရင် ... သူမ မလွယ်။

"မမလေး ... "

ပို့ပို့ ...

လှေကားထစ်မှဆင်းလာသော သူမကို အောက်အရောက်တွင် ခပ်တိုးတိုးလေး လှမ်းခေါ်သည်။ မျက်စိမျက်နှာပျက်နေသော ပို့ပို့ကိုကြည့်ပြီး သူမ ထိတ်ခနဲ ဖြစ်သွားရ၏။

"ဘာလဲ ပို့ပို့ ... "

"ဟို ... ဟို ... "

"ဘာလဲဟဲ့ ... တဟိုဟိုနဲ့ ... ပြောမှာသာမြန်မြန်ပြော၊ ဟိုမှာ မေမေက စောင့်နေပြီ ... "

"ဟိုနေ့က အစ်ကိုလားမသိဘူး ... ခြံရှေ့မလှမ်းမကမ်းမှာ တွေ့လိုက်တယ်"

"ဘာ ... "

ရင်ထဲ ထိတ်ခနဲ ဆောင့်ခုန်သွားရသည်။

"ပို့ပို့ ... ခြံတံခါးဖွင့်ရင်း တွေ့လိုက်တာ မမလေး ... ဟုတ်ပါတယ် အဲဒီအစ်ကိုပါပဲ ... "

ဟင် ...



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ ...

"သေချာရဲ့လား ပုံ့ပုံ့ရယ် ... "

"သေချာတာပေါ့ မမလေးရယ် ... အဲဒီလောက်ချောပြီး ယောက်ျားပီသတဲ့သူကို ပုံ့ပုံ့ ဘယ်မေ့ပါ့မလဲ"

"အရေးထဲ ... "

"ဆိုးတော့မဆိုးဘူး မမလေးရဲ့ ... "

"ဟာ ... ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ မသိဘူး"

"သမီးရေ ... "

"ဟော ... မေမေခေါ်နေပြီ ... ပုံ့ပုံ့ ဘယ်သူ့မှ သွားမပြောနဲ့နော် ကြားလား ... "

"ဟုတ် ... "

"ခေမာ ခုထိမလာသေးဘူးလား"

မေမေက ကားထဲရောက်နေပြီ။

သူမ ဆက်နေလို့မရတော့သဖြင့် ခပ်သုတ်သုတ်ကလေး အပြင်သို့ လျှောက်ခဲ့သည်။

"ကြာလိုက်တာ သမီးရယ် ... ဘာတွေလုပ်နေတာလဲ"

"ဟိုလေ ... သမီးဖိနပ်ကို မသုတ်ရသေးဘူးဆိုလို့ စောင့်နေရတာ"

"လာ ... လာ ... ကားပေါ်တက်တော့ ... "

မေမေက အကြည့်စူးစူးတွေနှင့်မေးတော့ သူမ စိတ်ကမလုံ





ချင်။ ဒါ ... သူမ မေမေ့ကို ပထမဆုံးလိမ်ဖူးခြင်းပါပဲ။

အဲဒါ ...

ရှင့်ကြောင့် ... သိလား ... အိုအေစစ်။

ခြံထဲကအထွက်မှာ သူမ မျက်ဝန်းတွေက ဘေးဘီကိုမသိမသာလေးဝေ့ပြီး ကြည့်လိုက်မိသည်။

သူ ...

အနီရောင် ပြိုင်ကားလေးကိုမှီပြီး ရပ်နေသည်။ သူမတို့ကား ထွက်လာတာကို စူးရှတဲ့မျက်ဝန်းတွေနှင့် လိုက်ကြည့်နေသည်။

ဘုရားရေ ...

ဒီလူ တော်တော်အတင့်ရဲတာပဲ။

ဒုက္ခပါပဲ ...

သူ့ကို မေမေတွေ့ပြီး ပြန်မှတ်မိသွားမှာကို စိုးရိမ်နေမိသည်။ ခုံရဲတရဲ မေမေ့ကို အကဲခတ်ကြည့်တော့ မေမေက သူ့ကိုမြင်ပေမယ့် မှတ်မိပုံမရ။

"ဦးလေး ... ကားကိုခပ်မြန်မြန်လေးမောင်းပေးနော်၊ ဒီနေ့ ကျောင်းမှာ ပရက်တီကယ်ရှိလို့ ... "

မေမေ သူ့ကိုသေချာမမြင်အောင် သူမ ကိုယ်လုံးလေးနဲ့ရှေ့ ကိုကွယ်ပြီး ဒရိုင်ဘာ ဦးထွန်းကို ပြောလိုက်ရခြင်း ဖြစ်သည်။

"ဟွန်း ... ခုမှ လာလောနေတယ် ... သူပြင်ဆင်နေတာ ကြာနေပြီးတော့များ ... ကိုထွန်း မလောနဲ့၊ ဖြည်းဖြည်းနဲ့ပဲ့ုန် မောင်း ... အန္တရာယ်ဖြစ်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူမကို မျက်စောင်းလေးထိုးရင်း ကားမောင်းနေတဲ့ ဦးထွန်းအား လှမ်းမှာလေ၏။

ဟူး ...

သူမ ...

သက်ပြင်းမောလေးပဲ မသိမသာ ချလိုက်မိ၏။

မေမေ ... သူ့ကို မမှတ်မိတာပဲ တော်ပါသေးသည်။ ဒီလု ခြံရှေ့ထိရောက်လာပြီး ဒီလောက်ထိ အတင့်ရဲတာတော့ မကောင်း ပါဘူး။

စိတ်မောလိုက်တာ။

ခုန်နေတဲ့ရင်က ခုထိ မငြိမ်ချင်သေး။

အိုအေစစ်ရယ် ...

ရှင့်ရဲ့အတင့်ရဲပြီး တစွတ်ထိုးလုပ်တတ်တဲ့အကျင့်တွေ ကြောင့် ခက်တော့တာပဲ။ မေမေသာ မှတ်မိပြီး သတိထားမိသွား ရင် ပြဿနာတွေ ဘယ်လောက်တက်ကုန်မယ်ဆိုတာ ရှင်နည်း နည်းလေးမှ မစဉ်းစားမိဘူးလား။

ပြီးတော့ ...

ခြံရှေ့လာရပ်နေတော့ မေမေ ကျွန်မကို ဘယ်လောက် အထင်လွဲလိုက်မလဲ။

"ကိုထွန်း ... ကျွန်မကြည့်နေတာကြာပြီ ... အနောက်က ဖြူင်ကားလေးက ကျွန်မတို့နောက်ကို လိုက်နေသလိုပဲ"

ဟင် ...





မေမေ့စကားသံကြောင့် မှိတ်ထားတဲ့ သူမမျက်လုံးလေးတွေ ချက်ခနဲ ပွင့်သွားရသည်။ ခေါင်းကလည်း ချာခနဲနေအောင် အနောက်သို့ လှည့်ကြည့်လိုက်မိသည်။

မြတ်စွာဘုရား ...

သူ ...

သူ ... အိုအေစစ် ...

သေချင်လိုက်တာ။ မေမေတောင် သတိထားမိသွားပြီ။ ဒုက္ခ တော့ ရောက်တော့မှာပဲ။

"နေပါဦး ... ဒီကားက ခုနက ခြံရှေ့မှာရပ်ထားတဲ့ကားပဲ မှတ်လား"

မေမေ့မျက်ဝန်းတွေက သူမဆီ ဆတ်ခနဲရောက်လာသည်။ မယုံသင်္ကာ အကြည့်တွေနှင့် မေမေက သူမကိုကြည့်နေ၏။

"လမ်းချင်းတူနေလို့ဖြစ်မှာပါ မေမေရယ်"

မေမေ့မျက်ဝန်းတွေကိုရှောင်ပြီး ဆင်ခြေပေးလိုက်ရပေမယ့် သူမအသံတွေက မသိမသာလေး တုန်ချင်နေရသည်။ ချွေးတွေပင် စို့ချင်သလိုလို။

ရင်ထဲမှာတော့ ...

ဒေါသတွေပဲ ကြွတ်ပြီးထွက်နေသည်။

သူ ...

တော်တော်ပြဿနာရှာတာပဲ။

မလိုက်ပါနဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟော … တွေ့သွားပြီ၊ တော်သေးတာပေါ့ … မေမေက ဒီကားနောက်ကလိုက်လာလို့ ခေမာ့ကိုတောင် မသက်ာချင်သလို ဖြစ်နေတာ"

အမလေး …

ခုမှပဲ အသက်ရှဲရဲ ရှူရဲတော့တယ်။

မေမေ့အသံက ခုနလိုတင်းမာမနေဘဲ လျော့သွားတာမို့ တော်သေးသည်။ သူမ အခုမှပဲ ပေါ့ပေါ့ပါးပါး ပြုံးလိုက်နိုင်တော့၏။

"မေမေကတော့လေ … သမီးဘယ်တုန်းက အမှားလုပ်ဖူးလို့လဲ ဒီလောက်တောင် လူကိုမယုံသင်္ကာနဲ့စောင့်ကြည့်နေတာ"

"အဟင်းဟင်း … အမှားမလုပ်ဘူးလို့ ပိုပြီးစိတ်မချတာပေါ့ သမီးရယ် … မှားသွားမှာစိုးရိမ်လို့ပေါ့ … သမီးက လောကကြီး အကြောင်း သိမှမသိသေးတာ"

မေမေရယ် …

မှားသွားမှာစိုးရိမ်လို့တဲ့လား။

"သမီးဘဝလေး သာယာလှပစေချင်လို့ ခုလိုလိုက်ပြီး ထိန်းသိမ်းနေရတာပေါ့ ခေမာ … "

မေမေ …

ထိန်းသိမ်းတာလား ထိန်းချုပ်တာလားဟင်။

မေမေ့ရဲ့စေတနာကို နားလည်ပေးမယ့် ခေမာလေး။ လက်ရှိ ဘဝကို အရမ်းငြီးငွေ့တာပဲ။ ခေမာ မပျော်ဘူးမေမေ။ ရွှေပုံပေါ်မှာ ရုံရွှေတော်တွေနဲ့ ဆီဦးထောပတ် စားနေရပေမယ့် ခေမာလေ အဲဒီ





ဘဝကို ခဏမေ့ထားလိုက်ချင်တယ်"

သူမ အသက်အရွယ်နဲ့ …

တခြားသက်တူရွယ်တူတွေလို လွတ်လွတ်လပ်လပ်နေချင်တယ်။ ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ရယ်မောနေကြတဲ့ တခြားသူတွေမြင်ရင် ခေမာ အရမ်းအားကျမိတယ်။

ဒါပေမဲ့ …

ဒါတွေကလည်း သူမရဲ့စိတ်ကူးသက်သက်ပါပဲ။ သူမမှာ ဖေဖေနဲ့မေမေရဲ့ တင်းကျပ်တဲ့ အုပ်ချုပ်မှုကို မလွန်ဆန်ရဲပါ။

"သမီး ကျောင်းရောက်နေပြီလေ"

ဘယ်လောက်တောင် အတွေးတွေ ပျံ့လွင့်နေမိမှန်းမသိ။ ကျောင်းရောက်ပြီဆိုတာတောင် သူမ သတိမထားမိရလောက် အောင်ပင်။ ဘေးကမေမေက သတိပေးလိုက်မှပင် သူမ အသိပြန်ဝင်လာရသည်။

"ကဲ … ဘာတွေ ဒီလောက်တောင်တွေးလာရလဲ ခေမာ"

"အဟင့် … မေမေနဲ့ဖေဖေ အကြောင်းပါ"

သူမရဲ့အဖြေကြောင့် မေမေ ကျေနပ်သွားဟန်ရှိသည်။

"ဘာအကြောင်းလဲ သမီးရဲ့ … "

"ဪ … မေမေတို့က ခေမာ့ကို သိပ်ချစ်ကြတယ်လို့တွေးမိတာပါ"

မေမေက ခေါင်းကလေးညိတ်ပြီး …

"ဒါပေါ့ သမီးရဲ့ … သိပ်ချစ်ကြတာပေါ့၊ အဲဒါ ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



သိလား ... ”

မေမေရဲ့ ရုတ်တရက်မေးခွန်းကို ဘာပြန်ဖြေရမှန်းမသိခင်မှာပဲ မေမေက သူ့ဘာသူ ပြန်ဖြေလေသည်။

“ဘာလို့လဲဆိုတော့ ပိုးခေမာဆိုတာ မေမေတို့ရဲ့သမီးလေး ဖြစ်နေလို့ပဲ ... လောကမှာ ဘယ်မိဘတိုင်းမဆို ကိုယ့်သားသမီးနဲ့ ယှဉ်လာတိုင်း ကိုယ့်သားသမီးဘက်ကပဲ မှားမှားမှန်မှန် ရပ်တည်ပေးချင်ကြတယ် ... ကိုယ့်သားသမီးကို ကိုယ့်အသက်ထက်ပိုချစ်ကြတယ် ... ဘာလို့လဲဆိုတော့ ကိုယ်က မိဘဖြစ်နေလို့ပေါ့ ... ဒါကို တစ်နေ့ သမီးနားလည်လာပါလိမ့်မယ် ... ”

ဟင့်အင်း ...

ခေမာ အခု အဲဒါကို နားမလည်ချင်သေးဘူးမေမေ။

ခေမာ သိတာက ...

ဖေဖေနဲ့မေမေရဲ့အချစ်မှာ ခေမာ မွန်းကြပ်ရတယ်ဆိုတာကိုပဲ။

ဒါပေမဲ့ ...

ခေမာလေ ...

ဖေဖေနဲ့မေမေ့ကိုလည်း မလွန်ဆန်ချင်ပါဘူး။

ဘာလို့လဲဆိုတော့ ခေမာလည်း ဖေဖေနဲ့မေမေ့ကို အရမ်းချစ်နေလို့ပဲပေါ့ မေမေရယ်။

အခန်း ( ၇ )

“ခေမာ”

“ဟင် ... ”

“ဟိုလူ အတန်းရှေ့ကနေ ခေမာ့ကို စိုက်ကြည့်နေတာ တော်တော်ကြာနေပြီနော် ... ”

ဟင် ...

နဘေးက သူငယ်ချင်း သတိပေးမှပဲ သူမ အခန်းအပြင်ဘက်သို့ သတိထားပြီး လှည့်ကြည့်လိုက်မိသည်။

ဘုရားရေ ...

ဒီလူ ...

လုပ်လာပြန်ပြီ။

ခပ်တည်တည်နဲ့ လက်ကလေးပိုက်ပြီး သူမကို စိုက်ကြည့်နေတဲ့ အိုအေစစ်။ စူးရဲတဲ့သူ့မျက်ဝန်းတွေကြောင့် ခေမာ့ရင်တွေ ခုန်သွားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူမ နှုတ်ခမ်းလေးတွေ စူထော်သွားရပြီး မျက်နှာလေးကို ချာခနဲ ပြန်လှည့်ပစ်လိုက်မိသည်။

မကျေနပ်ပါဘူး ...

သူလုပ်နေတာတွေကြောင့် လူတစ်ယောက် ဘယ်လောက်ပင် စိတ်ဒုက္ခရောက်ပြီး ကျဉ်းထဲကျပ်ထဲ ရောက်မလည်းဆိုတာကို နည်းနည်းလေးတောင် မစဉ်းစားပေးတဲ့လူ။

မနေ့ကလည်း ခေမာ့ကားနောက်ကနေ လိုက်လာလို့ မေမေတောင် တစ်မျိုးထင်သွားသည်။ အခုလည်း အတန်းရှေ့မှာ ရပ်နေတာ အကြာကြီးပဲ။

"မိုက်တယ်နော် ... ကိုရီးယားမင်းသားနဲ့တူတယ်၊ မုတ်ဆိတ်မွေးတွေက ရိတ်ထားကာစမို့ထင်တယ် စိမ်းနေတာပဲ"

"အေးဟယ် ... မျက်လုံးနက်နက်တွေနဲ့ ကြည့်နေတာကိုက ရင်ခုန်ချင်စရာကောင်းလိုက်တာ ... ဘယ်သူ့ကိုများ လာကြည့်နေပါလိမ့် ... ငါ့ကိုသာဆိုရင်တော့ ထောပြီပဲ ... "

"ဆုတောင်းလေ ... နင့်ရုပ်ကိုများ အဲလိုလာကြည့်မှာ"

သူမရှေ့ခုံက ကောင်မလေးနှစ်ယောက် ခပ်တိုးတိုးစကား တွတ်ထိုးနေသံကို ကြားနေရ၏။

"သူ့အသားက ဖြူတာမဟုတ်ဘူးဟဲ့ ... သူက ရွှေဝါရောင်ဘက် နည်းနည်းသန်းတယ်"





"နင် စာသင်မှာလား ... စကားများမှာလား၊ ငမ်းကြောထူမှာလား စု ... "

"အဟဲ ... အကုန်တစ်ပြိုင်ထဲ လုပ်မှာပေါ့ဟ ... "

"နင့်မျက်လုံးတွေ ဒီဘက်ကိုလှည့်တော့ ... "

စုရဲ့ဘေးမှာထိုင်နေတဲ့ ဇင်ဝေထွန်းက အမြင်ကတ်သလို မျက်စောင်းကလေးထိုးပြီး လေသံမာမာကလေးနဲ့ပြောက်တော့ စက်ကလေးပုဝင်ပြီး ငြိမ်သက်သွားသည်။

ဒါတောင် စုက ...

"အရပ်ကလည်း မြင့်လိုက်တာ ... ငါနဲ့သာဆိုရင် (it) ဖြစ်နေမှာ သေချာတယ် ... "

"စု ... "

"အေးပါဟာ ... "

စုဆိုတဲ့ ကောင်မလေး ငြိမ်သက်သွားတော့သည်။

သူမ လှည့်မကြည့်ချင်ပါ။

စု ပြောသလိုပဲ သူ့ရဲ့ ညို့မျက်ဝန်းနက်နက်လေးများနှင့် ရင်ဆိုင်ဆုံတွေ့ရမှာ ကြောက်နေမိသည်။

အချိန်ကြာလာသည်နှင့်အမျှ သူ့ကို လူတော်တော်များများ က သတိပြုမိလာကြသည်။

"သနားပါတယ်ဟယ် ... ဘယ်သူ့ကို လာကြည့်တာလဲမသိဘူး ... ခုလောက်ရပ်နေရတာ ခြေထောက်မညောင်းဘူးလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ဖွဲ့ကောင်းတဲ့သူပဲ ..."

"ဟဲ့ ... ဘယ်သူလဲဆိုတာ အတိအကျ သွားမေးကြည့်ရအောင် ... ကြာရင် အတန်းထဲက ကောင်မလေးအကုန် ရင်ခုန်ရလွန်းလို့ သေသွားနိုင်တယ်"

တစ်ယောက်တစ်ပေါက်နဲ့ အခန်းထဲမှာ ကျွတ်စီကျွတ်စီ အသံတွေ ထွက်လာသည်။ သူမ ဘယ်လိုဆက်လုပ်ရမယ် မသိတော့။ သူမဆီလာတယ်ဆိုတာ အားလုံးကရိပ်မိနေကြတော့ သူမကိုလည်း ကွက်ကြည့် ကွက်ကြည့် လုပ်နေကြသည်။

"ခေမာ ... နင် သူ့ကိုတစ်ခုခုတော့ သွားပြောဖို့ကောင်းတယ်ထင်တယ်နော်"

"ဟင့်အင်း ... ခေမာ မသွားရဲဘူး ... ခေမာသွားလိုက်ရင် အားလုံးက ထင်ထားသလို ဟုတ်တယ်လို့ ထင်ကြမှာပေါ့ ..."

"ဒါပေမဲ့ ... သူရပ်နေတာ တော်တော်ကြာနေပြီ"

သူ အခုထိမသွားသေး။

"ဘယ်သူ ဒဏ်ပေးထားတာလည်း မသိဘူး"

ကောင်လေးတစ်ချို့ပင် အသံထွက်စပြုလာပြီ။

သူမ ...

ဘယ်လိုမှ ဆက်နေလို့မရတော့။ ထိုင်နေရာမှ ထရပ်ကာ သူငယ်ချင်းဖြစ်တဲ့ စုဝေကိုခေါ်ပြီး နေရာမှထွက်ခဲ့သည်။ အတန်းအပြင်သို့ သူမထွက်လိုက်သည့်အခါ အားလုံးရဲ့အကြည့်တွေက စိတ်ဝင်တစား ကပ်ပါလာကြသည်။





အိုအေစစ် တစ်ယောက် ပိုးခေမာ အပြင်ထွက်လာတာကို တွေ့ရသဖြင့် ဝမ်းသာသွားသည်။

ခေမာ ...

သူမ အရမ်းလှတာပဲ။

ခပ်ရိုးရိုး ဝမ်းဆက်လေးတွေနှင့်သာ တွေ့ရတတ်ပေမယ့် ခေမာ့ပုံစံက ရိုးအီမနေပါ။ ခပ်သွယ်သွယ် ကိုယ်ဟန်အနေအထားလေးနှင့် ခပ်မြင့်မြင့် အရပ်အမောင်းက အလွန်လိုက်ဖက်ပြေပြစ်နေ၏။

ခေမာက ခပ်ရိုးရိုးလေးဝတ်ပေမယ့် တခြားကောင်မလေးတွေကြားမှာတော့ သူမရဲ့အလှက ထင်းနေတာပါပဲ။

သူမ ...

သူ ခုလိုရပ်ကြည့်နေတာကို ကျေနပ်ပုံမရ။ နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ပြီး သူမရဲ့သူငယ်ချင်းတစ်ယောက်နဲ့ သူ့ရှေ့က ဖြတ်လျှောက်သွားသည်။

သူ့ကို တစ်စက်လေးတောင် လှည့်မကြည့်သွား။

သူ ... သူမ နောက်ကို လိုက်ဖို့ပြင်လိုက်တော့ ...

"အား ... အား ..."

အချိန်အကြာကြီး ရပ်ထားတဲ့ခြေထောက်တွေ ဘယ်လောက်ထုံကျင်နေလည်းဆိုတာ ခုမှပင် သူသတိထားမိတော့သည်။

သွားပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေက ဘယ်လိုမှ ရွေ့မရ ... ထုံကျင်နေတဲ့ခြေထောက်တွေကိုထိုင်ပြီး သူ ... သူမထွက်သွားတာကို ငေးကြည့်နေမိသည်။

တခြားကျောင်းသူ ကျောင်းသားတွေက သူဘာဖြစ်တယ်ဆိုတာ ရိပ်မိပြီး ကြိတ်ရယ်နေကြ၏။

တောက် ...

ဆိုးလိုက်တာကွာ။

ခြေထောက်က ရွေ့လျားဖို့တောင် မနည်းအားတင်းထားနေရသည်။

သူမ ...

ကျေနပ်ပုံမရမှန်းတော့ သူသိပါသည်။

ခေမာ ...

ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်သွားရပြီနော်။

တောင်းပန်ပါတယ် ခေမာရယ် ...

ဖဖ



အခန်း ( ၈ )

"ခေမာ"

"ဟင် ... ရှင် ... ရှင် ... "

"ကား လာမကြိုသေးဘူးလား ခေမာ ... ဒီနေ့နောက်ကျအယ်နော်"

နဘေးမှာလာရပ်ပြီး သူက အလွန်ရင်းနှီးခင်မင်နေသောအသံကလေးသုံးကာ ခပ်အေးအေးပဲ စကားပြောလာခဲ့သည်။

သူမ လန့်သွားမိတာက အတန်းထဲကသူငယ်ချင်းတချို့သူမကိုစိတ်ဝင်တစားလှမ်းပြီး အကဲခတ်သလို ကြည့်နေကြတာမို့ပင် သူမ ရင်တွေခုန်သွားရသည်။

"ခေမာ ... "

"ကျေးဇူးပြုပြီး ရှင် ကျွန်မကို မနှောင့်ယှက်ပါနဲ့လား အိုအေဆ် ... ကျွန်မရဲ့ဂုဏ်သိက္ခာကို ရှင်ငဲ့ညှာပါ ... ကျွန်မကို ပတ်ဝန်းကျင်က တစ်မျိုးအထင်မခံနိုင်ဘူး ... ပြီးတော့ ရှင်သိအောင်ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ထားရဦးမယ် ... မကြာခင် ကျွန်မက ဒေါက်တာရောင်နီကျော်နဲ့ စေ့စပ်ရတော့မှာ ... ”

ဟင် ...

သူက အထိတ်တလန့် မျက်ဝန်းလေးတွေနှင့် သူမကိုလှမ်းကြည့်သည်။

“ခေမာရယ် ... ကိုယ် ခေမာကို ချစ်လွန်းလို့ ခေမာ့မျက်နှာလေးကို ကြည့်ခွင့်ရဖို့ ကြိုးစားမိတာကို ဘာလို့နှောင့်ယှက်တာလို့ စွတ်စွဲလိုက်ရတာလဲ ... ကိုယ် ခေမာ့သိက္ခာကျအောင် လုပ်နေတာမဟုတ်ပါဘူး ခေမာရယ် ... ခေမာ့မှာ ချစ်ရမယ့်သူရှိနေပြီဆိုတာ ကိုယ်သိပါတယ် ... အစစအရာရာ ကိုယ်နောက်ကျခဲ့ပြီဆိုတာလည်း နားလည်ပါတယ် ... ဒါပေမဲ့ ခေမာရယ် ... ခေမာ့ကိုချစ်နေမိတဲ့ ကိုယ့်နှလုံးသားကိုတော့ ကိုယ်ဘယ်လို ... ဘယ်လိုတားဆီးလို့ရမှာလဲ ... ”

သူ ...

သူ့ မျက်ဝန်းတွေက ညှိုးလျရီဝေလို့သွားသည်။ သူ့အသံတွေက အက်ကွဲဆို့နစ်နေ၏။

အို ...

ခေမာ ...

စကားပြောလွန်သွားပြီ။ သူကြည့်ရတာ အရှုံးခံစားသွားရသလိုပဲ။

“စိတ်ချပါခေမာ ... ကိုယ် ရောင်နီကျော်နဲ့မယှဉ်နိုင်ဘူးဆို





တာ သိပေမယ့် ခေမာ့ကိုချစ်တဲ့ အချစ်ကတော့ သူ့ထက်မလျော့ဘူးဆိုတာ ခေမာ သိထားပေးပါ။ ခေမာ့ဘဝမှာ တရားဝင်အရိပ်တစ်ခု မရသေးမချင်း ကိုယ် ခေမာ့ကို ခုလိုပဲငေးကြည့်နေမှာပါ။ အဲဒီအခွင့်အရေးလေးတော့ ကိုယ်ရသင့်ပါတယ် ခေမာရယ် ... ”

အိုအေစစ်ရယ် ...

ချစ်တိုက်ဖို့ အမြဲကြိုးစားခဲ့တဲ့ ရှင့်ရဲ့ပုံစံက အခုတော့ သိုးယ်လေးတစ်ကောင်လိုပဲ ငြိမ်သက်လှချည်လားကွယ် ... သူ့ကိုမော့ကြည့်ပြီး တစ်ခုခုကိုငြင်းပယ်ဖို့ ခေမာ ဘာလို့မကြိုးစားမိရတာလဲ။

“ဟော ... ဟိုမှာ ခေမာ့ကို လာကြိုပြီထင်တယ် ... ခေမာ သွားတော့နော် ... ”

သူက ခပ်အေးအေးပဲရပ်နေခဲ့ပြီး သူမကထွက်လာခဲ့လိုက်သည်။ တခြားကျောင်းသားတွေလည်း ရပ်နေကြသေးတာမို့ အိမ်က ခေမာနှင့် သူ့ကို ဘယ်လိုမှတစ်မျိုးမြင်စရာမရှိ။

“ခေမာ ... ”

သူမ ...

လှမ်းလက်စခြေလှမ်းတွေ ခေတ္တရပ်တန့်သွားရသည်။

“ကိုယ် ... ခေမာ့ကို ချစ်တယ် ... ”

အိုအေစစ် ...

ရှင် ...



www.burmeseclassic.com

www.burmeseclassic.com



ဘေးက တခြားသူတွေပါ ကြားသွားကျတာမို့ အံ့ဩထူးဆန်းပြီး အားကျသလို အကြည့်နှင့်ကြည့်နေကြ၏။

ရှက်လိုက်တာ ...

ကားလေးက သူမရှေ့ကိုထိုးရပ်လာသည်။ ကြည့်လိုက်တော့ ဖေဖေ လာကြိုတာပါ။

"သမီး ... ဖေဖေတို့ နည်းနည်းနောက်ကျ ... ဟင် ... မင်း ... မင်း ... "

ခေမာ့ကိုပြောနေရင်းမှ နဘေးနားက သူ့ဆီ ဖေဖေ့အကြည့်တွေ စူးခနဲ ကျရောက်သွားပြီး ဖေဖေက လက်ညှိုးကြီးထိုးကာ တအံ့တဩနှင့် သူ့ကို မှတ်မိသွားလေသည်။

"နေကောင်းတယ်နော် အန်ကယ် ... "

"တော်စမ်း ... အရိုင်းအစိုင်းကောင်ကများ ... ငါ့ကိုသက်သက်မဲ့ လာအရွဲ့တိုက်တာလား ... မင်း ငါ့ကို ဘာမှနှုတ်ဆက်စရာမလိုဘူး"

သူ ...

နှုတ်ဆိတ်ကာ ငြိမ်သက်နေသော်လည်း ဒေါသမပြေသောအဘိုးကြီးမျက်နှာက နီရဲတွတ်ကာ ခေမာ့ဆီသို့ အကြည့်တွေရွေ့သွားပြန်၏။

"ခေမာ ... နေစမ်းပါဦး ... ဒီကောင်က ကျောင်းသားတော့မဖြစ်လောက်ဘူး ... နင် ... ဒီကလေကချေကောင်နဲ့ ဘယ်တုန်းကစပြီး ရင်းနှီးနေတာလဲ"





"ဟင့်အင်း ... "

သူမ ခေါင်းလေးခါယမ်းကာ ငြင်းလိုက်သော်လည်း ဖေဖေက ယုံကြည်ဟန်မရှိချေ။

"မရင်းနှီးဘူး ဟုတ်လား ... ဖေဖေ့ကို မလိမ်နဲ့နော် သေချာတယ် ... ဇောဇောက သမီးဘေးနားမှာ ဒီကောင်ကပ်နေသလိုပဲ၊ ဟိုတ်ကောင် ... မင်း ဘာအကြံနဲ့ ငါ့သမီးနားကပ်နေရတာလဲ ... သမီး အဲဒီကောင်က ဖေဖေနဲ့ပြဿနာဖြစ်ခဲ့တဲ့ကောင်လေ ... သိပ်မိုက်ရိုင်းတဲ့ကောင် ... လူကြီးကိုတောင် ပမာမခန့် ပြန်ပြောရဲတယ်"

"မဟုတ်ဘူး အန်ကယ် ... အဲဒီနေ့က ... "

သူဖြေရှင်းဖို့ ကြိုးစားတာကို ခေမာ့ဖေဖေက လက်မခံ။

"မင်းဘာမှ လာရှင်းပြနေစရာမလိုဘူး ... မင်းလို အရိုင်းစိုင်းကောင်နဲ့လည်း ဘာမှပတ်သက်စရာအကြောင်း မရှိဘူး ... မင်း ခုထွက်သွားစမ်း ... "

သူသည် ...

ဖေဖေနှင့်ကိစ္စကို ခေမာ မသိသေးဘူးထင်ကာ ဖေဖေက ခုလို ခေမာ့ရှေ့မှာ အရှက်ကွဲပြီး အထင်မြင်အသေးခံရအောင် လုပ်လိုက်တာကို အရမ်းကို တုန်လှုပ်သွားပုံရသည်။

"ဖေဖေ ... ခေမာတို့သွားရအောင် ... လူတွေဝိုင်းကြည့်ကုန်ကြပြီ"

သူ ကြည့်နေမည်မှန်းသိသော်လည်း ကားမောင်းထွက်လာတဲ့အထိ ခေမာ သူ့ကို လှည့်မကြည့်ရဲခဲ့ပါ။ ဖေဖေ အထင်လွဲသွားမှာ



www.burmeseclassic.com

www.burmeseclassic.com



သူမ ကြောက်နေမိသည်။

သူ မသိသေးပါဘူး။

အခု သူ့ရဲ့လုပ်ရပ်ကြောင့် နောက်ရက်တွေကစပြီး သူမက ပိုမိုတင်းကျပ်တဲ့ဖိအားတွေ အနှောင်အဖွဲ့တွေအောက်မှာနေရတော့မယ်ဆိုတာကိုပါ။ ပိုမိုတင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ သူမကို ချည်နှောင်ထားကြတော့မှာပါ။

စိတ်ညစ်လိုက်တာနော် ...

"ဖေဖေတော့ မယုံနိုင်သေးဘူး မေမာ"

"ဘာကိုလဲ ဖေဖေရဲ့ ..."

"သမီးနဲ့ဒီကောင် မပတ်သက်ပါဘူးဆိုတာကိုလေ"

ကားမောင်းနေရင်းမှ မေမာ့ဆီသို့လှမ်းကြည့်ကာ ဖေဖေက မကျေမနပ် အစပြန်ဖော်လေသည်။

"မေမာ ... သူ့ကိုတကယ်မသိပါဘူးဖေဖေ ... သူကလည်း သူ့ဘာသာပဲရပ်နေတာပါ ... သမီး သူ့ကိုစိတ်လည်းမဝင်စားပါဘူး ဖေဖေ ထင်နေသလို သူကအကြံအစည်နဲ့ ချဉ်းကပ်လာတာဆိုရင်လည်း သမီးမှာ ဖေဖေတို့စီစဉ်နေတဲ့ ရောင်နီကျော် ရှိနေပြီးသားပဲ အဲဒီလောက်လည်း သမီးက အညာမလွယ်ပါဘူး ဖေဖေရယ် ..."

သူမရဲ့ဖြေရှင်းချက်ကို ဖေဖေက လက်ခံသော်လည်း ...

"ဒါပေမဲ့ ... ဒီကောင့်ကို ဖေဖေတို့သတိထားရတော့မယ်"

"ဖေဖေ ..."





သူမ အလန့်တကြား တားဆီးဖို့ဟန်ပြင်တော့ ...

"သမီးကိုယုံပေမယ့် သမီးကို ဒီကောင်နှောင့်ယှက်လိမ့်မယ် သူ့ကို ဖေဖေ စိတ်မချဘူး"

သွားပါပြီ။

သူမရဲ့ လွတ်လပ်ခွင့်တွေတော့ အိုအေစစ်ဆိုတဲ့ယောကျ်ား တစ်ယောက်ကြောင့် ဆုံးရှုံးရတော့မယ်ထင်ပါရဲ့။

အိမ်လည်းရောက်ရော ဖေဖေက မေမေ့ကိုပါ အသိပေးလိုက်၍ ပြဿနာက ပိုကြီးထွားသွားရသည်။

"အဲဒါကြောင့် ... ဟိုနေ့က မြို့ရှေ့မှာတွေ့လိုက်ရတော့ ဒီမျက်နှာ ဘယ်မှာမြင်ဖူးပါလိမ့်ဆိုပြီး စဉ်းစားနေတာ ... ကြည့်စမ်း ဒင်းဖြစ်နေတာကိုး ... သေချာတယ် ... ဒီကောင် မကျေနပ်လို့ တမင်ပြန်လုပ်တာ ... တကယ်ကြောက်ဖို့ကောင်းတဲ့ကောင်ပဲ"

မေမေတို့က သူတို့လိုရာဆွဲတွေးပြီး အလုပ်သမားတွေအပြင် ဖေဖေ့ကုမ္ပဏီက အလုပ်သမားတွေပါ မြို့ထဲမှာခေါ်ထားကြဖို့ စီစဉ်နေကြသည်။

သူမ ...

စိတ်ပျက်စွာဖြင့် အဲဒီနေရာကနေ ထလာခဲ့လိုက်သည်။

အိုအေစစ် ...

အဲဒါတွေအားလုံး ရှင့်ကြောင့်ပဲ သိလား။

ရှင့်ရဲ့မိုက်ရူးရဲဆန်တဲ့ လုပ်ရပ်တွေရဲ့ နောက်ဆုံးဆိုးကျိုးတွေကို ကျွန်မ ခံနေရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက် ... မမလေး ... မမလေး ... "

"ဟေ ... ဘယ်သူလဲ ... တံခါးဖွင့်ထားတယ် ... ဝင်ခဲ့"

"ပွံ့ပွံ့ ... မမလေး ... "

တံခါးကို ဖွင့်ကာဝင်လာရင်း ပွံ့ပွံ့က အသံပြုလေ၏။

"ပွံ့ပွံ့ ဘာကိစ္စလဲ"

"ဟိုလေ ... စာ ... စာ ... "

"ဘာစာလဲ ... "

ပွံ့ပွံ့က တံခါးကိုလော့ခ်ချပြီး အသံတုန်တုန်လေးနှင့် သူမဆီ ဝင်လာသည်။ မျက်လုံးလေးတွေက ပြူးဝိုင်းပြီး တစ်ခုခုကိုလူတွေ သိသွားမှာ ကြောက်နေသလိုပဲ။

"မမလေးကို စာပေးခိုင်းလိုက်လို့ ... "

"ဘာ ... "

"ဟိုလေ ... ပွံ့ပွံ့ အမှိုက်ကားလာလို့ အမှိုက်သွားသွန်တော့ အမှိုက်ကားမောင်းတဲ့သူက ပေးသွားတာ"

"ဟဲ့ ... အမှိုက်ကားမောင်းတဲ့သူက နင်ပေးတဲ့စာကို ဘာလို့ ငါ့လာပေးနေရတာလဲ"

"မဟုတ်ဘူး မမလေးရဲ့ ... အဲဒီလူကြီးကပြောတယ် ... ညည်းက ပွံ့ပွံ့လားတဲ့ ... ပွံ့ပွံ့က ဟုတ်ကဲ့လို့ပြောလိုက်တော့ ... လမ်းထိပ်က ကောင်လေးတစ်ယောက် စာပေးလိုက်တယ် ... ရှေ့ ဆိုပြီး ပေးသွားတာ မမလေးရဲ့ ... "

"ဟင် ... လမ်းထိပ်ကကောင်လေး ... "





သူမ စဉ်းစားသလိုရှိနေစဉ်မှာပင် ပွံ့ပွံ့က ...

"နာမည်ဘယ်သူလည်းလို့ ပွံ့ကမေးလိုက်တော့ ... အိုအေ စစ်တဲ့ မမလေးရဲ့ ... အဲဒါကြောင့် ပွံ့ဖွက်ပြီး ယူလာတာ"

"ဟင် ... အိုအေစစ် ... ဟုတ်လား ... "

ပွံ့ပွံ့က ခေါင်းလေးညိတ်ပြပြီး အပြာရောင်စာရွက်ခေါက် လေးကို အတွင်းခံအင်္ကျီထဲကထုတ်ပြီး သူမကို ကမ်းပေးလေ၏။ ဘာပဲဖြစ်ဖြစ် သူ့စာကိုဖတ်ကြည့်ချင်တာမို့ သူမ လှမ်းယူလိုက်သည်။

*မေမာ ...*

*ဟိုနေ့က ကိစ္စက ကိုယ်တကယ့်ကို မရည်ရွယ်ဘဲဖြစ်သွား တာပါ မေမာရယ် ... မေမာ့ကို လှစ်ခနဲတွေ့လိုက်ရလို့ ကိုယ် ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်လောက်အောင်ဖြစ်ပြီး မေမာ့ဖေဖေနဲ့ ဝင်တိုက်မိခဲ့တာပါ။*

*အဲဒီအချိန်က ...*

*ကိုယ်မှားမှန်းသိပါတယ်၊ တောင်းလည်းတောင်းပန်ခဲ့ပါတယ် ... ဒါပေမဲ့ မေမာ့ဖေဖေက ငွေကြေးတွေနဲ့ ရောနှောပြီးပြောလာတော့ အားလုံးမှားသွားခဲ့ကြရတာပါ ...*

*မေမာ့ကို ကိုယ်ချစ်ခဲ့တာ အဲဒီပြဿနာတွေကြောင့် တမင် ကျောလိုတဲ့ဆန္ဒမပါသလို ကိုယ့်ရင်ထဲမှာ ဘာအညှိုးအတေးတွေနဲ့မှ မေမာ့ကူရောက်အောင် ချဉ်းကပ်ခဲ့တာမဟုတ်ပါဘူး ...*

*အဲဒါကိုတော့ ...*

*မေမာ ယုံကြည်ပေးပါနော် ...*

*မေမာ့ကိုချစ်တဲ့*



www.burmeseclassic.com

www.burmeseclassic.com



*အိုအေစစ် ...*

"မမလေး ... "

စာရွက်လေးကိုဖတ်ပြီး သူမ ငိုင်တွေသွားစဉ် ပွံ့ပွံ့ခေါ်သံကြောင့် သတိပြန်ဝင်သွားရသည်။

"မေမေကြီးက မှာလိုက်တယ်၊ အစ်ကိုလေးရောင်နီကျော်တို့မိသားစုကို ညစာလာစားဖို့ ဖိတ်ထားတယ်တဲ့ ... အဲဒါ ပြင်ဆင်ထားပါတဲ့ ... "

ဟူး ...

စိတ်မောရပါလားနော်။

သူမ ...

သက်ပြင်းရှည်ကြီးကိုသာ ချလိုက်မိပါတော့သည်။

❀❀

အခန်း ( ၉ )

"ခေမာ ... အန်ကယ်ပြောတာတွေက အမှန်ပဲလားဟင်၊ ခေမာ့အနားကို ဟိုဂြိုလ်ကောင် လိုက်နှောင့်ယှက်နေတယ်ဆိုတာလေ"

မျက်နှာထားခပ်တင်းတင်းနှင့် ရောင်နီကျော် မကျေမနပ်မေးလာပြန်သည်။ ဒီကိစ္စ ဒီလောက်ကြီးကျယ်ရသလား။ ကြာတော့သူမ အရွဲ့တိုက်ချင်လာသည်။

"ခေမာ ... ဆင်ခြင်သင့်တယ်"

"ဘာ ... ဘာရယ် ... "

"ဒီလို လူတစ်ယောက် ကပ်လာနိုင်ဖို့ဆိုတာ ခေမာ့ရဲ့အားနည်းချက်တွေ အများကြီးပါတယ် ... ခေမာသာ အစကတည်းက ခပ်တည်တည်နေခဲ့ရင် ... "

"ရောင်နီ ... "

သူ့ကို ဒေါသတကြီး အော်ပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဘာကြောင့် ခေမာ့ကို အခုလို အထင်သေးတဲ့ စကားပြောရတာလဲ ..."

"ကိုယ့်ကို မအော်နဲ့လေ ..."

"ရှင့်စကားတွေက ခေမာ့ဂုဏ်သိက္ခာကို ထိခိုက်နေပြီဆိုတာရော ရှင်တွေးမိရဲ့လား ... ခေမာ့ကို ရှင်ဝေဖန်ပိုင်းခြားပိုင်ခွင့် မရှိဘူး"

"ဆောရီး ... ကိုယ် အဲဒီသဘောနဲ့ပြောတာမဟုတ်ဘူး"

"ဘာထူးလို့လဲ ... ရောင်နီကျော် ..."

"ကဲ ... ထားပါတော့ ... ကိုယ် ခေမာနဲ့ငြင်းခုန်ဖို့လာတာ မဟုတ်ဘူး ... နေပါဦး ... ဒီကောင်က ခေမာ့လိပ်စာကိုတောင် သိနေတာဆိုတော့ တော်တော်လေး ခြေလှမ်းသွက်တာပါလား။ စဉ်းစားစရာပဲ ... သူဘာလို့ ခုလိုတွေသိနေရတာလဲ ..."

"အဲဒါလည်း ခေမာ ဘယ်သိမလဲ ..."

သူက တစ်ချက်စူးခနဲ စိုက်ကြည့်သည်။

"ဘာလဲ ... ရှင်က ခေမာ့ကို မယုံသင်္ကာဖြစ်နေပြီပေါ့ ... ခေမာကိုယ်တိုင် ပေးထားတာလို့ထင်နေတာလား"

"ဘာတွေမလုံမလဲဖြစ်နေတာလဲ ခေမာ ... ကိုယ်ဘာပြောရသေးလို့လဲ ... ကိုယ် ခေမာ့ကို မစွပ်စွဲရသေးဘူး"

ရှင့်မျက်လုံးတွေက ခေမာ့ကို သံသယရှိနေတယ်ဆိုတာကို ရှင်၊ ငြင်းလို့မရပါဘူး ရောင်နီကျော်ရယ်။

ငွေကြေးကချမ်းသာသလို ပညာကလည်းတတ်တာမို့





ရောင်နီကျော်က ဘဝင်မြင့်နေတာပါ။ သူမကို ဘယ်လောက်ပဲ လိုချင်နေနေ အိုအေစစ်လိုတော့ အောက်ကျခံပြီး တောင်းခံနေမှာ မဟုတ်ဘူး။ အဲဒါကို သူမ သိတယ်လေ။

"ဟုတ်ပြီ ... ကိုယ်စဉ်းစားမိပြီ ... ဒီကောင် ကျော်သက်ဆီကသိတာပဲဖြစ်မယ် ... ကိုယ့်မွေးနေ့က ဒီကောင် ကျော်သက်နဲ့ အတူလာတာ ... ပြီးတော့ သူတို့နဲ့တစ်အိမ်ထဲ အတူနေကြတဲ့သူတွေ ... ကြည့်စမ်း ... ဒါကို ဘာကြောင့် ခုမှစဉ်းစားမိရတာလဲ"

"နေပါဦး ... အဲဒါ စဉ်းစားမိတော့ရော ဘာအကြောင်းထူးမှာမို့လဲ ... ဒီကိစ္စ ဒီမှာတင်ပြီးတာ အကောင်းဆုံးပဲ"

"ဘာလဲ ... ကိုယ်ပြဿနာ သွားရှာမှာစိုးလို့လား"

ပြောပြန်ပြီ ...

အနှောင့်အသွား မလွတ်တဲ့စကားတွေ။

ရှင်ဟာလေ ...

အဲဒီလို စကားချိုချိုလေးတွေနဲ့ လူကိုအသေသတ်ဖို့ တစ်ချိန်လုံး ကြိုးစားနေတော့မယ့်လူပဲ။

ဒါပေမဲ့ ...

ဖေဖေတို့ရဲ့ဆန္ဒအတိုင်း ရှင့်ကိုပဲ တစ်နေ့ ကျွန်မလက်ထပ်ရမှာပါပဲ။

"ပြောလေခေမာ ... သူ့ကိုတွေ့ပြီး ကိုယ်ဘာပြောမိလိမ့်မယ်ထင်လဲ"

"အို ... အဲဒါ ရှင့်ရဲ့ရင်ထဲက စကားတွေလေ ... ခေမာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်သိမှာလဲ”

“ခေမာနဲ့သူနဲ့ ကင်းရှင်းသွားအောင် ခေမာက ကိုယ့်ရဲ့ဇနီးလောင်းဆိုတာကို အသိပေးလိုက်မယ်လေ ... မကောင်းဘူးလား”

ရောင်နီကျော်ရဲ့ စကားအဆုံးတွင် သူမ ဟန်မဆောင်နိုင်လောက်အောင်ပဲ ရယ်ပစ်လိုက်မိသည်။ ရုတ်တရက် ရယ်နေတဲ့သူမကို သူက နားမလည်နိုင်သလို ငေးကြည့်နေသည်။

“အမလေး ရောင်နီကျော်ရယ် ... အဲဒီကိစ္စလေးဆိုရင်တော့ ရှင်သွားမနေနဲ့တော့သိလား ... သူက အဲဒါကို အစထဲကသိနေပြီးသားရှင့် ... ”

“ဘာရယ် ... ခေမာ ဘာပြောလိုက်တာလဲ”

“ခေမာက ရှင်နဲ့မိဘချင်း သဘောတူထားတာကို အစောကြီးထဲက သူ့ကိုပြောပြီးသား ... ”

“ဟင် ... ”

ဒီတစ်ခါတော့ ...

မျက်လုံးတွေပြူးကျယ်ဝိုင်းစက်သွားရတာ ရောင်နီကျော်။ ခေမာက အဲဒီလောက်ထိ ရဲရဲဝံ့ဝံ့ရင်ဆိုင်ထားပြီးသားတဲ့လား။ ခေမာ့ကြည့်ရတာ လိမ်ညာပြောနေတဲ့ပုံမပေါ်။

“သူကရော ... သူက ခေမာပြောတာကို ယုံရဲ့လား၊ သူ ဘာပြန်ပြောလဲ ... ”

ခေမာ ...

သူပြောခဲ့တဲ့စကားကိုတော့ ပြန်မပြောမိတော့ပါ။

ရောင်နီကျော်ကတော့ ...





ခေမာ့စကားတွေ နားထောင်ပြီး အရမ်းကို အံ့အားသင့်သွားရသည်။

ခေမာ ...

ဒီကောင်နဲ့ စကားတော်တော်ပြောဖူးနေလိမ့်မည်။

ပြီးတော့ ...

ခေမာနဲ့သူ့ကို လူကြီးချင်းသဘောတူထားတာ သိပါလျက်နဲ့ ခေမာ့အနားရောက်အောင် ချဉ်းကပ်ဖို့ ကြိုးစားတယ်ဆိုကထဲက ဒီကောင်ရဲ့ ရွတ်တရွတ်ဆန်မှုက စိုးရိမ်စရာပဲ။

အိုအေစစ် ...

ဒီကောင့်ပုံစံက တကယ့်ကိုဂျစ်ကန်ကန်နဲ့။

ဘာကိုမှ ဂရုမစိုက်တဲ့ပုံစံ ... သူဆုံးဖြတ်ချက်ချထားတဲ့အရာကိုပဲ တစိုက်မတ်မတ်လုပ်မည့်ပုံစံ။

“ဒီကောင်က တစ်မျိုးပဲ ... လုပ်ချင်ရာလုပ်မယ့်ကောင်မျိုး နောက်ထပ် ဒီကောင့်ရန်ကအေးအောင် ခေမာ့ကို ကိုယ်ကိုတိုင်လာကြိုမှဖြစ်မယ်”

“အို ... ”

ရောင်နီ ... မျက်မှောင်လေးကုတ်ပြီး ခေမာ့ကို ခပ်စူးစူးစိုက်စိုက်ကြည့်နေသည်။ ဖြူဖွေးသော မျက်နှာလေးက ပန်းရောင်သန်းနေ၏။

“ခေမာကို လုံးဝစိတ်မချဘူး ... သေချာတယ် ... ဒီကောင် နောက်ထပ်အနှောက်အယှက်ပေးဦးမှာ ... ”



www.burmeseclassic.com

www.burmeseclassic.com



"အမိပွာယ်မရှိလိုက်တာ ... သူ့ကြောင့် ခေမာ့စိတ်တွေ ကျဉ်းကျပ်သွားအောင် ရှင်မလုပ်ပါနဲ့ရောင်နီ ... အခုတောင် ခေမာက ကိုယ့်ဘဝကိုယ် မပိုင်ဆိုင်ရတာ၊ ဒါကို ရှင်ကပါထပ်ပြီး မေမေတို့ကို ဖိအားထပ်ပေးရင် ... ခေမာ သေဖို့ပဲရှိတော့တယ်"

ဟုတ်တယ်လေ ...

ခေမာဟာ တစ်ချိန်လုံး ဖေဖေ မေမေတို့ရဲ့ မျက်စိအောက်မှာပဲနေခဲ့ရပြီး သူငယ်ချင်းအပေါင်းအသင်းတောင် မထားရတာ။

သူငယ်ချင်းထားတာလည်း မေမေတို့ကမကြိုက်။ ကျောင်းက သူငယ်ချင်း စုဝေကိုတောင် သူ့မှာသိပ်ရင်းရင်းနှီးနှီး မပေါင်းရဲတဲ့အထိ။

အခြားသူများတွေ ... သူငယ်ချင်းတွေ တရုန်းရုန်းနှင့် စုပေါင်းပြီး သွားကြလာကြတာတွေ ... တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီကြတာ အတူတူ ထမင်းစုစားကြတာတွေ။

အဲဒါတွေကြည့်ပြီး ... ပိုးခေမာ သိပ်ကိုအားကျနေခဲ့ရတာပါ။

မေမေက ...

ကျောင်းလိုက်ပို့ပြီး ကျောင်းဆင်းချိန်ဆို ကားကအောက်မှာ အဆင်သင့်စောင့်ကြိုနေပြီးသား။

အခု ...

အိုအေစစ်ဆိုတဲ့ လူတစ်ယောက်ရဲ့ မထင်မှတ်ဘဲ တိုးဝင်လာမှုကြောင့် ခေမာ့စိတ်တွေ တအားရှုပ်ထွေးနေရပြီ။





ရောင်နီကျော်က ...

ပို့ပြီးတော့တောင် ဆိုးနေသေးသည်။

ခေမာ့ဘဝကတော့ သွားပါပြီ။

မေမေတို့ရဲ့ဆန္ဒအရသာ ရောင်နီကျော့်ကို လက်ထပ်ပါမည်ဟု ကတိပေးထားရတာပါ။

ခေမာ ...

သူ့ကို မိတ်ဆွေတစ်ယောက်အဆင့်ထိပဲ ခံစား၍ရသည်။

ခေမာ ...

သူ့ကို လုံးဝမချစ်ပါဘူး။

ဒါပေမဲ့ ...

ခေမာဆိုတာ မိဘစကားကို ဘယ်တော့မှ ဆန့်ကျင်မယ့်မိန်းကလေးမဟုတ်ဘူးဆိုတာ သိရက်နဲ့ ခေမာ့ကို ဘာကြောင့် မယုံကြည်နဲ့ နားမလည်ပေးနိုင်ကြရတာလဲ။

ခေမာ့ဘဝတစ်လျှောက်လုံး မိဘတွေ စိတ်ဆင်းရဲရမယ့်ကိစ္စနှင့်သမျှ ဘာတစ်ခုမှ လုပ်ခဲ့တာမရှိ။

"ခေမာ ..."

"ဟင် ..."

"မင်းစိတ်တွေ ဘယ်ရောက်သွားတာလဲ ... မင်းအတွေးတွေ ဘယ်သူ့ဆီရောက်နေတာလဲ ခေမာ ... ကိုယ်ကြည့်နေတာ အရမ်းကြာပြီ ..."

အို ...

မသက်ာတဲ့မျက်ဝန်းအကြည့်တွေ။



www.burmeseclassic.com

www.burmeseclassic.com



ရောင်နီ ...

ရှင်ဘာတွေဖြစ်နေတာလဲ ... ရှင်ဘာတွေ မနာလိုဝန်တိုဖြစ်နေရတာလဲ။

"ခမော့အကြောင်း ခမောပြန်တွေးနေမိတာပါ"

"ဟား ဟား ဟား ... ဟုတ်ရဲ့လား ခမောရယ် ... ဒီထက်ကောင်းတဲ့အကြောင်းပြချက်ကလေး ပေးပါလား"

"ရှင် ဘာကိုဆိုလိုတာလဲ ရောင်နီကျော် ... "

"မင်းစိတ်တွေ ဟိုကောင့်ဆီ ... "

"အို ... မဟုတ်တာ ... ကျွန်မနဲ့သူက ဘာဆိုင်လို့လဲ ... ရှင် အဓိပ္ပာယ်မရှိ တစ်ဖက်သားကို မစွပ်စွဲပါနဲ့ ... "

ရောင်နီကျော် ...

နှုတ်ခမ်းတွေက ပြုံးနေသည်။

မျက်ဝန်းတွေထဲမှာ ခမော့အပေါ် ယုံကြည်မှုမရှိဘူးဆိုတဲ့အထင်သေးတဲ့ အကြည့်တွေ။

ခမော အရမ်းမုန်းတာပဲ။

ရှင် ကျွန်မကိုမယုံလဲ မတတ်နိုင်ဘူး ရောင်နီကျော် ... ကျွန်မ ဒီထက်ပို မရှင်းပြတတ်တော့ဘူး"

"ကဲ ... ထားပါတော့၊ ကိုယ် ခမောနဲ့စကားတွေများပြီး ခမော့ဆီက ရှင်တွေ ကျွန်မတွေဆိုတဲ့ ခပ်ရင့်ရင့်အသုံးနှုန်းတွေကို လုံးဝမခံယူချင်ပါဘူး"

လေပြေကလေးနှင့် သူက ခပ်အေးအေးပြောလိုက်သည့်





အတွက် တောတောက တင်းမာနေသော ခမောရဲ့စိတ်တွေကို လျှော့ချလိုက်သည်။

"ခမော တောင်းပန်ပါတယ် ရောင်နီ ... မေမေ ပိုပြီးစိတ်ပူင်သွားအောင် မလုပ်လိုက်ပါနဲ့ ... ခမော့ကို ဒီထက်တင်းကျပ်တဲ့ည်းကမ်းတွေနဲ့ ထိန်းချုပ်လိုက်မှာစိုးလို့ပါ"

"ကောင်းပြီလေ ... "

ရောင်နီကျော်ရဲ့နှုတ်ခမ်းတွေ တွန့်ကွေးသွားရ၏။

"ကိုယ် ခမော့ကိုယုံကြည်သောအားဖြင့် အန်တီတို့ကို ခမော့အပေါ် အရမ်းမတင်းကျပ်ဖို့ ပြောပေးပါ့မယ် ... ခမော သိထားရမှာထ ခမော့ဘ၀ရဲ့ လက်တွဲဖော်ဟာ ရောင်နီကျော်ပဲဖြစ်ရမယ်"

"ခမော သိပါတယ် ... "

ခမော ...

ကိုယ့်ကိုနားလည်ပေးပါနော်။

ကိုယ် ...

ခမော့ကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်လို့ပါ။

သေချာတယ် ...

ခမော မရှိတော့ရင် ကိုယ်ဘယ်လိုမှ ခံစားနိုင်မှာမဟုတ်လို့ဒါ ခမောရယ် ... ။

၆၆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"ရှင် ... ရှင် ... "

အိုအေစစ် ...

ပန်းစည်းကလေးကိုင်ပြီး သူမနားရောက်လာပြန်ပြီ။

ခေမာ ... သူ့ကိုအရမ်းစိတ်ပျက်နေပြီ။

ခေမာ သူနဲ့ထပ်မပတ်သက်တော့ပါဘူးလို့ မေမေတို့ကို ကတိအထပ်ထပ်ပေးပြီးသားပါ။

"ရှင် လာနှောင့်ယှက်ပြန်ပြီလား အိုအေစစ် ... "

"ကိုယ် ဘာနှောင့်ယှက်လို့လဲ ပိုးခေမာရယ် ... ခေမာ့အတွက် ပန်းစည်းလေးလာပေးတာပဲကို ... "

"ခေမာ လက်မခံနိုင်ဘူး ... "

"အဲဒါ ခက်တာပေါ့ ... ဒီပန်းစည်းလေးက ခေမာ့အတွက် ရည်ရွယ်ပြီးဝယ်လာခဲ့တာ ... ပြီးတော့ ဒီပန်းစည်းလေးကို ခေမာ့ လက်ထဲမရောက်ရောက်အောင် ပေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်က ချထားပြီးသားလေ"





သူ့စကားတွေကို ...

ခေမာက မှုန်ကုတ်ကုတ်လေးနှင့် နားထောင်နေပါသည်။ နှုတ်ခမ်းလေးတွေကလည်း စူတင်းလို့။

သူ့ကိုလည်း လန့်နေပုံရသည်။

ခေမာ့ကိုကြည့်ပြီး သူ သနားလည်းသနား ... အသည်းလဲ ယားနေမိသည်။ သူ့ရဲ့ ဖွတ်တရွတ်ဆန်မှုတွေကို ခေမာ စိတ်ညစ်နေပုံပင်။

"ခေမာ ... "

"အမလေး ... "

ရုတ်တရက် သူခေါ်သံကြောင့် ခေမာ လန့်သွားရသည်။ ပါးစပ်ကပင် ယောင်အော်မိသည်အထိ။ အိုအေစစ်ကို ခေမာလန့်သည်။ ဒီလူက တဇွတ်ထိုးသမား ... ဘယ်သူ့ကိုမှ ဂရုစိုက်တတ်သူ မဟုတ်။

သူကြည့်ရတာ ...

ခေမာ ဒီပန်းစည်းကို လက်မခံမချင်း အလျှော့ပေး လှည့်ထွက်သွားမည့်ပုံမရပေ။ ခေမာ လက်ခံလိုက်ပြန်လျှင်လည်း နောက်ထပ် အတင့်ရဲလာမှာ ကြောက်ရသေးသည်။

"အို ... ခေမာ စိတ်ညစ်လိုက်တာနော် ... သေတောင် သေချင်လာပြီ"

ခေမာက စိတ်ပျက်စွာ ငိုမဲ့မဲ့ မျက်နှာကလေးနှင့်ညည်းညူ လိုက်ရာ ... သူ စိတ်မကောင်းပင် ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မယူရင်လည်း ရှင်နေ့ခင်ယုက်တာ ထပ်ခံရဦးမယ် ... ယူ လိုက်လို့ မေမေတို့သိသွားပြန်ရင်လည်း ခေမာ အမှောင်ခန်းထဲ အပို့ ခံရဦးမယ် ... ခေမာ ... ခေမာလေ ... "

သူမ အသံလေးတွေ တုန်ရင်သွားချေပြီ။

မျက်ရည်ကြည်လေးတွေ ပြည့်အိုင်လာသော မျက်ဝန်းလေး ခေမာ ငိုတော့မည်။

သူ ...

ခေမာ့ကို သနားလာရတော့၏။

ခေမာ့ကို ဖိအားတွေ မပေးချင်တော့။

ခေမာ့စိတ်တွေ မွန်းကျပ်သွားမှာ သူမလိုလားတော့ပါ။

ဟူး ...

သူ သက်ပြင်းရှည်ကြီးချလိုက်ရင်း ခေမာ့မျက်နှာလေးကို ကြင်နာစွာ ကြည့်လိုက်မိသည်။

"ခေမာရယ် ... ဆောရီးပဲကွာ၊ အဲဒီပန်းစည်းကလေးကို ခေမာ့ဆီပေးမိလို့ ခေမာ့စိတ်တွေ အဲဒီလောက် ရှုပ်ထွေးသွားရမယ် ဆိုရင် ... ကိုယ် မပေးရက်တော့ပါဘူး၊ တကယ်တော့ ကိုယ်က ခေမာ့ကို ပျော်ရွှင်စေချင်တာပါ ... ကိုယ် ခေမာ့ကိုချစ်တယ်၊ အခု ခေမာ ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်ရတာ အခက်အခဲဖြစ်ရ တာမြင်ရတော့ ကိုယ်တကယ်စိတ်မကောင်းဘူး ... "

ငိုမဲ့မဲ့ဖြစ်နေသော မျက်နှာလေးက သူ့စကားများကို တအံ့ တဩ ငေးကြည့်ကာ နားထောင်နေသည်။





"ကိုယ် ခေမာ့ကိုသိပ်ချစ်တယ် ... ခေမာ့ကို စတွေ့ထဲက ကိုယ်ချစ်ခဲ့မိတာပါ ... ဒါပေမဲ့ ခေမာ့ဆီက တုန့်ပြန်လာမှုဆိုတာကို ကိုယ်မမျှော်မှန်းရဲပါဘူး ... ကိုယ့်အချစ်တွေထဲမှာ ခေမာ့အတွက် တင်းကျပ်ပိတ်ဆို့မှုတွေ မရှိစေရဘူး ... လှောင်ပိတ်မနေရဘူး ... ခေမာက ခေမာရဲ့စိတ်ကူးကလေးအတိုင်း ကြည်နူးမှုအပြည့်နဲ့ ပျံဝဲ နေတဲ့ လိပ်ပြာလေးတစ်ကောင်ဘဝကို ရစေရမယ် ... ခေမာ ပျော် ရွှင်နေတာလေးကိုပဲ ကိုယ်က ငေးကြည့်နေချင်မိတယ် ... အဲဒါ တော့ ခေမာ ယုံကြည်ထားပေးပါ ... "

သူ့မျက်ဝန်းထဲက လေးနက်မှုကို ခေမာမြင်နေရသည်။ ခေမာ ယုံကြည်ပါတယ်။ သူဟာ ... ဘယ်တော့မှ လိမ်ညာတတ်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆိုတာ ခေမာ ယုံကြည်ပါ တယ်။

ဘာကြောင့်လဲ ...

ခေမာ စမှစတွေ့ဖူးတဲ့ လူတစ်ယောက်ကို ခေမာ့ရင်ထဲက ဘာလို့ အဲလောက်ထိ နှစ်နှစ်ကာကာ ယုံကြည်နေခဲ့ရတာလဲ။ စဉ်း တောင်မစဉ်းစားတတ်အောင်ပါဘဲ။

"ခေမာ့ကို ကိုယ်ကတိပေးတယ် ... ကိုယ့်ကြောင့် ခေမာ ဘယ်တော့မှ စိတ်မညစ်စေရဘူး ... ခေမာ ပျော်ရွှင်စေရမယ် ... ဒီနေ့ကစပြီး ခေမာ့ကို လုံးဝမနှောင့်ယှက်တော့ပါဘူး ခေမာ"

အို ...

ခေမာ့ရင်ထဲ လှစ်ခနဲ ဟာသွားသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



သူရဲ့ရှိဝေနေတဲ့ မျက်ဝန်းတစ်စုံက အားငယ်ဖျော့တော့မှု အပြည့်။ ခေမာ ... ဘာလို့ ဒီမျက်ဝန်းလေးတွေကို အားနာနေရျင် ရတာလဲ။

မဖြစ်သေးပါဘူး ...

မေမေ့ကို ကတိတွေအထပ်ထပ် ပေးထားခဲ့ပြီးပြီ။ အဲဒီကတိတွေ ခေမာ မဖျက်ချင်ပါဘူး။

သူ ...

ပန်းစည်းကလေးကိုင်လို့ ...

လေးလံတဲ့ခြေလှမ်းတွေနှင့် ကျောခိုင်းပြီးထွက်သွားတဲ့သူကို ငေးကြည့်နေမိသည်။ သူ ... မနှောင့်ယှက်တော့ဘူးတဲ့။ ခေမာ စိတ်ညစ်နေတာ မကြည့်ရက်ပါဘူးတဲ့။

အိုအေစစ်ရယ် ...

ခေမာ့ကို ခွင့်လွှတ်ပါ။

ခေမာဆိုတာ ကိုယ့်ဘဝကိုယ် စီရင်ဆုံးဖြတ်နိုင်ခွင့် မရှိတဲ့သူပါ။ မေမေ့ရဲ့ စီစဉ်မှုအောက်မှာပဲ အမြဲတမ်း လှုပ်ရှားရှင်သန်နေရတာလေ။

ရှင်ပြောသလို ... ကြည်နူးမှုအပြည့်နဲ့ လွတ်လပ်ပေါ့ပါးစွာ ပျံနိုင်တဲ့ လိပ်ပြာလေးဘဝကို ခေမာ ဘယ်တော့မှ ပိုင်ဆိုင်ခွင့်ရမှာ မဟုတ်ဘူး။

အဲဒီအခွင့်အရေးမျိုး ရလာခဲ့ရင်တောင် ခေမာဟာ ရဲရဲရင့်ရင့် ပျံသန်းရဲမှာ မဟုတ်ဘူးလေ။





"ပိုးခေမာ ... ကိုယ်ရောက်နေတာကြာပြီ"

"ဟင် ... ရောင်နီ ... "

"ဒီနေ့ ... အန်တီ မအားလို့ ကိုယ့်ကို အကူအညီတောင်းတယ်လေ ... ဒါကြောင့် ကိုယ်လာခဲ့တာ"

"ဩော် ... "

"သွားရအောင်လေ ... ခေမာ ... "

"ဟုတ် ... "

မေမေ မအားတာလား။ ရှင် တမင်လာကြိုတာထားဆိုတာ ခေမာ သိနေပြီးသားပါ။ ဒါမှ ... ခေမာ့ဘေးမှာ ရှင့်ကိုလူတွေမြင်ပြီး အသိအမှတ်ပြုခံရအောင်လေ။

"ငြိမ်လှချည်လား ခေမာ ... "

"ဟင် ... "

"စကားလေးပြောဖို့ ခေမာက တော်တော်ဝန်လေးတာပဲနော်"

"ခေမာ့မှာ ပြောစရာ စကားမှမရှိတာ ... "

ဟင် ...

ခေမာ့မှာ ပြောစရာစကား မရှိဘူးတဲ့။

ရောင်နီ ...

သူမမျက်နှာကို စူးစနဲလှမ်းကြည့်တော့ ခေမာက မသိချင်ဟန်ဆောင်ပြီး မှန်ပေါက်မှတစ်ဆင့် အပြင်သို့ ငေးမောကြည့်နေ၏။

"ခေမာ့ဆီ ဟိုကောင်လာသေးလား ... ခေမာ့ရဲ့ ရိုးသားမှု



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ်ယုံကြည်တယ်နော် ... ခေမာ တစ်မျိုးတော့မထင်နဲ့ ကိုယ်က သိချင်ယုံမေးကြည့်တာ ... ”

ရိုးသားမှု ...

ခေမာရဲ့ရိုးသားမှုတဲ့လား။ ရှင် သိပ်တော်တာပဲ ရောင်နီကျော်။ သိပ်ကိုလှပတဲ့ စကားလုံးလေးတွေ ရွေးသုံးပြီး တစ်ဖက်သား ချောင်ပိတ်သွားအောင် မေးခွန်းထုတ်နိုင်လို့လေ။

“ခေမာ”

“ပြောလေ ... ”

“သူလာတယ် မဟုတ်လား”

“အင်း ... ”

ဟင် ...

ခေမာက ခေါင်းညိတ်ပြလိုက်တာပါလား။ သူထင်ထားတာက ခေမာ ဖုံးကွယ်ထားမယ်လို့လေ။

သူ ကားနဲ့ကျောင်းရောက်တော့ ပန်းစည်းကလေးကိုကိုင်ပြီး ကားပေါ်တက်သွားတဲ့ အိုအေစစ်ကို တွေ့လိုက်ရသည်။

ရင်ထဲ ... ထိတ်ခနဲ ဖြစ်သွားရ၏။

ဒီကောင် ...

ခေမာ့ကို ဒီလိုလာပြီးချဉ်းကပ်နေတာ သူဘယ်လိုမှ လက်မခံနိုင်။ သဝန်တိုတယ်ပဲပြောပြော ... မနာလိုတာလို့ပဲဆိုဆို သူ ဒီကောင့်ကို တားဆီးပိတ်ပင်ချင်သည်။

ခေမာရဲ့အေးစက်စက် ဆက်ဆံမှုကိုလည်း သူအားမရပါ။





“သူ ဘာလာလုပ်တာလဲ ခေမာ ... ”

မေးသာမေးလိုက်ရတာ ... ခေမာ့ဆီက ကျွန်မကိုချစ်လို့လာတာလေဟု ခွန်းကာဖြေလိုက်မှာတော့ ကြောက်နေမိသည်။

“ပန်းစည်းလာပေးတာပါ”

“ဩော် ... ”

ခေမာက ဘယ်ဆိုးလို့လဲ ... အမှန်အတိုင်း ပြောပြသားပဲ။

ခေမာ ...

ရောင်နီရဲ့ငြိမ်သက်သွားမှုကို ထူးဆန်းသလို ထင်နေမိသည်။ ဒီတစ်ခါ ... ရောင်နီက လေပြေအေးအေးလေးနဲ့ သူမကိုမေးနေခြင်းအတွက် အံ့ဩမိပါရဲ့။

သူ ...

ဘာတွေတွေးနေတာလဲ။

ခေမာ့ကို ဘာကြောင့် ရှေ့ဆက်မမေးတော့တာလဲ။

သူ့ကို ရောင်နီတွေ့သွားတာလား။ ဒုက္ခပါပဲ ... သူ ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ရောင်နီ ရောက်လာခဲ့တာလေ။

“ရှင် ... ရှင်ဘာလို့ ရှေ့ကဆက်မမေးတော့တာလဲ”

သူမ မလုံမလဲ မေးမိသည်။

“ဘာကိုလဲ ခေမာ ... ”

“အဲဒီပန်းစည်းကို ခေမာ လက်ခံ မခံဆိုတာပေါ့ ... ”

“ဟား ဟား ဟား ... ”



www.burmeseclassic.com

www.burmeseclassic.com



သူ ...

သဘောအလွန်ကျသွားမိသည်။

"ရှင် ... ဘာရယ်တာလဲ ... ရောင်နီ ... "

"မင်းရဲ့လက်ထဲမှာ ပန်းစည်းမှရှိမနေဘဲ ခေမာ ... ဒီမေးခွန်းက ဆက်ပြီးမေးနေစရာမှ မလိုတော့တာ ... အဲ ... ဒါပေမဲ့ ... ပြောစရာတစ်ခုတော့ရှိတယ် ... ခေမာ အဲဒီပန်းစည်းလေးကို ငြင်းပယ်လိုက်မိပြီးတော့မှ နမြောတသစွာ ကျန်နေရစ်ခဲ့တာကိုပဲ"

"ရှင် ... "

"မင်း ... ငြင်းဦးမလား ခေမာ ... "

"ဟို ... ဒါက ... "

"မင်းငြင်းရင်လည်း ကိုယ်ယုံကြည်ပေးလို့ရပါတယ်"

ရောင်နီ ...

ခေမာ့ကို တထစ်ချ စွပ်စွဲလိုက်လေပြီ။ ခေမာ ... သူ နားလည်သွားအောင် ဘယ်လိုမှဆက်ပြီး မရှင်းပြတတ်တော့။

"စိတ်မပူပါနဲ့ ခေမာ ... အခုကိစ္စကိုလည်း အန်တီတို့နဲ့ ဖြိုမပြောပါဘူး ... ကိုယ်သဘောထား သိပ်ကြီးတာတော့ မဟုတ်ဘူးနော် ... အခုအချိန်မှာ ကိုယ် ခေမာနဲ့ပြဿနာ မဖြစ်ချင်တာ"

သူ ...

အများကြီး ထိန်းချုပ်ထားရသည်။

"ခေမာ ... "

"ရှင် ... "





"လူကြီးတွေက မင်းနဲ့ကိုယ့်ကိုရည်ရွယ်ထားကြတာ ခေမာ သိပါတယ်နော် ... "

"ဟုတ် ... ခေမာ သိပြီးသားပါ ... "

"ခေမာ ... လက်ခံခဲ့တယ်နော်"

"ဟုတ်ပါတယ် ... "

"ဘာကြောင့် လက်ခံခဲ့တာလည်း ခေမာ ... "

"ရှင်ဟာ ငြင်းပယ်သင့်တဲ့ယောကျ်ားတစ်ယောက် မဟုတ်ဘူးလေ ... ပြီးတော့ ... ခေမာက ဖေဖေ မေမေရဲ့ဆန္ဒကို ဘယ်တုန်းကမှ မပယ်ရှားတတ်ခဲ့ဘူးလို့ ... "

ခေမာရယ် ...

ပြတ်သားလှချည်လားကွယ်။

မင်း ... ကိုယ့်ကိုလက်ခံတာ ရင်ထဲက လိုအပ်လို့ ကိုယ့်ကိုချစ်လို့ မဟုတ်ဘူးပေါ့နော်။

ဝမ်းနည်းစရာ ကောင်းလိုက်တာကွာ။

တကယ်တမ်း ...

ကိုယ့်အနားမှာနေပြီး ကိုယ့်ဘဝတစ်လျှောက်လုံး လက်တွဲမယ့် မိန်းမတစ်ယောက် ... ကိုယ်အရမ်းမြတ်နိုးခဲ့တဲ့ မိန်းမတစ်ယောက်ဆီက ကြားခွင့်ရခဲ့တဲ့ ခံစားချက်ဆိုတဲ့အရာက ဒီလောက်တောင်ပဲ စိမ်းကားရလားကွယ် ... ။

"ရောင်နီ ... "

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကရော ... ခေမာ့ကိုမှ ဘာကြောင့်ရွေးချယ်ရတာလဲ"

သူမ ...

ပြန်မေးနေပြီ။

သူ ...

ဘယ်လိုပြောရမလဲ။

မင်းကို သိပ်ချစ်နေမိလို့ပေါ့ ခေမာရယ်လို့ သူမလေးကြား အောင် ဖွင့်ပြောလိုက်ချင်ပေမယ့် အဲဒီစကားတွေက လည်ချောင်းဝ မှာပဲ တစ်ဆို့ပြီး အပြင်သို့ ထွက်မလာချေ။

"ဖြေပါ ... ခေမာ့ကို အားမနာပါနဲ့ ... "

သူ ...

ခေမာ့အပေါ် အောက်ကျမခံနိုင်တဲ့ စိတ်ကလေးကြောင့် ထင်ပါရဲ့။ အဖြေပေးဖို့ အတော်လေး စဉ်းစားနေရသည်။

ခေမာက ...

မငြင်းပယ်သင့်တဲ့ ယောကျ်ားထင်လို့ လက်ခံတာတဲ့။

ဒါကို ...

သူကရော ...

ခေမာ့ကို ချစ်လွန်းလို့ပါ ... ခေမာမရှိရင် သူ့ဘဝက ရပ် တည်လို့မရတော့လို့ပါ။ ဒါကြောင့် ကိုယ် ခေမာ့ကို လက်ထပ်ချင် တာပါလို့ ပြောရမလား။

နောက်ဆုံးတော့ ...

"ဒီလိုပါပဲ ... "





သူ ...

ဒီစကားလေးကိုပဲ ပြန်ဖြေပေးမိသည်။

ဒါကို ...

ခေမာ ကျေနပ်ပါ့မလား။

မင်းတောင် အလေးအနက်မထားတာ ကိုယ်လည်း အလေး အနက်မထားတာ ဘာဖြစ်လဲနော်။

မင်း နားလည်နိုင်မှာပါ ပိုးခေမာ။

❀❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

ရောင်နီကျော်က ခေမာ့ကို အိမ်အရောက်ပို့ပေးပြီး တော်တော်လေးကြာအောင် ဖေဖေတို့နှင့် စကားပြောပြီးမှ ပြန်သွားသည်။ ခေမာ ... သူ့ကို ဆင်းမနှုတ်ဆက်ချင်သော်လည်း မေမေ့ရဲ့ အမိန့်အရ သူ့ကားနားထိ လိုက်ပို့ပေးခဲ့ရသည်။

"စိတ်မပါတဲ့ အလုပ်တစ်ခုက လူကိုပိုပင်ပန်းစေတယ်နော် ခေမာ ... "

ဟု ... ခနဲ့သေး၏။

"တာဝန်ဟာ တာဝန်ပါပဲ ရောင်နီရယ် ... စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ပေးအပ်လိုက်တဲ့ တာဝန်တစ်ခုကို ကျေပွန်စွာ ထမ်းဆောင်နိုင်တယ်ဆိုရင်လည်း ဖြေသိမ့်စရာတစ်ခုပဲ မဟုတ်လား"

"ဟား ... ဟား ... ခေမာက ဘယ်ဆိုးလို့လဲ၊ ပြန်ချေပဖို့ စကားတွေ စီထားပြီးသားပဲနော် ... ကဲပါ ... ဒီစကားဝိုင်းကို ဒီမှာ





ခဲရပ်လိုက်ကြစို့ ... ကိုယ် သွားတော့မယ် ... "

"ဟုတ်ကဲ့ ရောင်နီ ... "

ကားစက်ကိုနှိုးပြီး မောင်းထွက်ဖို့ ဟန်ပြင်နေရင်းမှ ရောင်နီက ခေမာရပ်နေတဲ့ဘက်ကိုလှည့်ပြီး ...

"ခေမာ ... "

"ရှင် ... "

"ဒီည ... အိပ်ပျော်အောင်အိပ်နော် ... "

"ရှင် ... "

"ဘာအကြောင်းမှ မစဉ်းစားဘဲနဲ့ အိပ်ပျော်အောင်အိပ်ဖို့ ကြိုးစားလို့ပြောတာ ... ကဲ ... ဘိုင့်ဘိုင် ... "

ဝေါခနဲ ...

ရောင်နီ့ကားလေးက သူမရှေ့ကနေ မောင်းထွက်သွားပေမယ့် ခေမာတစ်ယောက်တည်း ကြောင်ငေးစွာ ရပ်ကျန်နေခဲ့တော့သည်။ ရောင်နီ့စကားကြောင့် တွေဝေသွားရ၏။

အဲဒီတစ်နေ့လုံး ...

ခေမာ့စိတ်တွေကို တစ်စုံတစ်ယောက်က ဆွဲထုတ်သွားသလိုပါပဲ။

တကယ်ကို စိတ်နဲ့ကိုယ် မကပ်တာ။

ညရောက်တော့လည်း ...

ခေမာ အိပ်လို့မပျော်။ အာရုံထဲမှာ အိုးအေစစ်ရဲ့ ပုံရိပ်တွေနှင့် အပြည့်။



www.burmeseclassic.com

www.burmeseclassic.com



ခေမာ ... သူ့ကို မေ့ပျောက်လို့ မရပြန်။

သူဟာ ...

ခေမာ့ဘဝထဲ မထင်မှတ်တဲ့ အဖြစ်အပျက်တွေနဲ့ တဖြည်းဖြည်း တိုးဝင်လာခဲ့သူဖြစ်သည်။

ခေမာ့အပေါ် အနူးညံ့ဆုံးစကားလေးတွေနှင့် ခွဲခွာထားသွားရစ်ခဲ့သူလည်း ဖြစ်သည်။

ရောင်နီကျော်နဲ့ အိုအေစစ်။

ရောင်နီကျော်က ပညာတတ်။ မိဘကလည်း ချမ်းသာပြီး ငြင်းပယ်စရာ ဆိုးဝါးတဲ့အကျင့်တစ်စုံတလေ ရှာမရတဲ့လူ။ အဖက်ဖက်က ပြည့်စုံတဲ့လူ။

အိုအေစစ်ကတော့ အမြဲတမ်း တဖွတ်ထိုးတစ်ခေါက်ကန်းလုပ်ဖို့ကြံရွယ်နေတဲ့သူ။ ပညာကလည်း ရိုးရိုးဘွဲ့လေးတစ်ခုပဲရထားပြီး သာမန်စီးပွားရေးလေးသာ ရှိတဲ့လူတစ်ယောက်။

ဒါပေမဲ့ ...

သူက ခေမာ့ကို သိပ်ချစ်တယ်လို့ လူရှေ့သူရှေ့မှာ ဝန်ခံရဲခဲ့သူလည်း ဖြစ်သည်။

ရောင်နီကျော်ကတော့ ခေမာ့ကို ဘယ်တုန်းကမှ မချစ်ခဲ့တဲ့ယောက်ျားတစ်ယောက်။ ရင်ထဲက ခံစားချက်ကို အဓိပ္ပာယ်မရှိတဲ့ ဂုဏ်သိက္ခာဆိုတဲ့ ပေတံကြီးနဲ့တိုင်းတာပြီး ဟန်ကြီးတစ်ခွဲသားနှင့် ဖုံးကွယ်ဖို့ ကြိုးစားတတ်သူ။

တစ်ဖက်သားအပေါ် စကားလုံးလှလှလေးများနဲ့ အမြဲခွပ်





ခွဲဖို့ ကြိုးစားနေတတ်သူပင် ဖြစ်သည်။

ကိုယ့်ရင်ထဲက သံသယကို သူများ၏အမှားနှင့် မလုံမလဲဖုံးဖိတတ်တဲ့ ရောင်နီကျော်ဆိုတဲ့သူကို ခေမာက မေမေ့စိတ်တိုင်းကျ ခေမာ့ဘဝရဲ့ လက်တွဲဖော်အဖြစ် ရွေးချယ်ထားပြီးသား။

အဲဒီအတွက်လည်း

ခေမာ ဘယ်တော့မှ နောင်တရမှာ မဟုတ်ပါဘူး။

ခေမာ ...

အိပ်လို့မပျော်။

ဟင် ...

ဂစ်တာသံပါလား။

ဂစ်တာသံသဲ့သဲ့လေးက အခန်းထဲထိ လွင့်မျှောလာသည်။ ဘာသီချင်းဆိုနေတာပါလိမ့်။ အိပ်လို့မပျော်မယ့်အတူတူ သီချင်းလေးကို နားစွင့်နေလိုက်သည်။

အင်း ...

ဒီသီချင်းလေးကို သူမ သိနေတာပဲ။

လမင်းချစ်သူဆိုတဲ့ သီချင်းလေး။

ထူးဆန်းလိုက်တာ ...

ဘယ်သူ လာဆိုနေပါလိမ့်။ တစ်ခါမှ ခုလိုသူငယ်ချင်းအုပ်စုသိုက်ဖွဲ့ကာ သီဆိုတတ်ခြင်း မရှိခဲ့ဘူးပါ။

အိုအေစစ်များလား။

အို ...



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လောက်ပါဘူး။ သူ ... ခေမာ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ဘူးလို့ ကတိပေးသွားတဲ့ဟာ။ သူ မဖြစ်နိုင်ပါဘူးလေ။

ခေမာ့လက်ထဲမှာ ...

အိုအေစစ်ရဲ့ ဟန်းဖုန်းလေးကရှိနေတုန်းပင်။ ခေမာ သူ့ကို လွှင့်ပစ်မည်ဟုသာ ပြောခဲ့တာ။ အခုထိ သိမ်းထားမိနေဆဲပင်။

ဘာကြောင့်လဲ ...

ဘာကြောင့် ခေမာက သူနဲ့ပတ်သက်သမျှတွေကို ဖျောက်ဖျက်ပစ်ရမှာကို နှမြောနေရတာလဲ။ မဖြစ်သေးပါဘူး ... ဒါကို မနက်ဖြန်တော့ လွှင့်ပစ်ရမှာပါပဲ။

မေမေ သိသွားရင် ခေမာ့ဘဝ မတွေးရဲစရာ။

ခေမာစိတ်တွေကို လျှော့ချပစ်လိုက်ပေမယ့် အိပ်ပျော်နိုင်ဖို့ကို မနည်းကြီး ကြိုးစားနေရလေတော့သည်။

"အိုအေစစ် ... စောစောစီးစီး ဘယ်လဲ ..."

"ဩော် ကျော်သက် ... မင်း နိုးနေပြီလား။ ဒီနေ့ ငါ့မွေးနေ့လေကွာ ... အဲဒါ ဘုရားသွားမလို့"

"ဟင် ... တကယ်လား ... ဟေ့ကောင် မွေးနေ့မှာ မင်းဘာအစီအစဉ်တွေ လုပ်ထားလဲ ... မင်းနော် ဒီတိုင်းတော့ မရဘူး





ငါတို့အတွက် တစ်ခုခုတော့ လုပ်ပေးရမှာ ..."

"အေးပါကွာ ... ညကျရင်သာ စောစောပြန်လာနိုင်အောင် ကြိုးစားထား ... ကျန်တာတော့ မင်းတို့စိတ်တိုင်းကျ ဖြစ်စေရမယ်၊ ဟိုနှစ်ကောင် နိုးလာရင်လည်း ပြောထားလိုက်ဦး ... ငါသွားတော့မယ် ..."

"အေးပါ ... ဒီလောက်ကောင်းတဲ့သတင်းကို မပြောမှာတော့ပူမနေနဲ့ ... ဟဲဟဲ ..."

"အဲဒါဆို ငါလစ်ပြီ ..."

"အေး ... အေး ..."

သူ ကားလေးကို ရွှေတိဂုံဘုရားသို့ မောင်းခဲ့လိုက်သည်။ ခေမာ့မျက်နှာလေးကို ပြန်မြင်ယောင်မိတော့ ဆွေးဆွေးလေး ခံစားလိုက်ရသည်။ ခေမာ့ကို မနှောင့်ယှက်ပါဘူးလို့ ကတိပေးထား၍ ဒီနေ့ ခေမာ့ဆီ မသွားတော့ဖို့ သူ ဆုံးဖြတ်ထားသည်။

ခေမာစိတ်တွေ သူ့ကြောင့် မရှုပ်ထွေးစေရ။

သူမပြောတဲ့ထဲမှာ အမှောင်ခန်းထဲပိတ်မှာ ကြောက်တယ်ဆိုတဲ့ စကားလေးကို သူကြားယောင်မိ၏။ အမှားတစ်ခုခုကို မကျူးလွန်ရဲအောင် ခေမာ့မိဘတွေက ပြစ်ဒဏ်ကြီးကြီး ပေးတတ်တာမျိုး ဖြစ်ရမည်။

ဒါကြောင့် ခေမာ မလှုပ်ရဲတာ။

ရောင်နီကျော်နဲ့က မိဘတွေသဘောတူထားလို့သာဆိုပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ခေမာကတော့ နှလုံးသားနဲ့ လက်ခံထားပုံမရပါ။

အပျွန်း ...

သူတစ်ချက် ပြုံးမိသွားသည်။

သူ့ကိုတော့ ခေမာ တကယ်လန့်ပုံရပါသည်။

ခေမာရယ် ...

သတိရလိုက်တာကွာ။

ခေမာ့ကို သိပ်တွေ့ချင်တာပဲ။

ရွှေတိဂုံဘုရားရောက်တော့ ကားလေးကို ပါကင်မှာရပ်ပြီး အတွေးစကိုဖြတ်ကာ ဘုရားပေါ်တက်လာခဲ့လိုက်သည်။

သူ့မွေးနံဖြစ်တဲ့ တနင်္ဂနွေထောင့်လေးမှာ ဝယ်လာတဲ့ဘုရားပန်းတွေကပ်ပြီး သူဘုရားရှိခိုးနေလိုက်သည်။

"မကြီး ... မီးဖြစ်ပါရဲ့လား"

"ပါတယ်လေ ဖေကြီး ... ဒီမှာရော ... "

"အား ... ပူလိုက်တာ ... ဖယောင်းစက်တွေ ကျကုန်ပြီ"

"ဖေကြီးကလည်း အကုန်ပူးပြီး တွန်းလေ ... အာ ... လေကလည်း ... "

ဘုရားမီးပူဇော်ဖို့ အခက်အခဲဖြစ်နေတဲ့ ဖေဖေ့ကိုကြည့်ပြီး သူမ ပြုံးလိုက်မိသည်။

အိုအေစစ်ကတော့ ...

ဆူညံနေတဲ့ အဲဒီအသံတွေကို အာရုံထဲက မနည်းဖျောက်ပြီး





မျက်လုံးစုံမှိတ်၍သာ ဘုရားရှိခိုးနေမိသည်။

ခေမာကလည်း ဖေဖေ အသက်ငါးဆယ့်ခြောက်နှစ်ပြည့် မွေးနေ့မို့ ဘုရားလာခဲ့တာပါ။

သူမ ...

ဘုရားရှိခိုးဖို့ နေရာရှာလိုက်သည်။

ထိုစဉ် ...

သူမ မျက်ဝန်းလေးတွေက ဘုရားရှိခိုးနေတဲ့လူတစ်ယောက်ဆီသို့ မထင်မှတ်စွာ ဖျတ်ခနဲ ကျရောက်သွားရသည်။

ဟင် ...

လုံးဝမထင်မှတ်ထားတဲ့ မြင်ကွင်းပါပဲ။

အိုအေစစ်ရယ်လေ ... ရှပ်လက်ရှည် လည်ကတုံးလေးနှင့် ယောပုဆိုးအနက်ကလေးဝတ်ကာ ဘုရားရှိခိုးနေသည်။

တိုက်ဆိုင်လိုက်တာ ...

သူနဲ့ ဒီမှာ ဆုံတွေ့လိမ့်မယ်လို့ ခေမာထင်တောင်မထင်။

ခေမာ ...

ခပ်ဖွဖွကလေး သူ့ဘေးကနေရာလေးမှာ အသာလေးဝင်ထိုင်ပြီး ... ဘုရားကို အာရုံပြုရှိခိုးနေလိုက်သည်။ နေရာကလည်း ပြည့်နေသည်မို့ သူ့နံဘေးက ကွက်လပ်လေးမှာ ထိုင်မိပြီးမှ ခေမာ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်မိသည်။

"ခွပ် ... "



www.burmeseclassic.com

www.burmeseclassic.com



"အ ..."

"ခွေးကောင် ... မင်း ဒါဘာလုပ်တာလဲကွ ကဲကွာ ..."

"ခွပ် ... ခွပ် ..."

"ဖေကြီး ... အို ... အဖေကြီး မလုပ်နဲ့လေ ... မလုပ်နဲ့"

"ဟာ ... ဟဲ့ ... ဟဲ့ လုပ်ကြပါဦး ... ဒီမှာ ဒီမှာ ရန်ဖြစ်နေပြီ"

"ခွေးကောင်စုတ် ... မင်းက ဒီအထိ ငါတို့ကိုလိုက်နှောင့်ယှက်တယ်ပေါ့ ... ဟင် ... တောက် ရိုင်းစိုင်းလိုက်တဲ့ကောင်ကွာ"

"ဟာ ... အန်ကယ် ... ဘာတွေပြောနေတာလဲ၊ ကျွန်တော် ဘာလုပ်မိလို့လဲ ... ဟာ ... ဟာဗျာ အန်ကယ် ..."

ဒေါသတကြီး ပြေးဝင်လာသော ခမောဖေဖေ၏ လက်သီးချက်များက သူမထင်မှတ်လိုက်သော အလစ်အငိုက်ကလေးမှာပဲ တရစပ် ကျရောက်လာပြီး ဆစ်ခနဲ ဆစ်ခနဲ နာကျင်သွားရသည်။

သူ အသိဝင်ကာ ...

နောက်ပိုင်းမှာလွတ်အောင် ရှောင်နိုင်သော်လည်း ဘုရားရှိခိုးနေသူတွေအားလုံး သူတို့နှစ်ယောက်ရဲ့ ရန်ပွဲကြောင့် ဝရုန်းသုန်းကားဖြစ်ကုန်ရသည်။ သူဘယ်လိုမှ ရှင်းပြလို့မရ။ အဘိုးကြီးမျက်နှာက နီရဲခက်ထန်နေသည်။

"ရာရာစစ မင်းက ငါ့သမီးအနားကပ်ပြီး ... တောက်ကွာ ငါမပြောလိုက်ချင်ဘူး"

သူ ...





အဘိုးကြီးပြောတာ တစ်ခုမှနားမလည်။ သူ မတရားစွပ်စွဲခံနေရတာပဲ။

လူတွေကြားထဲမှာမို့ ... သူအရှက်ရနေမိသည်။

အချို့က ရုပ်ကလေးသနားကမားနဲ့ အကျင့်မကောင်းတဲ့ လူတစ်ယောက်အဖြစ် အထင်အမြင်သေးသော မျက်လုံးများနှင့် ဝိုင်းကြည့်နေကြသည်။

"ဒီမှာ ... ဒီမှာ ... ခင်ဗျားတို့ ဘာတွေလဲ ... ဒါဘုရားဗျ၊ ဘုရား ... ရန်ဖြစ်ရမယ့်နေရာ မဟုတ်ဘူး၊ လာ ... လာ ... ဂေါပကရုံးကို လိုက်ခဲ့ကြ ... ဟိုရောက်မှ ပြဿနာကို ဆက်ရှင်းကြဗျာ၊ ဒီမှာ ဘုရားဖူးတွေနဲ့ ..."

"ဗျာ ..."

"အို ..."

"လိုက်မယ် ... လိုက်မယ် ဒီကောင့်ကို လုံးဝမကျေနပ်ဘူး"

သူ ဘာမှပြင်းဆန်လို့ မရခင်မှာပဲ ဂေါပကအဖွဲ့ဝင်နှစ်ယောက်က သူ့အား နှစ်ဖက်ညှပ်ကာ တရားခံဖမ်းသလိုလျှောက်ရင်း သူ အူကြောင်ကြောင်နှင့် ပါသွားရတော့သည်။

"ဖေကြီးရယ် ... ရှက်စရာကောင်းလိုက်တာ၊ လူတွေဝိုင်းကြည့်နေကြပြီ ... ဘယ်လိုလုပ်မလဲ ... ဟယ်တော် ခုမှသတိရတယ် ... သမီး ... သမီးရော ..."

"ဟင် ... ဟုတ်သားပဲ ခမော ... ခမောရော ... စောစော



www.burmeseclassic.com

www.burmeseclassic.com



ကလေးတင်ရှိနေသေးတာ မဟုတ်လား”

“ဒုက္ခပါပဲ ... ရုက်လို့ထွက်ပြေးသွားပြီနဲ့တူတယ်”

“ဟာ ... ဟာကွာ ... တောက် ... ဒါ ဟိုကောင့်ကြောင့်”

“အို ... ရှင်ကလည်း ဒီကောင့်အကြောင်း ထားစမ်းပါ၊ သမီးက အရေးကြီးတယ်ရှင့် ... ”

“ဒီမှာ ... ဒီမှာ ... ဂေါပကလူကြီးခင်ဗျ ... ကျွန်တော့်သမီး ပျောက်သွားလို့ ... အဲဒါ ကျွန်တော် လိုက်ရှာမှဖြစ်မယ်”

“ဗျာ”

“ကျွန်တော်တို့ လိုက်လို့မဖြစ်တော့လို့ပါခင်ဗျာ ... သွားခွင့်ပြုကြပါနော် ... ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်၊ ကဲလာ ... မိန်းမ ... ”

“ဟာ ... ဟော့ ... ဟော့လူ ... ”

မတားနိုင်တော့ပါ။

“ဘယ်လိုအဘိုးကြီးလည်း မသိဘူးဗျာ၊ ဒီမှာ ဘယ်လိုလုပ်တော့မလဲ ... ”

ခပ်ငယ်ငယ်လူတစ်ယောက်က သူ့ကိုရည်ညွှန်းပြောလိုက်ခြင်းဖြစ်သည်။ ဘာပဲပြောပြော ခေမာ ရုက်ရွံ့ပြီး ပျောက်သွားတာကို သူလည်း စိတ်ပူမိသည်။

ခေမာက မိဘတွေနဲ့မှ သွားလာတတ်တဲ့သူလေ။

ဒုက္ခပါပဲ ...





ထိုနေ့က ...

အူကြောင်ကြောင်နှင့် ဂေါပကရုံးသို့ သူရောက်သွားခဲ့သည်။ လူကြီးများရဲ့ ဆုံးမစကားနှင့်အတူ သူနှင့်ခေမာ့အကြောင်းပါ သူ ဖွင့်ပြောပြီး ရှင်းပြခဲ့ရသည်။

မွေးနေ့မနက်ခင်းဟာ ...

သူ မထင်ထားလောက်အောင် အရုပ်ဆိုး အကျည်းတန်မှုတွေနှင့် ပြည့်နှက်နေခဲ့လေသည်။

❀❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"အဟင့် ... ဟင့် ... ဟင့် ... "

ဟင် ...

"အဟင့် ... ဟင့် ... ရွတ် ... "

ငိုသံပါလား။

ဘယ်ကလာတာပါလိမ့်။ သရဲခြောက်တာတော့ လုံးဝ မဟုတ်ပါ။ သူ စိတ်မလုံစွာ ကားရဲ့ဘယ်ဘက်ကို ကားခေါင်းပိုင်း ဘက်ကပတ်ကာ လှမ်းကြည့်တော့ ဘာမှမတွေ့။

"အဟင့် ... ဟင့် ... ဟင့် ... "

ဟောဗျာ ...

အိုအေစစ် ...

အရမ်းအံ့သြနေပြီ။ အသံလေးက ကားနောက်ဘက်ဆီက လွှင့်ပျံလာခြင်းပဲ ဖြစ်သည်။

ဘယ်သူလဲ ...





အခုမှ ဘုရားပေါ်က ပြဿနာတစ်ခုရှင်းပြီး ဆင်းလာခဲ့တာ နောက်တစ်ခုနှင့်တိုးနေပြန်ပြီ။

ဘုရား ... ဘုရား ...

ဒီနေ့ ...

ပြဿဒါးနေ့ပါလား။

သူ မရဲတရဲနှင့်ပဲ ကားနောက်ပိုင်းဆီသို့ ခပ်ဖြည်းဖြည်းတိုး ကပ်သွားမိသည်။ သွားသာသွားရတာ လန့်တော့အလန့်သား။ မျက်နှာကလည်း အဘိုးကြီးကျွေးလိုက်တဲ့ လက်သီးချက်တွေကြောင့် ဖူးယောင်လို့။

"အဟင့် ... ဟင် ... "

ငိုသံလေးက တွက်နေဆဲ။

သူ မသိသလို ထွက်သွားရင် ကောင်းမလား။

ဟာ ...

ဒုက္ခပါပဲ။

မဖြစ်သေးပါဘူး။ တကယ်ဒုက္ခရောက်နေတဲ့သူဆိုရင် ဘယ်လိုလုပ်မလဲ။ ဒီနေ့က သူ့မွေးနေ့ ... ဒုက္ခရောက်နေတဲ့သူကို ကယ်တော့ ကုသိုလ်ရတာပေါ့။

ဆုံးဖြတ်ချက်နှင့်အတူ ကားနောက်ပိုင်းဆီက ငိုသံလေးဆီ သူတိုးကပ်သွားမိ၏။

"ဟင် ... "

ဟုတ်မှဟုတ်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကြောင့်လေးထိုင်ပြီး သူ့ကားလေးကို ကျောဖြင့်မှီကာ မျက်နှာကို လက်ဝါးကလေးအုပ်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေသူမှာ

သူ သိပ်မြတ်နိုးသော သူ့နှလုံးသားလေးပါပဲလား။ တကယ့်ကို ပိုးခေမာမှ ပိုးခေမာ။

"ခေမာ ..."

"ဟင် ... အို ... ရှင် ... ရှင်"

သူ့ကိုမြင်လိုက်ရတော့ ခေမာ အံ့လည်းသြ ... ဝမ်းလည်း ဝမ်းသာမိသွားသလိုပင် ... ခေမာ ဖေဖေတို့ကားကို ရှာနေတာ ကြာပြီ ... လုံးဝမတွေ့တဲ့အပြင် ကောင်လေးတချို့က သူမကို ကားကွင်းထဲ ပတ်လျှောက်နေတာကြာပြီမို့ ပိုင်းစနောက်နေကြသည်။

ရှက်လွန်းသဖြင့် ...

ခေမာ ဘာလုပ်ရမှန်း မသိ ... ။

ကားငှားပြန်ဖို့ စိတ်ကူးသေးသည်။ ခေမာ မငှားရဲပြန်။

နောက်ဆုံး ...

ခေမာ စိတ်ညစ်ပြီး ထိုင်ငိုနေတာ ... သူမ မှီပြီးထိုင်ငိုနေတဲ့ ကားပိုင်ရှင်က အိုအေစစ်ဖြစ်နေသည်။

"လာ ... ခေမာ"

သူ ခေမာလက်ကလေးကို ဖျတ်ခနဲဆွဲကာ ကားလေးပေါ်သို့ တက်စေလိုက်သည်။ ခေမာကလည်း တစ်စုံတစ်ရာ ငြင်းဆန်ခြင်းမရှိပဲ ကားလေးပေါ် လိုက်ပါလာခဲ့ရလေတော့သည်။





သူ ... ရင်တွေ အဆက်မပြတ်ခုန်နေပါသည်။

အခုထိ ...

သူနှင့် ခေမာ ဘာစကားမှ မပြောဖြစ် ... တိုက်ဆိုင်လွန်းနေတာလား ... ခေမာရယ် ... ခေမာ့ကို သူတွေ့ချစ်နေတာ ... ။ ကတိမတည်မှာစိုး၍သာ ခေမာ့ဆီသွားချင်တဲ့ စိတ်ကို မနည်းဖျောက်နေရတာ ...

အခုတော့ ... ခေမာက သူ့ကားလေးပေါ် ရောက်နေပြီလေ။

"ဟို ... ဟို ... ဘယ်ကိုမောင်းနေတာလဲဟင်"

"ဟင် ... အဲ ... မသိဘူး"

သူ မေ့ပြီး ကားသာမောင်းနေတာ ဘယ်ကိုမောင်းနေမိမှန်းမသိ ... ။

"ဟို ... ခေမာ ဖေဖေတို့နဲ့လူစုကွဲပြီး ဘုရားပေါ်ကဆင်းလာတာ ... အဲဒါ ခေမာတို့ကားကို ရှာမတွေ့တော့လို့ ... ။

"ကားက ခုနက တောင်ဘက်မုခ်မှာ ရပ်ထားတာလား"

"ရှင် ... "

"ကားက ဘယ်မုခ်မှာရပ်ထားတာလဲလို့ ... မုခ်ကလေးခုရှိတာလေ ... ရှေ့နောက်တောင်မြောက်"

"ဟင် ... အဲဒါတော့ ခေမာမသိဘူး ... ဖေဖေကတော့ ကားကွင်းထဲမှာ ရပ်လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ ... "

ခေမာ့ အဖြေလေးကို သဘောကျစွာ သူပြုံးလိုက်မိသည်။ ဒါကို ခေမာက မျက်ဝန်းဝိုင်းဝိုင်းလေးတွေနဲ့ ငေးလို့ ... ။

"အို့အေစစ် ... "

"ပြောလေ ... ခေမာ"

"ဟို ... ဟို ... ခုနက ကိစ္စကို ခေမာ တောင်းပန်ပါတယ် နော်"

"ဟာ ... ရပါတယ် ... အဲဒါက အေးဆေးပါ ... ခေမာ့စိတ်ထဲ မထားနဲ့နော်"

"ဒါ ... ဒါပေမယ့်"

သူ့မျက်နှာက ဖူးယောင်နေသည်။ ခေမာ အားနာလိုက်တာ မပြောပါနဲ့တော့ ... ။ တကယ်တော့ ဒီကိစ္စမှာ သူမ အလွန်ပါ။ သူက ဘာမှ မသိတဲ့သူပါ။

မစဉ်းစားမဆင်ခြင်ဘဲ ... သူ့ဘေးက နေရာလွတ်ကလေးမှာ သွားထိုင်မိတာ ... ဖေဖေကလည်း ခေမာ့ဘေးမှာ သူ့ကိုမြင်တော့ ဒေါသတကြီးထိုးကြိတ်တော့တာပါပဲ ... ။

သူမ ...

ရှက်ပြီး ပြေးထွက်လာခဲ့မိတာ ... လေ့ကားထစ်တွေကို ဘယ်လို ကျော်ဖြတ်ပြီး ဆင်းခဲ့မိလည်းတောင် မမှတ်မိတော့ ...

ကားကလည်း ရှာမတွေ့ ...

တော်ပါသေးရဲ့ ...





သူနဲ့တွေ့ပေလို့ ... ။

"ခေမာ ... "

"ရှင် ... "

"အချိန်ရတယ် ... မဟုတ်လားဟင်"

"ရှင် ... "

"ဩော် ... ဟိုလေ ကိုယ်မနက်စာ ဘာမှမစားရသေးလို့ အဲဒါ ... "

"အို ... စား လေ စားပါ ... ခေမာ့ကို အားမနာပါနဲ့ ... ဗိုက်ဆာနေရင်စားပါ ... "

"ဟာ ... မဟုတ်ပါဘူး"

သူ ခေမာ့ကို ဘယ်လိုပြောရမလဲ ... ။

တကယ်တော့ ...

သူ ခေမာနဲ့အတူ မနက်စာ စားချင်ခဲ့တာပါ ... ။ ဘယ်လို စိတ်ခေါ်ရပါ့မလဲ။

"ဟို ... ကိုယ် ... ခေမာနဲ့ ဆုံတုန်း ခေမာ့ကို တစ်ခုခုကျွေးချင်တယ်"

"ရှင် ... ခေမာ့ကို ... "

"အင်း ... ခေမာ လက်ခံပါနော် ... ကိုယ့်မွေးနေ့လေးအတွက် အမှတ်တရလေး အနေနဲ့ပေါ့ ... "

"မွေးနေ့ ... "

"ဟုတ်တယ် ... ဒီနေ့ ကိုယ့်မွေးနေ့လေ ... အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို အစောကြီးတက်လာတာ ...”

“အို ...”

ခေမာ စိတ်မကောင်းလိုက်တာ ...

သူ မွေးနေ့တဲ့ ...။

“ခေမာ စိတ်မကောင်းလိုက်တာ ... ရှင့် မွေးနေ့မှာမှ”

“ဘာဖြစ်လို့လဲ ခေမာ ...”

“ပြဿနာ ဖြစ်ရတယ်လို့ ...”

“ဟား ... ဟား ... ဟား ... အဲဒါ ဘယ်လောက်ကောင်းလဲ ခေမာရဲ့ ...”

“ရှင် ...”

“ဟုတ်တယ်လေ ... ခုလိုပြဿနာတက်တော့ ခေမာနဲ့ ကိုယ်နဲ့မွေးနေ့ အမှတ်တရလေးဖြစ်တယ် ... ပြီးတော့ ကိုယ့်မွေးနေ့ အတွက် ခေမာ့ကို မနက်စာကျွေးခွင့်ရတယ် ... ဘယ်လောက် ကောင်းလဲ ...”

“ရှင်ကလဲ ...”

“ဘာလဲ ... ခေမာက မနက်စာ လိုက်မစားဘူးလား”

“ဟို ... မဟုတ်ပါဘူး ... စားမယ် စားမယ်နော် ...”

သူ့မျက်နှာလေးပျက်သွားတာကို ခေမာ မကြည့်ရက်ပါ။ သူ့မွေးနေ့မှာ ခေမာ့ကြောင့် တစ်ကြိမ်စိတ်ရှုပ်စရာ သူကြုံခဲ့ပြီးပြီမို့ နောက်ထပ်သူ့ကို စိတ်မညစ်စေချင်ပါ ... အဲဒါကြောင့် သူနဲ့ မနက်စာ စားဖို့ဆုံးဖြတ်ခဲ့တာ ခေမာ မမှားလောက်ဘူး ထင်ပါတယ်





နော် ...”

သူက ကားလေးကို ဆိုင်တစ်ခုရှေ့မှာ ထိုးရပ်လိုက်သည်။ သူမကို ကားတံခါးလေးက လာဖွင့်ပေးတော့ သူမ အလိုက်တသိပဲ ဆင်းလိုက်မိ၏။

သူမတို့ နှစ်ယောက်ယှဉ်တွဲကာ ဝင်လာခဲ့၏။

လိုက်ဖက်လွန်းသောကြောင့် သူတို့နှစ်ယောက်ဆီသို့ မျက်ဝန်းကလေးတွေ ဖွေခနဲရောက်လာကြသည်။ ခေမာ့ ခြေလှမ်း လေးတွေ တုန့်ခနဲ ရပ်တန့်သွားရသည်။

“လာ ... ခေမာ”

အထဲမှာ စားပွဲဝိုင်းအပြည့် စားသုံးနေကြသော လူတွေကို ကြည့်ပြီး ခေမာ ခြေလှမ်းကလေးတွေ ရှံ့နေ၏။ ဒါဟာ ခေမာ့ဘဝ မှာ မိသားစုနဲ့ မဟုတ်ဘဲ သူစိမ်းယောကျ်ားလေး တစ်ယောက်နဲ့ အပြင်ဆိုင်တစ်ခုမှာ မုန့်စားဖူးခြင်းဖြစ်သည်။

“ခေမာ ... လာလေ”

“ခေမာ ... ကြောက်တယ်”

“ဟင် ... ဘာကို ကြောက်တာလဲ”

“မ ... မသိဘူး ... ခေမာ တစ်ခါမှ ဒီလိုမစားဖူးဘူး”

“သြော် ...”

သူက နားလည်သလို တစ်ချက်ပြုံးလိုက်ပြီး ပိုင်စိုးပိုင်နင်း နိုင်စွာ ခေမာလက်ကလေးကို ဆွဲယူဆုပ်ကိုင်ပြီး ရှေ့ကနေ ဆွဲခေါ် ခင်သွားလေသည်။



www.burmeseclassic.com

အို ...

ခေမာ ...

ရင်တွေ ဆက်ခနဲ ခုန်သွားရသည်။

နွေးထွေးမှုတွေ ပြည့်ဝနေတဲ့ သူ့ရဲ့ကြင်နာတဲ့ လက်ကလေးထဲမှ ခေမာမရုန်းထွက်မိ ... ။ ဘာကြောင့်လဲ အခုချိန်မှာ အားကိုးတကြီး ဆုပ်ကိုင်ထားဖို့ အင်အားပြည့်ဝတဲ့ လက်လေးတစ်ဖက် ခေမာ့မှာ အရမ်းကို အရေးတကြီး လိုအပ်နေခဲ့တာပါ ...

သူကတော့ ခပ်အေးအေးပင် ...

လွတ်နေတဲ့ စားပွဲဝိုင်းလေးဆီ သူကပဲ ခေမာ့လက်ကလေး ဆွဲခေါ်ပြီး ဝင်ထိုင်လိုက်သည်။

ခေမာ ခေါင်းလေး မဖော်ရဲလောက်အောင်ကို အရမ်းပဲ ရှက်နေမိသည်။

"ခေမာ ..."

"ရှင် ..."

"အခုလို အချိန်ပေးတဲ့အတွက် ခေမာ့ကို ကျေးဇူးလည်းတင်ပါတယ် ... ကိုယ် အရမ်းလည်း ဝမ်းသာတယ် ... ထင်လည်း မထင်ထားမိဘူး ..."

ဟုတ်တယ် ...

ခေမာလည်း မထင်ထားမိပါဘူး ... ။

"ပြီးရင် ... ခေမာ့ကို အိမ်ပြန်ပို့ပေးပါနော်"

"ပို့ပေးမှာပေါ့ ခေမာရယ် ..."





ပန်းနုရောင် မျက်နှာရဲရဲလေးနဲ့ ရှက်ပြီးခေါင်းလေးငုံ့ထားတဲ့ ခေမာ့ကို သူတမေ့တမောငေးကြည့်နေမိသည်။

ခေမာရယ် ...

သိပ်ချစ်စရာ ကောင်းတာပဲကွာ ...

ကိုယ့်ရဲ့ ချစ်သူလေးသာ ဖြစ်လိုက်ပါတော့လား ခေမာရယ်

ဘာစကားမှ မပြောဘဲ ငြိမ်သက်စွာ ခေါင်းလေးငုံ့နေသော သူမရဲ့ ဟန်ကလေးကို သူ အသည်းယားနေမိသည်။ တစ်ခါတစ်ခါ သူမကလေး လှည့်အကြည့် သူ့မျက်ဝန်း စူးရှရှ ကလေးများနှင့်ဆုံပြီး သူမကလေးကပဲ အကြည့်ကို လွှဲဖယ်သွားတော့သည်။

"ဩော် ... တော်တော် ဟုတ်နေကြပါလား"

"ဟင် ..."

"ဟာ ..."

"မထင်ပါ ..."

သူရော ခေမာပါ အသံရှင်ကို မော့ကြည့်ပြီး အံ့ကြသွားရသည်။

"ခေမာ ... လာစမ်း"

"ဟို ... ဖေဖေ ... သမီး ... သမီး ..."

ခေမာ ဘာဆက်ပြောရမှန်း မသိ ... ။ မီးဝင်းဝင်းတောက်နေသော ဖေဖေ့ရဲ့ ဒေါသမျက်ဝန်းတွေအောက်မှာ မနေရဲလောက်အောင် အခိုးအငွေ့ဖြစ်ပြီး ပျောက်ကွယ်သွားချင်နေမိသည်။

"အန်ကယ် ... ဒီမှာဗျ တဆိတ်လောက်"

www.burmeseclassic.com



"ဟော့ကောင် ... မင်း ပါစပ်ပိတ်ထားစမ်း ... မင်းဘာမှ ဝင်ပြောနေရာ မလိုဘူး ..."

"ဖေဖေ ..."

"ဘာ ဖေဖေလဲ ... အရှက်မရှိတဲ့ တိရိစ္ဆာန်မ ... လာခဲ့"

အို ...

ဖေဖေ့မျက်နှာမှာ ရှက်ရွံ့မှုတွေ၊ မယုံကြည်နိုင်မှုတွေနှင့် ပြွတ်သိပ်လို့နေသည်။ ဒေါသကြောင့် မျက်နှာတစ်ခုလုံးလည်း နီရဲတွတ်နေ၏။

"ဒီမှာ ... အန်ကယ် အခုကိစ္စမှာ ... ခေမာက ဘာအပြစ်မှ မရှိတဲ့သူပါ ... ပြီးတော့ ကျွန်တော်တို့ နှစ်ယောက် ..."

"တော်စမ်း ... ဟော့ကောင် မင်းပါးစပ်ကို ပိတ်ထားလို့ပြောထားတယ် ... ငါ့လက်သီး မင်းမျက်နှာဆီ ပြေးဝင်မလာခင် မင်းပါးစပ်ကို ပိတ်ထား ... ထစမ်း ... ခေမာ ဘာအခုမှ ကြောက်သလိုလို လုပ်နေတာလဲ ..."

ဖေဖေ ဆွဲထူတော့ ခေမာ့ကိုယ်လေး ဗွေ့ခနဲပါသွားရသည်။

"မောင်ထွန်း ... အဲ့ အရှက်မရှိတဲ့ ဟာမကို ကားပေါ်ဆွဲခေါ်သွားစမ်း"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

ခေမာသည် ရှက်လွန်းသဖြင့် တသိမ့်သိမ့်ရှိုက်ငိုရင်း ဦးထွန်း ရဲ့ ဆွဲခေါ်မှုနောက်ပါသွားလေသည်။

"လူလိမ်လူညာ ... မင်း ငါ့သမီးကို ဘာမှပတ်သက်စရာ





မလိုဘူး ... မင်းလို အရိုင်းအစိုင်းကောင်နဲ့ ငါ့သမီး လုံးဝမတန်ဘူး ကွ သိလား ... မင်း သိပ်ပြီး စိတ်ကူး ယဉ်မနေနဲ့ ... မင်းဘာမှ ငါ့သမီးကို ဖြားယောင်းသွေးနေစရာ မလိုဘူး ..."

ခေမာ့ ဖေဖေရဲ့ တစ်ဘက်သတ် ကြိမ်းမောင်းမှုကို သူလက်မခံချင် ... ။

"ဒီမှာ အန်ကယ် ... အန်ကယ်ဟာ ခေမာ့ဖေဖေဆိုတဲ့ အသိနဲ့ ကျွန်တော့်စိတ်တွေကို ထိန်းချုပ်ထားတာပါ ... အဲဒါကို သရဲဘောကြောင်တယ်လို့ မထင်ပါနဲ့ ... ကျွန်တော် ဘယ်သူခြိမ်းခြောက်တာကိုမှ မကြောက်ဘူး ... ကျွန်တော် ခေမာ့ကို အရမ်းချစ်တယ် ...

အဲဒီ အချစ်ကို စိတ်ကူးယဉ်တယ်ပဲပြောပြော ဖြားယောင်းသွေးဆောင်တယ်လို့ပဲ သတ်မှတ်သတ်မှတ် ကျွန်တော့် ရှင်သန်နေတဲ့ အချိန်တိုင်းဟာ ခေမာ့အတွက်ပဲ ထာဝရဦးတည်နေမှာပဲ။ ကျွန်တော် ခေမာ့ကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားပြမယ်။ အန်ကယ့်ရဲ့ မဆင်မခြင် အရှက်ခွဲမှုတွေရဲ့ အကျိုးကို အန်ကယ်တစ်နေ့ပြန်ရစေရမယ် ..."

"အောင်မာ ... ခွေးကောင် မင်းကများ ငါ့ကို စိန်ခေါ်သေးတယ် ... စမ်းကြည့်လေ မင်းစမ်းကြည့်လိုက် ..."

စားတော့ ဝါးတော့မတတ် ခပ်စိမ်းစိမ်း သူ့ကို စိုက်ကြည့်နေပြီး ခေမာ့ဖေဖေက တစ်ခွန်းချင်း ပြောလေသည်။

"အိုကေ ... အန်ကယ် အမြဲမှတ်ထားပါ ... အိုကေအစစ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကျွန်တော်နဲ့ အန်ကယ်ရဲ့ကြားမှာ စိန်ခေါ်ပွဲတစ်ပွဲရှိနေတယ်လို့"

"ဟား … ဟား … ဟား"

သူ …

အံကို တင်းတင်းကြိတ်ထားမိတော့သည်။

❀❀

အခန်း ( ၁၃ )

အိုအေစစ် …

ဂဏ္ဍာမငြိမ် ယောက်ယက်ခတ်ဖြစ်နေရသည် …

ခေမာ သင်တန်းမလာတာ နှစ်ရက်ရှိပြီ …

ဘာလို့လဲ …

ခေမာ ဘာဖြစ်နေပြီလဲ …

"ဟိုလေ … ဒီအခန်းက ပိုးခေမာ ကျောင်းလာတာတွေ့မိလား မသိဘူး … "

"ဟင် … ရှင် မသိသေးဘူးလား … ခေမာ့ အဖေက ခေမာ ဒီတနှစ်ကျောင်းနားမယ်လို့ပြောသွားတာ … "

"ဗျာ … "

"ကျွန်မလည်း သေချာမသိဘူး … ဟိုနေ့ကထိတော့ အကောင်းချည်းပါပဲ … "

သူ …



www.burmeseclassic.com

www.burmeseclassic.com



လေးလံထိုင်းမှိုင်းတဲ့ ခြေလှမ်းတွေနှင့် ကျောင်းပေါ်က ဆင်းခဲ့မိသည်။

ဒါ ...

အဘိုးကြီးလက်ချက်ပဲ ဖြစ်ရမယ် ...

သူ လာမယ်ဆိုတာ ကြိုသိလို့ တမင်ကျောင်းထုတ်သွားတာပဲ ဖြစ်ရမည်။

ခေမာ့ဆီမှာ သူ့ဖုန်းရှိပါလျက်နဲ့ ခေမာ ဘာလို့ မဆက်သွယ်သေးတာလဲ ... တကယ်များ လွှင့်ပစ်လိုက်ပြီလား ...

ဟူး ...

ဘာဆက်လုပ်ရမလဲ ...

အရေးကြီးတာက ခေမာ ဘယ်မှာရှိနေလဲဆိုတာ သိရဖို့ပင် ခေမာ့ကို သူအရမ်းစိတ်ပူနေရ၏။

ခေမာ ...

တစ်ခါပြောဖူးတဲ့ အမှောင်ခန်းလေးထဲ ရောက်နေပြီလား

ခေမာ့ ဖေဖေက အရမ်းဒေါသကြီးတာ ...

လွယ်တော့ လွယ်မှာမဟုတ် ...

ထူးဆန်းတာတစ်ခုက သူနဲ့ ခေမာရှိနေတဲ့ဆိုင်ကို ခေမာ့အဖေက ဘာလို့ အလွယ်တကူ ရှာတွေ့သွားရတာလဲ ... တစ်ယောက်ယောက်များ ဖုန်းဆက်ပြောလိုက်တာလား ...

ဟူး ...

သူ ... အတွေးတွေနှင့် စိတ်ရှုပ်ထွေးရင်း သက်ပြင်းမောကြီး





ကို မှုတ်ထုတ်လိုက်မိသည်။

ခေမာတစ်ယောက်ကတော့ ...

အိုအေစစ်နှင့် နှစ်ယောက်ထဲ ဆိုင်ထိုင်မိတဲ့ အပြစ်ဒဏ်ကို ခံစားနေရပြီ ...

"ခေမာ ကြောက်တယ် ... ခေမာ့ကို တစ်ယောက်ထဲ မထားခဲ့ပါနဲ့ ... ခေမာ ဒီအမှောင်ခန်းကို ကြောက်လို့ပါ"

"ထားရမှာပဲ ... တစ်စက်လေးမှ အသိဉာဏ်မရှိတဲ့ မိန်းမ နင့်ကြောင့် နင့်အဖေ ရောင့်ရှိ မိဘတွေရှေ့မှာ ဘယ်လောက် သိက္ခာကျရလဲ ... "

"အဟင့် ... ဟင့် ... ဟင့် ... သမီးတောင်းပန်ပါတယ် ... သမီးနောက်ထပ် မဖြစ်စေရပါဘူး"

ခေမာ ...

ငိုယိုကာတောင်းပန်မိသည်။

"မရဘူး ခေမာ ... ဒါ သမီးဖေဖေရဲ့ အမိန့်ပဲ ... မှတ်လောက်သားလောက်အောင် တစ်ပတ်တိတိ ပိတ်ထားရမယ်တဲ့ ... မေမေ လည်း ဘာမှမတတ်နိုင်ဘူး ခေမာ ... "

မေမေက ပြတ်သားစွာ ငြင်းပယ်သည်။

"အဟင့် ... ဟင့် ... ဟင့် ... ခေမာ့ကို သနားပါဦး ... မေမေ ... မေမေ"

မေမေက ခေါင်းကိုခါယမ်းပြီး ...

"မေမေ ... သွားတော့မယ် ခေမာ ... ထမင်းတော့စားနော်



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ သမီးအားရှိမှာ ... သမီး ဖေဖေကိုတော့ မေမေပြောကြည့်ပေးပါ့မယ်"

"မေမေ ... မေမေ ... နေပါဦး မေမေရယ်"

မေမေက စိတ်မကောင်းစွာ တစ်ချက်စိုက်ကြည့်ပြီး ထွက်သွားဖို့ ခြေလှမ်းတွေပြင်နေပြီ ... ခေမာ ဘယ်လိုလုပ်ရမလဲ ...

ခေမာ ...

ဒီအခန်းထဲနေရမှာကို အရမ်းကြောက်တယ် ...

ငယ်ငယ်လေးထဲက ...

ခေမာက ညအိပ်ရင်တောင် ညအိပ်မီးသီးလေးဖွင့်ပြီး အလင်းရောင်ရနေမှ အိပ်တတ်တာပါ ... ခုလို မှိန်ပြပြ မီးလုံးလေး တပ်ထားတဲ့ အခန်းထဲမှာ ခေမာ ဘယ်လိုနေရမှာလဲ ...

အခုတော့ ...

တစ်ခန်းလုံး မှောင်မဲနေတဲ့ အခန်းထဲမှာ ခေမာတစ်ယောက်ထဲရယ် ... နေ့မှန်းညမှန်းတောင် မသိရတဲ့ ဒီအခန်းကို ခေမာ မုန်းလည်းမုန်း ကြောက်လည်း ကြောက်မိသည်။

"မေမေ ..."

မေမေက လှည့်မကြည့်တော့ ...

"မေမေ ... အင့် အဟင့် ... ဟင့်"

"ကျွီ ..."

"ဒုန်း ..."

"မေမေ ..."





မေမေသွားပြီ ... ။

မေမေသည် ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် တစ်စက်ကလေးမှ နောက်လှည့်မကြည့်ဘဲ တံခါးကို သော့ခတ်ကာ ထွက်သွားလေတော့သည်။

"အဟင့် ... ဟင့် ... ဟင့်"

ခေမာ ကြေကွဲစွာ ရှိုက်ငိုလိုက်မိသည်။

"ခေမာ ... ခေမာ ကြောက်တယ် ... ခေမာ့ကို အပြင်ကို ထုတ်ပေးကြပါ ... "

ခေမာ ...

တတွတ်တွတ် အော်ပြောနေမိသည်။

ရောင်နီကျော် ...

အဲဒါ ရှင့်ကြောင့်သိရဲ့လား ...

ခေမာ ကံဆိုးတာပါ ... ခေမာနဲ့ အိုအေစစ်နဲ့ ဆိုင်ထဲဝင်လာတာကို ပထမဆုံး စတွေ့တာ ရောင်နီကျော်ဆိုတဲ့ လူ ...

ခေမာ ကြောက်စိတ်မွှန်နေတာနဲ့ ... သူ့ကို သတိမထားမိခဲ့ ... သူကပဲ ဖေဖေ့ကို အကြောင်းကြားခဲ့တာ ...

"ကျွီ ... ကျွီ ... "

"အမေ့ ... "

ကြွက် ... သူမ ခြေထောက်နားကနေ တကျွီကျွီအော်ရင်း ဖြတ်ပြေးသွားသည်။ ခေမာ အရမ်းကြောက်လို့ ခြေထောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခုတင်လေးပေါ် တင်ထားမိသည်။

ရောင်နီကျော် ...

ရှင့်ကို အရမ်းမုန်းတာပဲသိလား ...

ဒါပေမယ့် ...

ဆိုင်ထဲမှာ ဖေဖေနဲ့ အိုအေစစ် ဘာတွေ ဆက်ဖြစ်ကြလည်း ဆိုတာတော့ ခေမာ စိတ်ပူတယ် ... အခြေအနေကတော့ ဘယ်လိုမှ ကောင်းမှာ မဟုတ်လောက်ဘူး ...

ပြောမယ့်သာ ပြောရတာပါ ...

သူ့ကားပေါ် ခေမာ ရောက်နေပြီပဲ ... ဖေဖေ့အပေါ် မကျေနပ်တဲ့စိတ်နဲ့ ခေမာ့ကို တစ်နေရာရာခေါ်သွားပြီး တစ်ခုခုကြံရင် ဘယ်လိုလုပ်မလဲ ...

ခု ...

သူက အဲလို မလုပ်ခဲ့ ...

"ဂွီ ... ဂွီ ..."

"အမလေး ... ကြွက် ... ကြွက်"

ခေမာ့အသံလေး အခန်းထဲ ဆူညံနေတဲ့အချိန်မှာ အိုအေစစ်ကတော့ ပွံ့ပွံ့ရှေ့မှာ မျက်နှာငယ်လေးနှင့် ...

"ကူညီပါကွာ ... အစ်ကို့ကို ပြောပြပါ ... ခေမာ ဘယ်မှာရှိလဲ ... ခေမာ့ကို သူတို့ ဘယ်ပို့လိုက်ကြတာလဲ ... ပွံ့ပွံ့ အစ်ကို့ကို အဲဒါလေးတော့ ပြောပြပေးပါ"





"အစ်ကိုလေးရယ် ... ဟို ဟို ..."

"အစ်ကို့ကို ပြောပြပေးပါကွာ ... ခေမာ ဘယ်မှာရှိတယ်ဆိုတာ ... ပွံ့ပွံ့ သိပါတယ် ... ပြောပြပါ ... ပွံ့ပွံ့ ပြဿနာ မတက်စေရဘူးလို့ အစ်ကို အာမခံပါတယ် ..."

သူ ...

ခေမာ့တို့အိမ်က ကောင်မလေးကို အတင်းမေးနေမိသည်။ ပွံ့ပွံ့ဆိုတဲ့ ကောင်မလေးက ပြောချင်နေပေမယ့် အိမ်ရှင်တွေကို ကြောက်နေပုံရလေသည်။

သူ ...

အထပ်ထပ် ချော့မော့မေးနေရသည်။

"ပြောပါ ပွံ့ပွံ့ရာ ... လုပ်ပါ ... ခု ကားက ထွက်တော့မှာ တော်ကြာ နင့်အိမ်ရှင်တွေ မြင်သွားရင် ..."

"ဟင် ..."

ပွံ့ပွံ့ ကြောက်သွားပြီ ... ။

"ငါကတော့ မသိရမချင်း နင့်ကို လိုက်နေဦးမှာပဲ"

သူ ခပ်တည်တည် ပြောတော့ ပွံ့ပွံ့ ယုံသွားပြီး ကြောက်ရွံ့စွာဖြင့် ...

"ဟာ ... အဲလိုတော့ မ ... မလုပ်ပါနဲ့ ပွံ့ပွံ့ကို သတ်မှာ အမလေး ကြောက်လိုက်တာ ... ပွံ့ပွံ့တော့ ဒုက္ခလှလှကြီး တွေ့ပါပြီတော် ... အဟီး ဟီး ..."



www.burmeseclassic.com

www.burmeseclassic.com



ဘာမပြော ညာမပြော ပုံ့ပုံ့က ထငိုလေတော့သည်။

"ဟဲ့ ... ဟဲ့ ... ငိုတော့ မငိုလိုက်နဲ့လေဟာ ... ငါသိချင်တာလေး သိရရင် ပြန်မှာပါ ... နင်က ပြောပြလိုက်လေဟာ"

"ဟုတ် ... ဟုတ် ... ပုံ့ပုံ့ ပြောပြပါ့မယ် ... ဒါပေမယ့် ပြောပြပြီးရင်တော့ အစ်ကိုလေးပြန်ရမယ်နော် ... ပုံ့ပုံ့ဆီက သိတယ်ဆိုရင် မလွယ်ဘူး ..."

"အေးပါဟာ ... ဘယ်သူမှ မသိစေရဘူး ... ငါ တာဝန်ယူတယ် ... ဟုတ်ပြီလား"

ပုံ့ပုံ့က စဉ်းစားနေသလိုရှိ၏။

"ဟော့ကောင်လေး ... မပြီးသေးဘူးလား ... ငါတို့ ဆက်သွားရဦးမယ်ဟ ..."

"ဟာ ... ခဏလေး ... ခဏလေးပါဗျာ"

အရေးထဲ စည်ပင်အမှိုက်ကား မောင်းတဲ့ လူကြီးက တမှောင့် ...

သူ ...

ကြံရာမရလို့ ခေမာ့မြိုရှေ့ရောက်မယ့် လမ်းကိုရွေးခဲ့တာပါ။ နှစ်ရက်တစ်ခါ လာတတ်တဲ့ အမှိုက်ကားကို အကူအညီတောင်းပြီး လိုက်လာခဲ့တာပါ။ မြတ်ဦးထုပ် နွမ်းနွမ်းကို ခပ်ငိုက်ငိုက် စောင်းထားပြီး ... အမှိုက်သိမ်းခေါင်းလောင်းခေါက်နေတဲ့ သူ့ကို ပုံ့ပုံ့ပင် ရုတ်တရက် မမှတ်မိ ... ။





"ပြောလေဟာ ..."

"ဟို ... ဟိုလေ ... မမလေးက ဒီတိုက်ကြီးထဲက စတိုခန်းလေးထဲမှာ ရှိနေပါတယ်"

"ဘာ ..."

"အမလေး"

သူ့အသံကြောင့် ပုံ့ပုံ့ အလန့်တကြား ထအော်မိတဲ့အထိပင်။

"ဘာ ... ဘာရယ် ... အမှောင်ခန်း ဆိုတာလား"

"ဟုတ် ... ဟုတ် ... အမှားတစ်ခုခုလုပ်တိုင်း အဲ့အခန်းထဲပို့ပြီး အပြစ်ပေးနေကြပါ"

ဟာ ...

ခေမာရယ် ...

ဖြစ်ရလေကွာ ...

"မမလေးက ... အမှောင်ကို အရမ်းကြောက်တာ ..."

သူ ...

အသက်ရှူပင် ရပ်တန့်သွားရလောက်အောင် ရင်တစ်ခုလုံး နာကျင်သွားရသည်။

"ကောင်လေးရေ ... သွားမယ်ဟေ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူ လှမ်းအော်က ဖြေလိုက်ပြီး စက်နှိုးနေသော ကားဆီသို့ ခြေလှမ်းရွေ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပုံ့ပုံ့ … သူ့ဆီမှာ ငါ့ဖုန်းရှိသေးလားလို့ မေးပေးပါ … ရှိသေးရင် နင်ငါ့ကို အချက်ပြလေ … ငါ ညနေ ထပ်လာခဲ့ဦးမယ်"

"ဟာ … ဘယ် … ဘယ်လို"

"သူ့ကို ထမင်း ဘယ်သူပို့ရလဲ"

"တစ်ခါတစ်လေ ပုံ့ပုံ့ပို့ရတယ် … တခါတလေ မေမေကြီး ကိုယ်တိုင်ပို့တယ် … "

"အေး … နင်ပို့ရတဲ့ အချိန်မေးလိုက် … ရှိသေးတယ်ဆိုရင် နင် သူ့ကို ရအောင်ယူပေးလိုက် … "

"ဟုတ် … ပုံ့ပုံ့က မမလေးလက်ထဲ ဖုန်းရောက်တာ ဘယ်လိုအချက်ပြရမလဲ"

ပုံ့ပုံ့က အားတက်သရော ကူညီမယ့် ပုံလေးပြလာသဖြင့် အိုအေစစ် မျှော်လင့်ချက်တွေ ရှင်သန်လာခဲ့ရသည်။

"ဒီလိုလုပ် … သူ့လက်ထဲ ဖုန်းရောက်ရင် နင် အဖြူရောင် အင်္ကျီဝတ်ပြီး ဝရံတာမှာ မတ်တတ်ရပ်ပြလေ … ငါ စောင့်ကြည့်နေမယ် … "

"ဟုတ်ကဲ့ … "

သူ ပုံ့ပုံ့ကို လက်ပြကာ မောင်းထွက်စပြုနေတဲ့ ကားပေါ် တွယ်တက်ရင်း လိုက်ပါလာခဲ့သည်။

ပုံ့ပုံ့ကတော့ …

ခြံထဲကိုသာ ပြန်ဝင်လာရတာ ရင်ကတော့ တထိတ်ထိတ်





ကြောက်ရတဲ့ကြားထဲ တိုက်အဝင်တွင် ဘဘကြီးနှင့်တန်းတိုးပြီး လက်ထဲက အမှိုက်ပုံးက လွတ်ကျသွားရသည်။

"ဒုန်း … ဂလုံး … ဂလုံး"

"ဟဲ့ … ဒါက ဘာဖြစ်တာလဲ … ခြေမနိုင် လက်မနိုင်နဲ့ အလုပ်လုပ်တာ လက်ကြောကို မတင်းဘူး … "

သူမကို တဖျစ်တောက်တောက်နှင့်ဆူကာ ကားပေါ်တက် သွား၏။

ပုံ့ပုံ့ …

အမှိုက်ပုံးလေးကို ကောက်ကာ အိမ်ထဲကို ပြေးဝင်လာခဲ့မိ လိုက်တော့၏။

❀❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ပို့ပို့"

"ရှင်"

"ဘာလုပ်နေတာလဲ ... အလုပ်မလုပ်ဘဲ ဒီမှာ အချောင်လာ ခိုနေတာလား ... "

"ရှင် ... မဟုတ် ... မဟုတ်ပါဘူး မေမေကြီး ... အမှိုက်သွန် ပြီးလို့ ... ပို့ပို့ အိမ်သန့်ရှင်းလုပ်ဖို့ပါ မေမေကြီး"

အပေါ်ထပ်က ဆင်းလာတဲ့ မေမေကြီးကိုတွေ့လိုက်၍ ပို့ လန့်သွားရသည်။ နီးစပ်ရာ တံမြက်စည်း တစ်ချောင်းဆွဲယူပြီး ဆင်ခြေတစ်ခုကို ခပ်မြန်မြန်ပေးလိုက်ရသည်။

"ထားလိုက် ... ထားလိုက် နင့်မမလေး အခန်းကိုသွားပြီး သန့်ရှင်းရေး လုပ်ပေးထားလိုက်ဦး ... လျှော်ရမယ့် ဟာတွေ အောက်ချခဲ့ ... "

"ဟုတ်ကဲ့ ... မေမေကြီး"

ပို့ပို့ ...





ကြိတ်ပြီး ဝမ်းသာသွားမိသည်။

ဒီအခွင့်အရေးက ရဖို့မလွယ် ... အခန့်သင့်လိုက်တာနော်။ စိတ်ကြိုက် ရှင်းရင်းနဲ့ ဟန်းဖုန်းကိုရှာရမည်။ အတွေးနှင့်သူမမျက်နှာလေး ပြုံးသွားရ၏။

မေမေကြီးအနားက သွက်လက်သော ခြေလှမ်းကလေးများနှင့် ပို့ပို့ အပေါ်တက်ရန် ခြေလှမ်းပြင်လိုက်စဉ် ...

"ဟဲ့ ... ဟဲ့ ဒါက ဘယ်လဲ"

"ရှင် ... မမလေး အခန်းသွားရှင်းမလို့လေ"

"ဟဲ့ ... သော့မပါဘဲ နင် ဘယ်လိုဝင်ရှင်းမှာလဲ"

အဲ ...

ဟုတ်သားပဲ ...

ပို့ပို့ မေမေကြီးထံမှ သော့လေးကိုယူပြီး အပေါ်ထပ်ကို တမန်းကတန်းလေး တက်ခဲ့လိုက်သည်။

အခန်းတံခါး ဖွင့်ဝင်ပြီး အိပ်ယာခင်းတွေလဲပေးရင်း အိပ်ယာပေါ်မှာ ရှိမလား ရှာကြည့်မိသည် ... ။

မတွေ့ ...

မမလေး ...

မလွှင့်ပစ်လိုက်ပါစေနဲ့ ...

ရင်ထဲမှာလည်း ကြိတ်ပြီး ဆုတောင်းနေမိသည်။

ကြာတော့ ...

ပို့ပို့ လက်လျှော့ရမလိုဖြစ်လာသည်။ ရေချိုးခန်းကအစ



www.burmeseclassic.com

www.burmeseclassic.com



မကျန် ပုံ့ပုံ့ ရှာထားပြီသားပဲ ...

အဝတ်အစား ဘီဒိုလေး တစ်ခုပဲရှာဖို့ ကျန်တော့သည်။ ပုံ့ပုံ့ ဘီဒိုလေး ဖွင့်ပြီး အဝတ်အစားတွေကို စီစီရီရီထပ်ပေးနေစဉ်မှာပဲ

"ဒေါက် ... "

"ဟဲ့ ... ဘာကြီးတုန်း"

ပုံ့ပုံ့ လန့်သွားရသည်။ လစဉ်သုံး ပစ္စည်းထုတ်လေးကို ဘေးထောင်သို့ မအရွေ့ ထွက်ကျလာသော ပစ္စည်းလေး ...

"ဟယ် ... "

ပုံ့ပုံ့ အရမ်းဝမ်းသာပြီး ကဗျာကယာ ကောက်ယူလိုက်မိသည်။ ဖုန်းလေး ... အစ်ကိုလေး ပြောတဲ့ ဟန်းဖုန်းလေး ... ။

"အမလေး ... မမလေးရယ် ဖွက်တတ်လိုက်တာ ... ဖုန်းလေးတော့ ဘုန်းနိမ့်ပါပြီတော်"

"ပုံ့ပုံ့ရေ ... ပုံ့ပုံ့ ... "

အပေါ်ထပ်သို့ တက်လာရင်း အော်ခေါ်လိုက်တဲ့ မေမေကြီးရဲ့ အသံကြောင့် လန့်ဖျပ်ကာ စောစောက အိတ်ကလေးထဲ ဖုန်းလေးကို ပြန်ထိုးထည့်ပြီး လျှော်မယ့်အဝတ်တောင်းထဲ ထိုးထည့်ပစ်လိုက်သည်။

"ဟဲ့ ... ပုံ့ပုံ့ သန့်ရှင်းရေးလုပ်နေတာ မပြီးသေးဘူးလား"

"ပြီး ... ပြီးပါပြီ မေမေကြီး"

ပြောလည်းပြော အဝတ်ဘီဒိုတွေကိုလည်း သေချာသော့ ပြန်ခတ်ထားလိုက်သည်။





"ရော့ ... မေမေကြီး သော့တွေ"

"အေး ... အေး"

ပုံ့ပုံ့ အဝတ်တောင်းလေး အသာမပြီး ... ထွက်လာခဲ့လိုက်သည်။ မမလေးဆီ ဒီဖုန်းလေးရောက်အောင် ဘယ်လိုပေးရပါမလဲ

အို ...

အဲဒါက နောက်မှပါ ...

ခု ပုံ့ပုံ့လုပ်ရမှာက အဖြူရောင်အင်္ကျီလေး ပြန်လဲလိုက်ပြီး ဇရုံတာဘက် ထွက်ရပ်ရမှာပါ ...

အိုအေစစ်ကတော့ သစ်ပင်တစ်ပင်နဲ့ ကွယ်ရပ်ရင်း ခေမာတို့အိမ်ကို လှမ်းကြည့်ကာ စိတ်လှုပ်ရှားနေရသည်။

ပုံ့ပုံ့ကို သူမျှော်နေတာပါ ...

ဒီကောင်မလေး ...

ဘယ်လောက်တောင် အလုပ်များနေလဲမသိ ... ခုထိကို ထွက်မလာနိုင်သေးဘူး ... ။

"ဟာ ... "

သူ ကပျာကယာ လမ်းဘေးရှိ သစ်ပင်ချုံကလေးနှင့် အသာကွယ်ကာ ကားလမ်းအား နောက်ကျောပေး ထိုင်လိုက်ရသည်။

ရောင်နီကျော်ရဲ့ ကားပဲ ...

တော်သေးတာက သူချောင်းနေတဲ့ အချိန်နှင့်တိုးမသွားတာ ... ဒီကောင့်ကို ကြောက်လို့တော့ မဟုတ်ပါဘူး ... ခေမာ့အပေါ် အပြစ်တွေ ထပ်ကြီးသွားမှာ စိုးလို့ပါ ...



www.burmeseclassic.com

www.burmeseclassic.com



မေမာ ...

သူ သိပ်ချစ်ရတဲ့ မေမာ ...

အခုတော့ သူမအရမ်းကြောက်တဲ့ အမှောင်ထဲ ရောက်နေရသည် ... တစ်ပတ်တဲ့ ဘယ်လောက် သူမကြောက်နေလိုက်မလဲ

ဟော ...

ဝရန်တာဘက်ကိုထွက်တဲ့ တံခါးလေးပွင့်လာပြီး ...

ဘုရား ... ဘုရား

ပုံ့ပုံ့ကို အဖြူရောင်အင်္ကျီလေးနဲ့ တွေ့ရပါစေ ... အိုအေစစ်ရင်တွေ ခုန်လာရသည်။

"ဟာ ... ဒီကောင် ဝင်ရှုပ်ပြန်ပြီ"

ကပျာကယာ ပုန်းကွယ်လိုက်ရသည်နှင့်အတူ ဝရံတာသို့ ထွက်လာသော ရောင်နီကျော်ကို သူတော်တော်လေး မျက်မုန်းကျိုးစွာ ကျိန်ဆဲပစ်လိုက်မိသည်။

ရောင်နီကျော်နဲ့အတူ မေမာ့ မေမေပါထွက်လာပြီး နှစ်ယောက်သား စကားတွေပြောနေကြသည်။

ဒုက္ခပါပဲ ...

ဘယ်လို လုပ်ရမလဲ ...

ဒီအခြေအနေနဲ့ပဆို ဝရံတာကို ပုံ့ပုံ့ လာနိုင်ပါတော့မလား

"ဒီကောင်ကွာ ... ခြံထဲဆင်းစကားပြောရင်း မြွေကိုက်မှာ စိုးလို့လား ... တောက်"





သူ ...

စိတ်တွေ အရမ်းလှုပ်ရှားနေရပြီး ...

သူ စောင့်ကြည့်နေတာ သုံးနာရီခွဲလောက်ရှိနေပြီ ... ခုလည်း ညနေစောင်းလို့ မိုးတောင်ချုပ်တော့မည်။

"ဒုက္ခပါပဲကွာ ... သောက်ကောင်စုတ် ... ခြေထောက်မညောင်းတဲ့အတိုင်းပဲ ... အခုမှ လေကြောလာရှည်နေတယ်"

သူ ...

စိတ်မရှင်ချင်တော့ ...

"ဟာ ..."

သူ့ မျက်လုံးတွေ မိုက်ခနဲပြာဝေသွားရပြီ ... ပါးစပ်လေးလည်း အဟောင်းသားဖြစ်သွားရသည်။

ကြည့်စမ်း ...

ပုံ့ပုံ့ ...

အဖြူရောင် အင်္ကျီလေးဝတ်ပြီး အအေးဗန်းလေးလာချပေးနေသည်။

ဟုတ်ပါတယ် ...

အဖြူရောင်မှ အဖြူရောင်အစစ် ...

"ဟား ... ဟား ... ဟား ... ငါကွ"

လက်သီးကလေး ကျစ်နေအောင် ဆုပ်ပြီး နံဘေးက သစ်ပင်ကလေးကို တစ်ချက်လှမ်းထိုးပစ်လိုက်သည်။

သူ ...



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သွားရပြီ ...

ဒါဆို သိပ်မကြာခင်မှာပဲ ပုံ့ပုံ့ရဲ့ အကူအညီနဲ့ ခေမာ့ဆီကို ဖုန်းကလေးရောက်တော့မည်။ အောင်မြင်တဲ့ အပြုံးကလေးပြုံးရင်း သူ နေရာမှ ထွက်လာခဲ့လိုက်သည်။

"ကျေးဇူးတင်ပါတယ် ပုံ့ပုံ့ရယ် ... "

သူ ကားလေးပေါ်တက်ပြီး အိမ်ကိုပဲ မောင်းထွက်လာခဲ့လိုက်သည်။

"ဟဲ့ ... ပုံ့ပုံ့ အအေးချပြီးပြီ မဟုတ်လား ... ဘာရပ်လုပ်နေတာလဲ ... သွားတော့လေ"

"ဩော် ... ဟို ... ဟို မမကြီး ဘာခိုင်းစရာရှိသေးလဲ စောင့်နေတာပါ"

"ရပြီ ... ရပြီ ... သွားတော့ လိုမှခေါ်မယ်"

"ဟုတ် ... ဟုတ်ကဲ့ မမကြီး"

ပုံ့ပုံ့ ခေါင်းကလေးငုံ့ပြီး မရွှာချင်ဘဲ ရွာခဲ့ရသည်။ ပုံ့ပုံ့အလုပ်တွေ ရှုပ်နေတာနှင့် ဝရံတာထွက်မရပ်အား ... သွားချင်လိုက်တာမှ တစ်ပိုင်းကို သေနေတာပဲ ...

ဒုက္ခပါပဲ ...

ပုံ့ပုံ့ကို အစ်ကိုလေး မြင်သွားရဲ့လား ...

ညနေက မှောင်ရီနေပြီ ... အို ဘာပဲဖြစ်ဖြစ် ဟန်းဖုန်းလေးကိုတော့ မမဆီအရောက်ပို့ပေးရမှာပါပဲ။

အတွေးတွေနှင့် မီးဖိုချောင်ထဲ ဝင်ခဲ့သည်။





မမလေးကို ထမင်းပို့ပေးရတော့မည် ... သော့ကတော့ မမကြီးဆီက သွားရမည်။

"ဟဲ့ ... ပုံ့ပုံ့ နင်ဘာလုပ်နေတာလဲ ... သော့သွားယူလေ ထမင်းပို့ရတော့မှာ ... "

"ဩော် ... ဟုတ်ကဲ့ ဟုတ်ကဲ့ ... "

ထမင်းပွဲ ပြင်ဆင်ထားသော လင်ဗန်းကလေးကို စားပွဲပေါ်ချရင်း ဒေါ်သူဇာက နောက်ပြန်လှည့်ကာ သတိပေးလေလျှင် အကြံကြီးစွာ ချောင်းနေမိသော ပုံ့ပုံ့ကလည်း လျှင်မြန်ဖျတ်လတ်စွာ အသင့်ဖွတ်ထားသော ပလတ်စတစ်လေးနှင့် ထုပ်ထားသည့် ဟန်းဖုန်းလေးကို ထမင်းအုပ်ကပျာကယာ ဖွင့်ပြီး ... ထမင်းတွေအောက်ထဲ နှစ်မြှုပ်ပစ်လိုက်သည်။

"ဟဲ့ ... ပုံ့ပုံ့ ဘာတွေလုပ်နေတာလဲ"

"အဲ ... ဟို ... ဟို မမလေးအတွက် ဘာဟင်းတွေပါလဲ ကြည့်နေတာပါ ... ဟဲ ဟဲ"

"အော်မယ် ... ညည်းကများ ရာရာစစ သွား ... သွား ကိုယ့်အလုပ်ကိုယ်သွားလုပ်ချေ ... "

"အင်းပါ ... ဒေါ်သူဇာရယ် ... သွားပါ့မယ် ... သွားပါ့မယ်"

ပုံ့ပုံ့ မျက်စောင်းကလေးဝင့်ပြီး ... နေရာကထွက်သွားတော့၏။ အပေါ်ထပ် တက်ဖို့ဖြတ်လျှောက်ခဲ့ရတဲ့ ခြေလှမ်းတိုင်းက အောင်မြင်မှု တစ်ခုအတွက် ဝင့်ကြွားလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေကြီး ... သော့ပေးပါ"

"ဟေ ... "

"ထမင်းသွားပို့မလို့ ... မမလေးဆီ"

"ဩော် ... အေးအေး ရော့ သေချာလည်း စားခိုင်းဦးနော်"

"ဟုတ်ကဲ့ပါ ... မေမေကြီး"

"ဘယ်သူ့ကို ထမင်းသွားပို့မလို့လဲဟင်"

ရောင်နီကျော်က ဘာမှကိုမသိ ...

ထူးဆန်းတဲ့ အခြေအနေမို့ သူစပ်စုကြည့်မိခြင်းဖြစ်သည်။

"ခေမာ့ကိုလေ ... "

"ဗျာ ... ခေမာ ခေမာနေမကောင်းလို့လား"

"မဟုတ်ပါဘူး ... ရောင်နီရဲ့ ခေမာက ဒဏ်ခတ်ခံထားရတာလေ ... တစ်ပတ်တိတိ စတိုခန်းအမှောင်ထဲ အပိတ်ခံထားရတာ"

"ဗျာ ... "

သူ ...

အရမ်းကို တုန်လှုပ်သွားရသည်။

ခေမာ သူ့ကိုစိတ်ကောက်ပြီး အခန်းထဲအောင်းနေသည်ဟုပဲ သူထင်ခဲ့တာပါ ... အခုတော့ အခြေအနေက သူထင်သလိုလုံးဝမဟုတ်ချေ။

"သူ့ အဖေက အရမ်းစိတ်ကြီးတာ ... အန်တီက သနားပေမယ့် နောက်ဆို နောင်ကြဉ်သွားအောင် တမင်လွှတ်ပေးထားရတာ"

"ဟာ ... ဟာဗျာ ... ကျွန်တော့်ကြောင့် ခေမာ ... "

သူ ...

နှလုံးသားတစ်ခုလုံး ဆတ်ဆတ်ခါအောင် နာကျင်သွားရသည်။ အာရုံထဲမှာ ခေမာ့ရဲ့ ဖြူနွဲ့နွဲ့ပုံရိပ်လေး ...

"ကျွန်တော် ခေမာ့ကို တွေ့ချင်တယ် အန်တီ"

ဟင် ...

ဒေါက်တာ ရောင်နီကျော်ရဲ့ စကားကြောင့် ပွံ့ပွံ့မျက်နှာအကြီးအကျယ် ပျက်သွားရသည်။

ဒုက္ခပါပဲ ...

သူမရဲ့ အစီအစဉ်တွေ ပျက်ကုန်တော့မှာပဲ ...

"မင်း မသွားတာကောင်းတယ် ... သူက မင်းသွားရင် သူ့ကို အဲဒီအထဲက ဆွဲထုတ်လာမိလိမ့်မယ်"

"ဗျာ ... ဒီ ဒီလောက်တောင်ပဲလားဗျာ"

"မေမေကြီး ... အချိန်နောက်ကျနေပြီ သော့ပေးတော့လေ"

"အေး ... အေး ... ရော့"

သော့ရတာနှင့် ပွံ့ပွံ့ သွက်လက်သော ခြေလှမ်းလေးတွေနှင့် ထွက်မည်အပြု ...

"ခဏနေဦး ပွံ့ပွံ့ ... ငါပါလိုက်မယ်"

ဟင် ...

"ပေး ... "







www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"သော့ပေးလေ ..."

"ဟို ... အဲ ... ရော့ ... ရော့"

ပွံ့ပွံ့ ဘာမှ မတတ်နိုင်တော့ ...

အစ်ကိုလေးရယ် ...

ပွံ့ပွံ့ မရရအောင် ဆက်ကြိုးစားပေးပါ့မယ် ... ။

စိတ်ကို ပြန်အားတင်းရင်း အစ်ကိုလေး ရောင်နီကျော် နောက်ကို ပွံ့ပွံ့ လိုက်ခဲ့ရတော့သည်။

❀❀

အခန်း ( ၁၅ )

"ကျွီ ..."

"ဂလောက် ... ဂလောက်"

အပြင်တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်တော့ အခန်းတစ်ခုလုံးက မှောင်နေသည်။

"မှောင်လိုက်တာ မီးဖွင့်စမ်း"

"ရှင် ..."

"မီးဖွင့်လို့ ပြောနေတာလေ ... ဒီမီးသီးအရောင်လေးနဲ့ ဘာမြင်ရမှာလဲ"

"ဟို ... ဟို ... မီး မရှိဘူးရှင် ... အစကတည်းက အဲဒီ မီးလုံးလေးပဲ တပ်ထားတာ"

"ဘာ ..."

"ဟုတ်တယ် ... အစ်ကိုလေးရဲ့ ... ဒီအခန်းက သိပ်မလိုတဲ့ ပစ္စည်းတွေ ထားတဲ့အခန်း ... စတိုခန်းလေ ... ဒါပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



မမလေး အပြစ်လုပ်တိုင်း ဒဏ်ခတ်ပြီး ဝိတ်ထားတတ်လို့ အခုတော့ ခေါက်ခုတင်လေးရယ် ... ခေါင်းအုံးနဲ့ စောင်ပို့ထားရတယ် ... ပြီးတော့ ရေသန့်တစ်ဘူးနဲ့ မုန့်တချို့ပေါ့ ... ”

“ဟာကွာ ... ”

သူ ...

လုံးဝ ထင်မှတ်မထားမိပါ။

ခမော ... ခမော တစ်ဦးတည်းသော သမီးလေးကို အဲလောက် ရက်စက်တဲ့ ပြစ်ဒဏ်ခတ်ပေးမယ်လို့ ဘယ်လိုမှ ထင်မှတ်မထားခဲ့မိတာပါ။

“ဖြစ်မှ ဖြစ်ရလေ ခမောရယ် ... ”

သူ ... ခပ်ငြိုးငြိုးကလေး ရေရွတ်မိသည်။

ပုံ့ပုံ့ကတော့ ...

ထမင်းလင်ပန်းကလေးကို အသေကိုင်ထားသည်။ အစ်ကိုလေး ရောင်နီကျော်က တောင်းသော်လည်း ပုံ့ပုံ့ မပေး ...

မတော်လို့ ထမင်းပွဲလွှတ်ကျတော့ ဘယ်နှယ့်လုပ်မတုန်း။

“ဝင်သွားလေ ... အစ်ကိုလေး မမလေး အိပ်နေတယ်ထင်တာပဲ ... ”

“မြန်းမြန်းလာနော် ... ”

“ရှင် ... ”

“ခမော အိပ်နေရင်နိုးသွားမှာစိုးလို့”

“ဪ ... ဟုတ်ကဲ့ ဟုတ်ကဲ့”





သူ ခြေသံဖွဖွကြောင့် အအိပ်အလွန်ဆက်သော ခမော ပေါက်ခန့် ထထိုင်လေသည်။

“ဘယ်သူလဲဟင် ... မေမေလား ... မေမေ ... မေမေလား ခမော့ကို အပြင်ထွက်ခွင့်ပေးပါနော် ... ခမောကြောက်လို့ပါ မေမေရယ် ... ”

ငိုသံကလေးစွက်နေသော ခမောရဲ့ သနားစဖွယ် မျှော်လင့်အကြီးတောင်းဆိုလိုက်တဲ့ အသံလေးကြောင့် သူ့ရင်ထဲ နင့်ခနဲနေအောင် ခံစားသွားရသည်။

သူ ...

ဘာစကားမှ မပြောနိုင်လောက်အောင်ပါပဲ ...

“ခမော ... ”

သူ ခပ်တိုးတိုးလှမ်းခေါ်လိုက်သည်။

“ဟင် ... ရှင် ... ရှင် ဘယ်သူလဲ”

“ခမော ကိုယ်လေ ... ရောင်နီကျော်ပါ”

“ဘာ ... ”

“ခမောရယ် ကိုယ်စိတ်မကောင်းလိုက်တာကွာ”

“ရောင်နီကျော် ရောင်နီကျော် ဟုတ်လား ... ရှင် ရှင် ... အိပ်တော်တယ် ... ကျွန်မ အခုလိုပုံစံကိုကြည့်ပြီး ရှင့်လုပ်ရပ်ဘယ်လောက်ထိ အောင်မြင်တယ်ဆိုတာ လာကြည့်တာပေါ့လေ ဟုတ်လား ... ”

“မဟုတ်ပါဘူး ... ကိုယ် ... ကိုယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ကိုယ်ဝမ်းသာတယ် ... ကိုယ် သိပ်ကျေနပ်တယ် ပြောမလို့လား ... အဟင်း ... ဟင်း ဒါဆို ရှင်သွားတော့ ရောင်နီကျော် ... ရှင့်ရဲ့ လှလှပပ ချောက်ချခဲ့မှုကြီးက သိပ်ကိုဝမ်းမြောက်စရာကောင်းအောင် ပီပြင်လွန်းတယ်လို့ မှတ်ယူပြီး ... ရှင်သွားတော့"

ခေမာ ...

နာနာကျင်ကျင်လေး ပြောလိုက်မိသည်။

ရှင့်ကို ကျွန်မ မုန်းတယ် ရောင်နီကျော် ...

ကျွန်မ စိတ်တွေ တုန်လှုပ်ကြောက်ရွံ့အောင် ဖန်တီးခဲ့တဲ့ ရှင့်ကို ကျွန်မ အရမ်းမုန်းတယ် ... ။

"ခေမာ ... ခေမာ ကိုယ့်ကို အထင်လွဲနေပြီ"

"အထင်လွဲတယ် ဟုတ်လား ... ရှင် ရယ်စရာတွေ လာပြောနေပြန်ပါပြီ ... ရောင်နီကျော်ရယ် ... ကျွန်မဆိုတာ ဘယ်တုန်းကမှ ဘယ်သူ့အပေါ်ကိုမှ အထင်လွဲခွင့် မရခဲ့တဲ့သူပါ ... ဟင်း ဟင်း"

ခေမာ့ နှုတ်ခမ်းလေးတွေ မဲ့ကွေးသွားရသည်။

ခေမာရယ် ...

မင်းပြောပါကွာ ...

မင်းရင်ထဲ ဘယ်လောက်ထိ နာကျင်ခံစားနေရမလဲဆိုတာကို ... ကိုယ် ကောင်းကောင်းကြီး နားလည်ခံစားလိုက်နိုင်ပါပြီ ခေမာရယ် ...

"ခေမာ အပြင်ထွက်လို့ရအောင် ကိုယ် ... အန်ကယ့်ကိုပြော





ပေးပါ့မယ်"

"မလိုဘူး ... လုံးဝမလိုဘူး ... ရောင်နီကျော်"

"ဟင် ... "

"ဒီမှာ ... ရောင်နီကျော် ... ရှင်သိထားဖို့က ဒီထဲမှာ ဖေဖေ စိတ်လျှော့ထားလို့ ခေမာ့ဘဝတစ်သက်လုံး ဆုံးရှုံးချင်ဆုံးရှုံးသွားပါစေ ... ခေမာ နေလိုက်မယ်သိလား ... ရှင့်ကို တစ်သက်လုံး ကျေးဇူးတင်နေရမယ့်အဖြစ်ထက်စာရင် ... ဘယ်ဆရာကိုမဆို ... ကျွန်မ ရွေးချယ်တယ် ... "

"ခေမာရယ် ... အဲဒီလောက် တောင်ပဲလားကွ"

"ဆောရီး ... ဆောရီး ... ရှင်က ဖေဖေ့ဆီ အမြဲသံတော်ဆင့်တတ်တာ ခေမာမေ့သွားတယ် ... ခေမာ မေ့သွားတယ် ... သွား ... သွား ... ရှင် သွားပြောလိုက်ဦး ... ဒါမှ ရှင်အရှေ့မှာ ကျွန်မကို ဖေဖေက ဒဏ်ပေးမှာ ... ဟင်း ဟင်း ဟင်း ... "

ခေမာရယ်နေပါသည်။

ခေမာ့ နှုတ်ခမ်းလေးတွေပြုံးနေပါသည်။ ခေမာ့မျက်ဝန်းလေးတွေက လျှောင်နေကြပါသည်။

ခေမာ ...

သူ့ကို အကြီးအကျယ် အထင်လွဲနေပြီ။

ကိုယ် ... အဲဒီလောက် မရည်ရွယ်ခဲ့ဘူးဆိုတာ ကျိန်ဆိုပြောရဲပါတယ် ပိုးခေမာလေးရယ် ... ။

သူ ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ရပ်တည်နိုင်စွမ်းမရှိစွာ အမှောင်ခန်းလေးထဲက နေ ရှာခနဲလှည့်ထွက်ခဲ့မိပါတော့သည်။

"ဟင်း ... ဟင်း ... ဟင်း"

အနောက်က ကပ်ငြိပါလာသော ... ရယ်သံကလေးက သူ့ စိတ်ကို တုန်လှုပ်ချောက်ချားသွားစေတယ်ဆိုရင် ခမော ယုံကြည် ပါ့မလားဟင် ...

ခမော ...

မင်းယုံမှာ မဟုတ်ပါဘူး ...

မင်း ... အခုလိုပဲ လှောင်ပြောင်နေဦးမှာပါပဲ ...

ဒါကယ်တော့ ...

ကိုယ် ... ခမော့ကို သိပ်ချစ်တယ် ...

ဒါပေမယ့် ...

ကိုယ် ... ထုတ်မပြောရဲဘူး ...

ကိုယ့်ဘဝမှာ ပညာရေးက အရေးအကြီးဆုံးပဲဖြစ်ခဲ့တာပါ၊ ကိုယ်လောကမှာ နေရာတစ်ခုရအောင် ယူမယ်ဆိုတဲ့စိတ်နဲ့ပဲ ကြိုးစားခဲ့တာ ...

မထင်မှတ်ပဲ ...

ကိုယ် အရေးမထားခဲ့တဲ့ အချစ်ဆိုတဲ့ အရာက ရုတ်တရက် တိုးဝင်လာခဲ့တယ်လေ ...

ကိုယ် ... အရမ်းတုန်လှုပ်နေတယ် ခမော ...

သူ ...





ခမော့ကိုထားတဲ့ စတိုခန်းလေးအတွင်းမှ ပြန်ထွက်လာခဲ့ တော့သည်။

"မမလေးရယ် ... မငိုပါနဲ့တော့နော် ... မမလေးကို ကြည့်ပြီး ပို့ပို့ အရမ်းသနားတာပဲ ... ဒါပေမယ့်လေ ပို့ပို့ ဘာမှမတတ်နိုင်ပါ ဘူး ..."

"ပို့ပို့ရယ် ... စိတ်မကောင်း မဖြစ်ပါနဲ့ကွယ် ... ဒါက မမလေးရဲ့ ဘဝပဲလေ"

"မမလေး ... "

"ဟင် ... "

"အစ်ကိုလေး ရောင်နီကျော့ကို မမလေးမချစ်ဘဲနဲ့ ဘာ ကြောင့် လက်ခံခဲ့တာလည်းဟင် ... "

ပို့ပို့ ...

မေးနေချေပြီ ... ။

"မမလေး သူ့ကငြင်းလိုက်သင့်တယ်"

"ပို့ပို့ရယ် ... "

"အစ်ကိုလေး အိုအေစစ်က မမလေးကို သိပ်ချစ်တာ"

"ဟင် ... "

"သူ ... ဒီနေ့ ပို့ပို့နဲ့ စကားတွေ ပြောဖြစ်တယ် ... သနားဖို့ ကောင်းလိုက်တာ မမလေးရယ် ... အမြိုက်သိမ်းတဲ့ စည်ပင်ဝတ်ရုံ ကြီးနဲ့ ... ပို့ပို့ အစကဆို မမှတ်မိဘူး ... သူ မမလေး အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိချင်လို့ ရှပ်ဖျက်လာတာ"

အို ...

သူမ ...

ပုံ့ပုံ့ မျက်နှာလေးကို တအံ့အဩ ငေးကြည့်လိုက်မိသည်။ ပုံ့ပုံ့က တည်ငြိမ်တဲ့ မျက်နှာကလေးနဲ့ လေးလေးနက်နက်လေး ပြောနေခြင်းရယ်ပါ ... ။

"သူ မမလေးကို အရမ်းစိုးရိမ်နေတယ်"

"ဟင် ... "

"အစ်ကိုလေးက မမလေးနဲ့ စကားပြောချင်လို့တဲ့ ... အဲဒါ"

"ပုံ့ပုံ့ရယ် မမလေးနဲ့ သူစကားပြောဖို့က ဘယ်လိုလို့ဖြစ်နိုင်မှာလဲ ... မဖြစ်နိုင်ပါဘူး ... ပုံ့ပုံ့ရယ် ... "

"ဖြစ်ပါတယ် ... မမလေးရဲ့"

"ဟင် ... ဘယ်လို"

"ဟောဒီမှာ ကြည့် ... "

ဟင် ...

ပုံ့ပုံ့က ထမင်းအုပ်လေးထဲ အသာလက်နှိုက်ပြီး ဆွဲထုတ်လိုက်တော့ ...

အို ...

သူ ... သူပေးထားတဲ့ ဟန်းဖုန်းလေး ...

"ဒီ ... ဒီဟာက ... "





"ဟဲ ... ဟဲ ... ရှက်မနေပါနဲ့ မမလေးရာ ... ရှင်းလည်းပြမနေနဲ့တော့ ဘာပဲဖြစ်ဖြစ် ဒီဟာလေး ရှိနေတယ်ဆိုထဲက မမလေးသူ့ကို မမေ့ဖျောက်ရက်သေးဘူးဆိုတာ သိသားပဲ ရော့ ... "

"အို ... "

ပုံ့ပုံ့ရယ် ...

ခေမာ လှမ်းယူလိုက်မိသည်။

"ကဲ ... ပုံ့ပုံ့ သွားတော့မယ် ... မမလေး ညစာတော့ စားဖြစ်အောင် စားလိုက်နော် ... ဒါမှ အားရှိပါးရှိ စကားပြောနိုင်မှာ"

"အို ... ပုံ့ပုံ့နော် ... "

"မမလေး ... "

"ဟင် ... "

"ကိုအိုအေစစ်ကို ချစ်လာအောင် လုပ်ကြည့်ပါလား"

"ဟာ ... ဒီကောင်မလေး သွား ... သွား နင်ကြာနေလို့ မေမေဆူဦးမယ်"

"အဟွန်း ... ဒီလိုပဲလား ... စကားပြောဖော် မကြာခင်ရတော့မယ်ဆိုတော့ ပုံ့ပုံ့နဲ့စကားကြော ရှည်မနေချင်တော့ဘူးပေါ့နော်"

"ဟယ် ... ပေါက်ကရ နင်တော့နော်"

သူက နှွေးခနဲရှက်သွေးဖြာကာ ပြုံးရင်း ... ထုဟန်ပြင်တော့ ပုံ့ပုံ့က ရယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... ပုံ့ပုံ့သွားတော့မယ်နော်"

"အေး ... အေး"

ပုံ့ပုံ့ ထွက်သွားတော့ ...

ခမော့အခန်းလေးသည် ယခင်ကလိုပဲ မှောင်အတိနှင့် ဝါကျင်ကျင် အလင်းရောင်လေးတစ်ခုသာ ကျန်နေရစ်တော့သည်။

ဖဖ

အခန်း ( ၁၆ )

ရင်ခုန်လိုက်တာ ...

ခမော ဘာတွေ ဖြစ်နေတာလဲ ...

ခမော့မှာ ကြောက်စိတ်တွေ ပျောက်နေသည်။ ခမော ဖုန်းပါဝါလေး ဖွင့်လိုက်တော့ အားကအပြည့် ...

ခမော ခိုးခိုးပြီးအားသွင်းထားတာ ခုတော့ အဆင်ပြေသွားရသည်။

ပြီးနောက် ...

ညစာထမင်းကို ခပ်ဖြည်းဖြည်းချင်း စားနေလိုက်သည်။ ဗိုက် က ဆာနေရသည့်အထဲ ရောင်နီကျော်နှင့် ရန်ဖြစ်လိုက်ရသောကြောင့် ခမော ဒီနေ့ ထမင်းပိုစားလို့ ဝင်နေသည်။

ဟော ... ။

သူ ... ဟန်းဖုန်းကလေးက ခေါ်နေပြီး ...

သူမ ...



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူပြီးမှ နားထောင်လိုက်သည်။

"ဟဲလို ... "

"ခေမာ ... ခေမာ့ဆီ ကိုယ်ဖုန်းလေးရောက်နေပြီပေါ့"

"ဟုတ် ... "

"ခေမာ ... "

"ရှင် ... "

"ခေမာရယ် စိတ်မကောင်းလိုက်တာကွာ ... ကိုယ့်ကြောင့် ကိုယ့်ကြောင့် ခေမာ ခုလို အပြစ်ပေးခံရတာပါ ... တွေးမိတိုင်း ကိုယ့်ကို ကိုယ် ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်ရပါတယ် ခေမာရယ် ... "

"အို ... မဟုတ်တာ အခုကိစ္စက ရှင့်ကြောင့် မဟုတ်ပါဘူး"

"ဘာပဲ ပြောပြော ကိုယ့်မှာ အပြစ်ရှိပါတယ် ခေမာ ... ဒါကြောင့် ခေမာ့အနားကို ကိုယ့်အရိပ်ကလေးရောက်အောင် ပို့ပေးလိုက်တာ"

"အရိပ်ကလေး"

"အင်း ... "

"ဘယ်မှာလဲ ... မဟုတ်ပဲနဲ့"

ခေမာ့ အသံလေးက ဖုန်းထဲမှာ ခြောက်ကပ်မနေတော့ပါ။

"ဟာ ... ဟုတ်တယ်လေ ... ကိုယ့် ရင်ဘတ်နဲ့ အနီးဆုံးနေတဲ့ ကိုယ့်ဖုန်းလေးထဲကို ရင်ခုန်သံလေးတွေထည့်ပြီး ခေမာနားဆင်နိုင်ဖို့ ပေးထားတာလေ ... အခု သူက ခေမာ့ကို စကားတွေပြော





နေပြီ မဟုတ်လား"

"ရှင် ... စကားပြောကောင်းသားပဲ"

"ခေမာ ... "

"ရှင် ... "

"ရှင်"

"နားထောင်နေမယ် မဟုတ်လား"

"ဘာကိုလဲ ... "

"ကိုယ့်ရင်ခုန်သံကိုလေ ... "

အဲ ...

ရှင် ...

တကယ်လူလည်ပဲ ...

"ဟင့်အင်း ... ဖုန်းက စကားသံပဲကြားရတာလေ"

"ဟာကွာ ... ခေမာ မညစ်နဲ့ ... သေချာနားထောင်ကြည့်ပါဦးကွာ"

သူ ...

ခေမာကို စိတ်ကျဉ်းကျပ်အောင် တောင်းဆိုမိသလိုဖြစ်သွားပြီလား ... ။

ခေမာများ စိတ်တွေ ရှုပ်ထွေးသွားမလား ...

"ဆောရီးခေမာ ... ကိုယ် ခေမာကို စိတ်ကျဉ်းကျပ်အောင် လုပ်မိသလို ဖြစ်သွားတယ် ... အဲဒီအကြောင်း ဆက်မပြောတော့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



အိုအေစစ် ...

ရှင် ...

သိပ်အကင်းပါးလွန်းတယ် ...

"ခေမာ ... "

"ရှင် ... "

"အခု ... ခေမာ ဘာလုပ်နေတာလဲဟင်"

"ခေမာလား ... ထမင်းစားနေတာ ... "

"ဟာ ... ဟုတ်လား ... ဒါဆို ကိုယ့်ကြောင့် ခေမာထမင်း စားပျက်သွားမှာပေါ့ ... စားလေ ခေမာ ကိုယ်စောင့်နေပေးမယ်"

"တကယ်လား ... "

"တကယ်ပေါ့ ... ခေမာရဲ့ ကိုယ်ပါဝိုင်းကူစားပေးမယ်လေ ခေမာ ကျွေးမယ်ဆိုရင်ပေါ့ ... "

"ခေမာ ... ကျွေးချင်ပါတယ် ... ဒါပေမယ့် ရှင် ဖုန်းထဲက နေ ဘယ်လိုစားမလဲ"

"ခေမာ ... ဖုန်းထဲကနေ လှမ်းခွံ့လေ ... ကိုယ် ဒီဘက်က ပါးစပ်ဟထားပေးမယ်"

"ခစ် ... ခစ် ... ရှင်တကယ်နောက်တာပဲ"

ခေမာရယ်သံ လွင်လွင်လေးကို ကြားလိုက်ရ၍ သူ့ စိတ်ချမ်း သာသွားရသည်။

"အိုအေစစ်"





"ဟုတ်ကဲ့ ... ဒေါ်ပိုးခေမာ ကျွန်တော်နားထောင်နေပါ တယ်"

"အမလေး ... ပြောပုံကြီးက အခြင်ကတ်စရာကြီး"

"ဟဲ ဟဲ ... ခေမာဘာပြောမလို့လဲ ပြောလေ"

"ခေမာ ပြောမယ် ... သေချာနားထောင်နော်"

"ဟုတ်ကဲ့ ... "

အို ...

ရှင့်ရဲ့ ဟုတ်လို့ပြောလိုက်တဲ့ အသံလေးက ကလေးတစ် ယောက်လို အပြစ်ကင်းနေပါလား ...

ခေမာ ...

ရင်ထဲမှာ လှိုက်ခနဲ စုန်သွားရသည်။

"ခေမာလေ ... သူငယ်ချင်း မိတ်ဆွေဆိုတာ ဘဝမှာ တစ်ခါ မှ ရေရေရာရာ မရှိခဲ့ဖူးဘူး ... ခေမာ့ ဖေဖေရဲ့ ဒေါသကို ကြောက် တာရယ် ... မေမေရဲ့ နေရာတကာ ဇီဇာကြောင်ပြီး လူရွေးချယ် လွန်းတဲ့ အမူအကျင့်တွေကြောင့် ခေမာ့မှာ သူငယ်ချင်းဆိုတာ မရှိ သလောက်ဖြစ်ခဲ့ရတယ် ... ဒါပေမယ့် မထင်မှတ်ဘဲ ခေမာ လူတစ် ယောက်ကို တော်တော်လေး ခင်တွယ်ခဲ့မိတယ် ... စိတ်က မဖြစ် သင့်ဘူးလို့ ငြင်းပယ်နေတဲ့ကြားထဲက ခေမာလေ ... သူ့ကို မျှော် လင့်အားကိုးနေခဲ့မိတယ် ... ခေမာ့ကို အလိုက်တသိ နားလည်ပေး နိုင်မယ့် အဲဒီလူကို ခင်မင်မိတာ ခေမာ မမှားပါဘူးနော်"

"ဘယ် ... ဘယ်သူလဲဟင် ... အဲဒီလောက် ကံကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူက ဘယ်သူလဲဆိုတာ ကိုယ် သိခွင့်ရှိမလားဟင်"

"ရှိတာပေါ့ ... အဲဒါ ရှင်ပဲလေ အိုအေစစ်"

"ဟာ ... ဟာကွာ ... ခေမာ တကယ်ပြောနေတာလား"

"အင်း ... "

"ဟာ ... ဝမ်းသာလိုက်တာ ခေမာရယ်"

"ရှင်က ... ခေမာ့ရဲ့ ပထမဆုံး ခင်မင်ရတဲ့ သူပဲ ... အိုအေစစ် ဖေဖေတို့ ဖွတ်အတင်းတားနေတဲ့ကြားက ရှင့်ကို ခေမာခင်ခဲ့မိတာ ... "

ခင်တယ်တဲ့ ခေမာရယ် ...

ကျေးဇူးတင်ပါတယ်ကွာ ...

ခေမာ့ဆီက အခုလို အရေးတယူ လက်ခံပေးတာလေးကိုပဲ ကိုယ် အရမ်းဝမ်းသာနေပါပြီ ...

"ကျေးဇူးတင်ပါတယ် ခေမာရယ် ... ဒီနေ့ကစပြီး ခေမာ့အတွက် အကောင်းဆုံး နားလည်မှုအပေးနိုင်ဆုံး ခေမာအားအကိုးရဆုံး အဖော်ကောင်းတစ်ယောက် ဖြစ်လာစေရမယ်"

အိုအေစစ်ရယ် ...

ခေမာ ... ရှင့်ကို တကယ်ချစ်ခင်မိတာပါ ...

"ခေမာ ... "

"ရှင် ... "

"ကောင်းကင်ကြီးကို ကြည့်ချင်လားဟင် ... ဒီနေ့ ရာသီဥတု သာယာပြီး ကောင်းကင်ကြီးက အရမ်းလှနေတယ်"

"ဟင် ... ခေမာက ဘယ်လိုကြည့်ရမှာလဲ ခေမာ့အခန်းတစ်





ခုလုံး မှောင်ပိတ်နေတာကိုး ... "

"ခေမာကြည့်ချင်လားသာပြောပါ ... ကိုယ် ဖန်တီးပေးမှာပေါ့ ... "

"အင်း ... ကြည့်ချင်တယ်"

"ဒါဆို ... ခေမာ့ မျက်လုံးတွေကို မှိတ်လိုက်"

"ဟင် ... "

"လုပ်ပါ ... မှိတ်လိုက်ပါ ... ခေမာ မြင်လာစေရမယ် ... ကိုယ်တာဝန်ယူပါတယ်"

"အင်းပါ ... ကဲ ခုခေမာ့ မျက်လုံးတွေ မှိတ်လိုက်ပြီ"

ခေမာ ...

သူပြောတဲ့အတိုင်း မျက်လုံးလေးတွေ မှိတ်ထားလိုက်မိသည်။ အိုအေစစ် ... ရှင် ကျွန်မကို ထူးခြားဆန်းပြားတဲ့ ဘယ်လိုအရာတွေ လုပ်ပြဦးမှာလဲ ...

"ခေမာ ... ခုက ညကိုးနာရီ တိတိပဲသိလား ... ကောင်းကင်ရဲ့ အရောင်က နက်ပြာရောင် ရင့်ရင့်လေး သန်းနေတယ် ... မိုးသားတိမ်တိုက်တွေလည်း ကင်းစင်နေတယ် ... ခေမာ ... ခေမာ အာရုံထဲမှာ ပုံဖော်ကြည့်နော် ... တဖျပ်ဖျပ်လက်နေတဲ့ ကြယ်ပွင့်ကလေးတွေက ကောင်းကင်ကြီးရဲ့ မျက်နှာပြင်တစ်ခုလုံးကို ဖြန့်ကျက်လို့ပေါ့ ... လမင်းကြီးကလည်း ချစ်သူခိုးနမ်းသွားတဲ့ ကောင်မလေးတစ်ယောက်ရဲ့ မျက်နှာလေးလိုပဲ အနီရောင်ပါးပါးလေးသန်းပြီး ရှက်ပြုံးကလေး ပြုံးနေတယ် ... သိပ်လှတာပဲ ... ခေမာ ခေမာ



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းချင်းပုံဖော်ကြည့်နော် ... ခေမာမြင်ယောင်လာလိမ့်မယ်"

အို ...

ဟုတ်ပါရဲ့ ...

ထူးဆန်းလိုက်တာ ...

ခေမာ မြင်နေရပြီ ...

ခေမာ့ အာရုံထဲမှာ သူပြောနေတာလေးတွေ တရေးရေး ပေါ်နေပါလား ...

ကြယ်ရောင်လေးတွေ ...

အို ...

သူပြောသလိုပဲ လမင်းကြီးက ရှက်ပြုံးကလေးနဲ့ပါလား။

ရှင် ...

သိပ်ပြောတတ်တာပဲ အိုအေစစ်ရယ် ...

"မြင်ရပြီ အိုအေစစ် ... ဟုတ်တယ် ခေမာတကယ်မြင်နေရပြီ"

"ခေမာ ..."

"ဟင် ..."

"ခေမာ ... မြင်နေရတဲ့ ကောင်းကင်ကြီးက လှလားဟင်"

"အင်း ... လှတယ် အရမ်းလှတယ်"

"ဟော ... ခေမာ စောစောက ကြယ်လေးတွေထဲက တစ်ပွင့် ကြွေကျသွားတယ် တွေ့လား ... ဆုတောင်းလိုက် မြန်မြန်လေး ခေမာလိုချင်တာကို ဆုတောင်းလိုက်"





အို ...

ကြယ်ကလေး ကြွေနေပြီ ...

ခေမာ ...

ဘာဆုတောင်းရမလဲ ...

ခေမာ လိုချင်နေခဲ့တာ ဘာလဲ ... ခေမာ ဘာလိုချင်နေမှန်းတောင် မသိတော့ ... အို ခေမာ့ ဘဝက ဆုတောင်းလို့ပြည့်မယ်ဆိုရင်တောင် ... ဘာဆုတောင်းရမှန်း မသိတဲ့ ဘဝပါလား။

ခေမာ့ပါးပြင်လေးပေါ် ...

မျက်ရည်စီးကြောင်းလေးတွေ လျောခနဲစီးကျသွား၏။

"ခေမာ ... ဆုတောင်းပြီးပြီလားဟင်"

" ... "

"ခေမာ ..."

တစ်ဖက်မှ ပြန်ထူးသံမကြားရ ... သူ ထိတ်ခနဲစိုးရိမ်သွားမိသည်။

"ခေမာ ... ခေမာလေး ..."

"ရှိ ... ရှိပါတယ် အိုအေစစ် ... ခေမာ နားထောင်နေပါသေးတယ် ... ခေမာ ခေမာ ... ဘာဆုတောင်းရမလဲဟင်"

ခေမာလေ ဘဝမှာ ဘာကို လိုချင်ရမှန်းတောင် မသိတော့တဲ့အထိပါပဲ အိုအေစစ်ရယ် ...

သူ ...

ရင်ထဲ လှစ်ခနဲ ဟာသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေမာရယ် ..."

"စိတ်မကောင်း မဖြစ်ပါနဲ့ ရှင်ရယ် ... ဒါက ခေမာ့ရဲ့ဘဝ အစစ်အမှန်ပဲလေ ..."

"ခေမာ ..."

"ရှင် ..."

"ခေမာ ဝမ်းနည်းနေတာလားဟင်"

"ဟင့်အင်း ... အိုအေစစ် ခေမာက ဝမ်းနည်းတတ်ဖို့ ကျင့်သားရနေခဲ့ပြီးပါပြီ ... ဒါပေမယ့် တခါတလေတော့လည်း မွှန်းကျပ်ပိတ်လှောင်နေတဲ့ တံခါးချပ်တွေကို ခေမာ တွန်းဖွင့်လိုက်ချင်တာ အရမ်းပဲ ... မဖြစ်နိုင်ပါဘူးလေဆိုတဲ့ အသိနဲ့ ခေမာ ငြိမ်သက်နေခဲ့ရတာ ..."

ခေမာ အသံလေးက ဆွေးမြေ့အက်ကွဲနေသည်။

ခေမာ ဝမ်းနည်းနေမှာပဲ ...

"ခေမာ ..."

"ရှင် ..."

"ပုံပြင် နားထောင်မလားဟင် ... ကိုယ်ပုံပြောပြမယ်"

အို ...

သူဟာ ခေမာ့ကို ကလေးတစ်ယောက်လို ပျော်ရွှင်စေဖို့ ကြိုးစားနေတာပါလား ...

"ဘယ်လိုလဲ ခေမာ ..."

"ဟင့်အင်း ... ခေမာ ပုံပြင်နားမထောင်ချင်ဘူး"





"ဘာဖြစ်လို့လဲ ခေမာ ..."

"ပျင်းတယ် ..."

"အင်း ... ဒါဆို ကိုယ်ဘာလုပ်ပေးရမလဲ ... ဪ သိပြီ ကိုယ် သီချင်းဆိုပြမယ်လေ ... နားထောင်မလား"

"သီချင်း ..."

"အင်း ... ဂီတာလေး တီးပြီးတော့"

"ကောင်းတယ် ... ကောင်းတယ် ခေမာနားထောင်ချင်တယ် ... သီချင်းလေးနားထောင်ပြီး ခေမာ အိပ်မယ်လေနော်"

"အင်း ... အဲဒါဆို ခဏလေးစောင့် ကိုယ်အိမ်ထဲက ဂီတာလေးသွားယူလိုက်ဦးမယ် ... အဆိုတော် အသံမကောင်းတာတော့ ရယ်ရဘူးနော်"

"ခစ် ... ခစ်"

သူ ...

အိမ်ထဲ အပြေးအလွှားဝင်ပြီး ဂီတာလေးကို ယူလာခဲ့လိုက်သည်။

ခေမာရယ် ...

ကိုယ်က ခေမာ့ကို ပျော်ရွှင်စေချင်တာပါ ...

"ခေမာ ..."

"ရှင် ..."

"စောင့်ရတာ ကြာသွားလား"

"ဟင့်အင်း ... မကြာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဂီတာကြိုးညှိနေတဲ့ အသံလေးကို သူမ ဖုန်းထဲကနေကြား နေရသည်။

"ကဲရှင် ... ကိုယ် ဘာသီချင်းဆိုပြရမလဲ"

"ဟို ... Cry On My Shoulder ဆိုတဲ့ သီချင်းလေးရလား"

"ဘာရယ် ... "

"Cry On My Shoulder ရလား"

"ဪ ... သိပြီ ... အင်းပါ ကိုယ်ဆိုပြမယ် ခေမာနား ထောင်နော် ... "

"ဟုတ် ... "

သူက ဂီတာလေးတီးပြီး ကြည်လင်တဲ့ အသံလေးနှင့်သီဆို ပြနေသည်။

ခေမာ နားကလေးစိုက်ပြီး နားထောင်နေလိုက်၏။

"But if you wanna cry....

cry on my shoulder ...

If you need someone...

who care for you ...

If your feeling sad ...

your heart gets colder ...

yes I show you what real love cando..."

တဖြည်းဖြည်း ...

ခေမာ့ ... မျက်လုံးလေးတွေ စင်းကျလာသည်။

ဖိုးလပြည့်စာပေ



သူ့သီချင်းသံလေးထဲမှာ ခေမာပျော်ဝင်ရင်း မျက်လုံးလေး တွေ မှိတ်ထားလိုက်တော့သည်။

အိုအေစစ် ...

သီချင်းလေး ဆုံးသွားတော့ ဖုန်းလေးကို ကောက်ကိုင်ပြီး နားထောင်လိုက်မိသည်။

ခေမာ့ အသက်ရှူသံ မျှဉ်းမျှဉ်းလေးကို ကြားနေရ၏။

ခေမာ ...

မင်းလေး အိပ်ပျော်သွားပြီနော် ...

အိပ်မက် လှလှမက်ပါစေ ချစ်သူလေးရယ် ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

"ခေမာ ... ထွက်လာခဲ့တော့သမီး ... သမီးဖေဖေက ပြ ဒဏ်ရာလွှတ်လိုက်ပြီတဲ့ ... လာ မေမေတို့ အပြင်ထွက်ရအောင်"

"ဟင့်အင်း ... ခေမာ မလိုက်ဘူး မေမေ"

"ဟင် ... "

ခေမာ့ရဲ့ ငြင်းဆိုလိုက်မှုကြောင့် မေမေအံ့သြသွားမှာ အသေ အချာပါပဲ ... တစ်ချိန်လုံး ဒီအခန်းထဲက ထွက်ချင်နေတဲ့ ခေမာ ခုတော့ ထိုင်နေရာက တုပ်တုပ်မျှ မလှုပ် ...

"ခေမာ ... "

"သမီးသိပါတယ် မေမေ ... ဖေဖေရဲ့စိတ်နဲ့ဆို သမီးကိုခုချိန် အပြစ်က လွှတ်မပေးပါဘူး ... အခုက တစ်စုံတစ်ယောက်ရဲ့ အတင်း အကျပ်တောင်းဆိုမှုကြောင့် မတတ်သာဘဲ လွှတ်ပေးလိုက်ရတာ ဆိုတာ ... "

အို ...





ထင်မှတ်မထားတဲ့ သမီးဖြစ်သူရဲ့ ခေါင်းမာမှုလေးကို မြင် လိုက်ရတော့ သူမ အထိတ်တလန့်နှင့် ကြည့်လိုက်မိသည်။

"သမီး ... အမှောင်ခန်းကို ကြောက်တယ်ဆို ... မနေရဲဘူး ဆို ... "

အရင်ကတော့ ဟုတ်တယ် မေမေရဲ့ ...

အခုတော့ ...

ခေမာ့မှာ အဖော်ရှိနေပြီလေ ... အိုအေစစ်ရဲ့ အရိပ်ကလေး က ခေမာ့ရဲ့ ကြောက်ရွံ့မှုတွေကို ဖယ်ရှားပေးနေပြီလေ ... ။

"ရပါတယ် ... မေမေ သမီးကြောက်ရွံ့နေလို့ရော ဘာထူး လာမှာမို့လို့လဲ ... ရင်ဆိုင်ရမှာပဲလေ ... ဒီအခန်းထဲမှာ နေနိုင်ဖို့ သမီးကြိုးစားရမှာပေါ့"

ထူးဆန်းလိုက်တာ ...

ခေမာ့ အသံလေးက ကြောက်ရွံ့ခြင်းကင်းပြီး တည်ငြိမ် လွန်းနေသည်။

"ကဲပါ ... မေမေရယ် ... ဖေဖေ့ကို ပြောလိုက်ပါ ... ခုနစ် ရက်ပြည့်မှ သမီးထွက်လာခဲ့မယ်လို့ ... "

"သမီး ... သမီး မနေ့ကနဲ့တောင် မတူတော့ဘဲ အရမ်း ပြောင်းလဲနေသလိုပဲ"

သူမ ...

မေမေ့ကို ပြုံးပြလိုက်မိသည်။

"သမီးက ဘာလို့ ဒီအခန်းထဲက မထွက်ချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးကြေးတင်နေမှာစိုးလို့ ..."

"ဟင် ... မေမေနားမလည်ဘူး ခေမာ ..."

"ရောင်နီကျော်ဆီမှာ ကျေးဇူးကြေး အတင်မခံချင်ဘူး"

"ဘယ်လို ..."

"ရောင်နီကျော် အတင်းတိုက်တွန်းလို့ မေမေ ... ဖေဖေ့ဆီက ခွင့်ပြုချက်နဲ့ လာခေါ်နိုင်တာ မဟုတ်လား"

"ဟို ... အဲဒါကတော့ သမီးရယ် ..."

မေမေ မျက်နှာပျက်သွားပုံထောက်တော့ ခေမာ စွပ်စွဲတာ မှန်နေပြီမှန်း သူမ သိလိုက်ရသည်။

"ခေမာ ..."

"ရှင် ..."

"ရောင်နီ့ကို အထင်မလွဲပါနဲ့ကွယ် ... တကယ်တော့"

"တော်ပါတော့ မေမေရယ် သမီး သူ့အကြောင်းမကြားချင်တော့လို့ပါ ..."

"ခေမာ ..."

"ရှင် ..."

"ဘာပဲဖြစ်ဖြစ် ... ရောင်နီကျော်ဆိုတာ တစ်ချိန်မှာ သမီး လက်ထပ်ရမယ့် သူဆိုတာကို မမေ့ပါနဲ့"

"..."

ခေမာ မဖြေဘဲ ငြိမ်သက်စွာ လှဲအိပ်နေလိုက်သည်။

"မေမေ သွားပြီ ... ခေမာ"





မေမေ အခန်းထဲက ထွက်သွားသည်။

ဟောတော့ ...

ဖုန်းလေးက မီးလေးလင်းနေတာပဲ ...

ဟင် ...

အိုအေစစ် ဖုန်းခေါ်နေတာပါလား ...

တော်ပါသေးရဲ့ ... ။ မေမေထွက်သွားပြီးမှ ဖုန်းဝင်လာလို့။

"ဟဲလို ..."

"ခေမာ ... ကိုယ် ခေမာ့ကို သတိရလာလို့"

"အင်း ... ခေမာလည်း သတိရပါတယ် ... ရှင် ခု ဘယ်က ဆက်နေတာလဲဟင်"

"ကိုယ်လား ... ဆိုင်ကနေ ဆက်နေတာလေ ခေမာရဲ့ ခေမာ မနက်စာ စားပြီးသွားပြီလား ..."

"ဟင့်အင်း ... မစားရသေးဘူး ... မေမေကတော့ စောစောကလေးတင် ခေမာ့ကို လာခေါ်တယ် ... ခေမာ့ကို အပြစ်မပေးတော့ဘူးတဲ့ ..."

"ဟာ ... တကယ်လား ... ဒါဆိုရင်တော့ ဝမ်းသာစရာပဲ ခေမာရဲ့"

"ဟင် ... သိပ်ပြီး ဝမ်းသာမနေနဲ့ဦး ... ခေမာက မလိုက်ဘူးလို့ ငြင်းလိုက်တယ် ..."

"ဟင် ..."

ခေမာ့စကားကို အိုအေစစ် နားမရှင်းပါ ... ။ ခေမာ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာစရာပဲ မဟုတ်ဘူးလား ... မှောင်မိုက် ထိတ်လန့်ရတဲ့ နေရာက လွတ်မြောက်မှာ မဟုတ်ဘူးလား ... ။

ဒါကို ...

ခေမာက ဘာလို့ ငြင်းလိုက်ရတာလဲ ... ။

"ခေမာ မှားတယ်လို့ ဝေဖန်မလို့လား အိုအေစစ်"

"မဟုတ်ပါဘူး ခေမာ ... ခေမာ့မှာ ငြင်းပယ်စရာအချက် တစ်ခုရှိလို့ ငြင်းလိုက်တာလို့ တွေးမိနေတာပါ ... ခေမာ သိပ်ကြောက်တဲ့ အမှောင်ခန်းကို ရွေးလိုက်ထဲက ကိုယ် သိပါတယ်"

"ဟုတ်တယ် ... ရှင်အရမ်းတော်တာပဲ ... အိုအေစစ် ... ခေမာ့စိတ်ကို ရှင်တစ်ထပ်တဲကျအောင် ဖတ်နိုင်တယ်"

"ကိုယ် ထင်တာမမှားရင် ရောင်နီကျော် ... "

"ဟက် ... ဟက် ... ဟက်"

သူ့စကားမဆုံးခင်မှာပဲ ခေမာက ရယ်လေသည်။

"ရှင် ထပ်တော်ပြန်ပြီ ... ဟုတ်တယ် အဲဒီလူကြောင့် ခေမာ ခုလို အမှောင်ခန်းထဲမှာ နေနေရတာ"

"ဘယ် ... ဘယ်လို"

"ခေမာတို့နှစ်ယောက် အဲဒီဆိုင်မှာ ရှိတာကို ဖေဖေ့ဆီဖုန်းဆက်ပြောတာသူပဲလေ ... ဖေဖေ့ရဲ့ ဒေါသကို သိလျက်နဲ့ ဖေဖေ ဒေါသထွက်ရင် ခေမာ ဒီလိုဖြစ်မယ်သိရက်နဲ့ သူဆက်တာ လူပုံအလယ်မှာ မျက်နှာမထားရဲလောက်အောင် ခေမာ အရှက်ကွဲခဲ့ရတဲ့ ခံစားချက်ကို စဉ်းစားကြည့်ပါဦး ... ခုမှ ကျေးဇူးရှင်လိုလုပ်ပြီး





လာကယ်တာလေ ... ခေမာ ကျေးဇူးတွေ အတင်မခံနိုင်ဘူး"

"ရောင်နီကျော် ... ဟာ ... ဟာကွာ ... တောက်"

"ရှင် ဒေါသထွက်နေတာလားဟင် ... ရှင်တောင် ခုလိုခံစားရတာဆိုရင် ကာယကံရှင်ဖြစ်တဲ့ ခေမာက ပိုဆိုးတာပေါ့ ... ဒါပေမယ့် ခေမာ သူ့ကို ဘာမှပြန်လုပ်လို့ မရဘူး ... သူတို့ တစ်ခုခုပြန်လုပ်ရင် ... ဖေဖေ အရမ်းဒေါသထွက်မယ် ... အဲဒါအခါကျရင် ခေမာပဲ ပြစ်ဒဏ်ပေးခံရမှာ ... ဒါကြောင့် ခေမာ့စိတ်ကို လျှော့ထားတာ"

"ခေမာရယ် ... "

"အိုအေစစ် ... "

"ဟင် ... "

"ခေမာငြင်းလိုက်တာ အချက်နှစ်ချက်ကြောင့်သိလား"

"အချက်နှစ်ချက် ... "

"ဟုတ်တယ် ... နံပါတ်တစ်အချက်က သူ့ကိုကျေးဇူးမတင်ဘူး ... သူပြောပေးလို့ ခေမာ ဒီအပြစ်ကနေ လွတ်လပ်ခွင့်ရတာကို မလိုလားဘူး ... နံပါတ်နှစ် တချက်က ခေမာက အရင်လိုအမှောင်ခန်းလေးထဲမှာ တစ်ယောက်ထဲနေရတာ မဟုတ်တော့ဘူးလေ"

"ဘာလဲ ... ပွဲပွဲပါ ခေမာနဲ့လာနေလို့လား"

"ဘယ်ကလာ ... ခေမာအဖော်က ရှင်လေ ... အိုအေစစ်ရဲ့ အရိပ်ကလေးပေါ့ ... အခု ခေမာနဲ့စကားတွေ ပြောနေတယ်လေ"

"ဟား ... ဟား ... ဟား ... ဟား ဟုတ်သားပဲ ကြည့်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မေ့နေတာ ခေမာက မှတ်မိသားပဲ"

"ခစ် ... ခစ် ... ခစ် ... ခစ်"

ခေမာ့ ရယ်သံလေးတွေက လွင့်ဝဲသွား၏။ ခေမာအရင်လို တစ်ယောက်ထဲ မဟုတ်တော့ဘူးလေ ... ။

"ဩော် ... လက်စသတ်တော့ ဒီလိုကိုး ... "

"ဟင် ... ဖေဖေ"

တံခါးကို ကျွီခနဲ ဆွဲဖွင့်လိုက်သံနှင့်အတူ အခန်းဝရှေ့မှာ မားမားကြီးရပ်နေတဲ့ ဖေဖေ့ကိုကြည့်ပြီး ခေမာ့လက်ထဲက ဖုန်းလေး လွတ်ကျသွားရသည်။

ချွပ်ခနဲအသံတစ်ခု ...

ခေမာ့ဆီက ဟင် ဖေဖေဆိုတဲ့ အသံနှင့်အတူ ချွပ်ခနဲအသံလေးတစ်ခု ကြားလိုက်ရတာမို့ ... သူ ဆတ်ခနဲ ထရပ်လိုက်မိသည်။ စိုးရိမ်စိတ်လွန်ကဲစွာဖြင့် သူ ခေမာ့ကို အော်ခေါ်နေမိသည်။

"ခေမာ ... ခေမာ ... ဘာဖြစ်တာလဲ ဘာဖြစ်သွားတာလဲ ဟင် ခေမာ ... "

"ဟိတ်ကောင် ... အရိုင်းအစိုင်းကောင် မင်းမင်း ... တော်တော် ခြေလှမ်းသွက်ပါလားကွ ဟင် ... မင်း ... မင်းကွာ"

ခေမာ့ ဖေဖေရဲ့အသံက ဒေါသတကြီး ဖုန်းခွက်ထဲကပေါ် လာသည်။

"အန်ကယ် ကျွန်တော်တောင်းပန်ပါတယ် ... ကျွန်တော် ခေမာ့ကို တကယ်ချစ်မိတာပါ ... အန်ကယ် နားလည်ပေးပါဗျာ။





ခေမာ့ ဖေဖေကို သူတောင်းပန်လိုက်မိသည်။

"နားမလည်နိုင်ဘူး ... အနူလက်နဲ့ မင်းက ရွှေခွက်နိုက်ချင်သေးတယ် ... ကျောက်ကောင်းတစ်ပွင့်ဆိုတာ ရွှေနဲ့ခတ်မှ တန်ဖိုးရှိပြီး တင့်တယ်တာကွ ... တန်ဖိုးမရှိတဲ့ ကြေးနဲ့ခတ်လို့ အလကားပဲ ... အဲဒီ မင်းနားလည်သလားကွဟင် ... "

ကျွတ် ...

ဒီအဘိုးကြီး ...

ငွေစကား ထပ်ပြောပြန်ပြီ ...

"အန်ကယ် ... ဘာပဲဖြစ်ဖြစ် ကျွန်တော် ခေမာ့ကိုချစ်တယ် အန်ကယ် မျှော်မှန်းသလောက် မလိုက်နိုင်ပေမယ့် ကြိမ်းသေကတိ ပြောပါတယ် ... ခေမာ ကျွန်တော်နဲ့ဆို ပျော်စေရမယ် ... စိတ်ချမ်းသာစေရမယ် ... "

သူ ...

ဒီစကားတွေကို ရင်ထဲကအတိုင်း ပြောလိုက်တာပါ ... ။

"တော်တော့ ... မင်းကိုငါ ထပ်သတိပေးမယ် ... ငါ့သမီးကို နောက်တစ်ကြိမ် ထပ်ဖြားယောင်းဖို့ မကြိုးစားပါနဲ့ ... ငါ့သမီးကို ဒေါက်တာ ရောင်နီကျော်နဲ့ ပေးစားဖို့ ငါတို့စီစဉ်ထားပြီးသား ငါ့သမီးကလည်း လက်ခံထားပြီးသား ... မင်း နောက်ဆုတ်ပေးပါ"

ခေမာ ...

အိုအေစစ် ဘာပြောနေလဲဆိုတာ မကြားရပေမယ့် ဖေဖေ ပြောနေသမျှကိုတော့ ကြားနေရပါသည်။ ဖေဖေရဲ့ ဒေါသစိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေမာ့ကို အသေတောင် သတ်မလားမသိပါဘူး ... ။

"ဆောရီးပဲ အန်ကယ် ... ကျွန်တော် လိုက်နာနိုင်မှာ မဟုတ်ဘူး ... အန်ကယ့်ကို ပြောတဲ့အတိုင်း ခေမာ့ကို ကျွန်တော့်နားခေါ်ထားနိုင်ဖို့ ကျွန်တော်ကြိုးစားမှာပါ"

သူ ...

တွန့်ဆုတ်နေလို့ မဖြစ်ဘူး ...

"မင်း ... မင်း ... လူ အသိမရှိတဲ့ကောင် ငါ ဒီလောက်ပြောနေတာတောင် မင်းဆက်တိုးဖို့ ကြိုးစားရဲသေးတယ် ... "

"ဖေဖေ ... "

"ဘာ ဖေဖေလဲ ... အဲဒါတွေ အကုန်လုံး နင့်ကြောင့်ဖြစ်ရတာ သွားစမ်း ... "

"ဝုန်း ... "

"အား ... "

"အို ... အဖေကြီး"

ဖေဖေရဲ့ ဆောင့်တွန်းလိုက်မှုကြောင့် ခန္ဓာကိုယ်လေးယိုင်နဲ့ကာ ခုတင်လေးပေါ် ပစ်လဲကျပြီး ခုတင်စောင်းနှင့် သူမရဲ့နဖူးလေး ရိုက်မိသွားတော့သည်။

"ခေမာ ... ခေမာ ... သမီးလေး အို ... သွေး ... သွေးတွေ အဖေကြီး လုပ်ပါဦး"

"ဟာ ... သမီး"

ဖေဖေရော မေမေပါ ခေမာ့ကို ကြည့်ပြီး ခြေမကိုင်မိ လက်





မကိုင်မိ ဖြစ်နေကြသည်။

ခေမာ့ရင်ထဲ ကျင်ခနဲ ခံစားလိုက်ရသည်။

ဖေဖေ ...

ဖေဖေရယ် ...

ရက်စက်လိုက်တာ ...

ခေမာ့ကို ဒီလိုလုပ်ရက်တယ်နော် ... ဖေဖေ့ရင်ထဲမှာ အရှုံးမပေးချင်တဲ့ စိတ်တွေ အတ္တတွေ မာနတွေ ဒေါသတွေနဲ့ ရှင်သန်နေတော့မှာပဲလားဟင် ... ။

ခေမာ့ ပါးပေါ် ...

မျက်ရည်လေးတွေ စီးကျလာရသည်။

"ခေမာ ... "

"ခေမာ ... သမီးလေး"

သူမ ...

ခပ်စူးစူးလေး စိုက်ကြည့်ကာ ... နေရာကနေ ချာခနဲပြေးထွက်ခဲ့တော့သည်။

❀❀

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

"ဘာ ... ဘာပြောတာလဲ"

ဦးကောင်းမြတ် တစ်ယောက် ခြံစောင့်ကြီး ဦးဝဏ္ဏရဲ့ စကား ကြောင့် ဒေါသတွေ ငယ်ထိပ်တက်ပြီး ကပ်သွားရ၏။

"ဟုတ်တယ် ဆရာကြီး ... အိုအေစစ်ဆိုတဲ့ကောင် အိမ်ရှေ့မှာ ရောက်နေတယ် ... သူ့ကို အေးအေးဆေးဆေး တံခါးဖွင့်ပေး ရင်ပေး ... မပေးရင် သူ့ကို အဆိုးမဆိုနဲ့တဲ့ ... "

"တောက် ... သွားစမ်း လုံးဝခြံထဲ မဝင်စေနဲ့ ဝင်လာရဲဝင် လာကြည့် ... ငါနဲ့တွေ့မယ် ... တောက်"

"ဗျာ ... ဟို ... ဟို"

"ဘာလဲ ... မင်းတို့က ကြောက်နေလို့လား ... သွား ဝင် မလာစေနဲ့ ... ခွေးမသား ဝင်ရဲဝင်စမ်း ... "

ဒီကောင် ...

အိုအေစစ် ...





တောက် ...

သူ ... အပေါ်ထပ်ရှိ ဝရံတာဘက်သို့ ထွက်ကာ ... အခြေ အနေကို လှမ်းကြည့်လိုက်သည်။ အိုအေစစ်ဆိုတဲ့ကောင်က ခြံတံခါး ကို အတင်း ဖွင့်ခိုင်းနေသည်။

"မလုပ်ပါနဲ့ကွာ ... ညီလေး မင်း ပြဿနာမရှာပါနဲ့ကွာ ... ဆရာကြီး အရမ်းဒေါသ ထွက်နေတယ်ကွ"

"မရဘူးဗျာ ... ကျွန်တော် ခေမာ့ကို တွေ့ချင်တယ် ... ခေမာ တစ်ခုခုဖြစ်နေပြီဆိုတာသိတယ် ... ခင်ဗျားတို့ လိမ်ကြတာ ခင်ဗျားတို့ပြောတာ ကျွန်တော် မယုံဘူး ... ဖွင့်ပေးနော် ... ဖွင့် မပေးရင်တော့ ကျွန်တော်ရတဲ့ နည်းနဲ့ဝင်မှာ ... "

"ဟာကွာ ... ဒီကောင်ပြောရ တော်တော်ခက်တာပဲ ... မင်းပြန်တော့ ... ငါတို့ ဆရာကြီး ဝရံတာကကြည့်နေပြီ ... ခေမာ တကယ် ဘာမှမဖြစ်ပါဘူးကွာ"

ဦးကောင်းမြတ်ကတော့ ဝရံတာကနေ ခပ်စိမ်းစိမ်းကြီး စိုက် ကြည့်နေပါသည်။

သူ ...

ဆုံးဖြတ်ချက်ချထားပြီးသား ... ။

ခေမာ့ကို တွေ့ပြီး ခေမာ ဘာမှ မဖြစ်ဘူးဆိုတာ သူမြင်ရ ပြီးမှ ပြန်နိုင်မည်။

"ဟေ့လူကြီးတွေ ခင်ဗျားတို့ ဖွင့်ပေးနော်"

"မပေးဘူးကွာ ... လုံးဝမပေးနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ပြီးရောဗျာ ..."

သူ သန်မာဖျပ်လက်စွာ အုပ်နံရံပေါ်တွယ်တက်ပြီး အောက်သို့ ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည်။ ခြံထဲက လူတွေက သူ့ကို ကြောင်ကြည့်နေကြ၏။ ပြီးမှ သတိဝင်လာပြီး ...

"ဟာ ... ဟော့ကောင်"

ခြံစောင့်နှင့် ဒရိုင်ဘာဆိုသော လူနှစ်ယောက်ဘက်က သူ့ဆီသို့ ပြေးဝင်လာကြသည်။

"လွှတ် ... လွှတ်နော် ခင်ဗျားတို့ ဘာလုပ်တာလဲ"

သူ့ကို ဝိုင်းချုပ်ပြီး ဆွဲထားကြသည်။ သူ ... အတင်းရုန်းကန်နေမိသည်။

"ဟော့ကောင်တွေ ဒီကောင့်ကို လွှတ်ပေးလိုက်စမ်း ... အိုအေစစ် မင်းက တယ်ဟုတ်နေပါလားကွ ... ကောင်းပြီလေ ... မင်းနဲ့ငါ စကားပြောရအောင် ..."

ဘယ်အချိန်က အောက်ထပ်ရောက်နေမှန်းမသိတဲ့ ခေမာ့ဖေဖေက သူ့ရှေ့မှာရပ်နေသည်။

"အား ... ကျွတ် ... ကျွတ် မေမေ အပြင်မှာ ဘာတွေဖြစ်နေတာလဲ"

သမီးရဲ့ အမေးကို သူမ ဘာပြန်ဖြေရမှန်း မသိ။

"ဘာမှ မဖြစ်ပါဘူး ... သမီးလည်း ဒဏ်ရာက နာနေတယ်မှတ်လား အနားယူလိုက်နော်"

"မေမေ ... မညာပါနဲ့ သူ ... သူရောက်နေတယ် မဟုတ်





လား ... အိုအေစစ်လေ ..."

"ဟင် ..."

"ဒါဆို ... သူနဲ့ ဖေဖေ ..."

စိုးရိမ်တကြီး အိပ်ယာမှ ဆတ်ခနဲထဖို့အပြင် ...

"အား ... ကျွတ် ... ကျွတ်"

မိုက်ခနဲဖြစ်ပြီး သူမ ပြန်လဲကျသွားရသည်။

"ခေမာ သမီး ..."

"သမီး ... သမီး အဲကိုသွားချင်တယ်"

"မသွားပါနဲ့ သမီးရယ် ... သမီး ဖေဖေ စိတ်ပိုဆိုးလိမ့်မယ်"

သူမ ...

အတင်းထဖို့ ကြိုးစားနေတဲ့ သမီးဖြစ်သူကိုကြည့်ပြီး တားနေရင်းက စိတ်မကောင်း ဖြစ်သွားမိသည်။

"ဟား ... ဟား ... ဟား"

ဟင် ...

ဒါ ... ဖေဖေရဲ့ ရယ်သံပဲ ...

ခေမာ အိပ်ယာကနေ အားတင်းပြီး ထလိုက်သည်။ ယိုင်နဲ့နဲ့ ခန္ဓာကိုယ်လေးနှင့် အပြင်သို့ထွက်ရန် တံခါးဆီကို ကြိုးစားပြီး လျှောက်သွားလိုက်သည်။

မေမေက မတားတော့ဘဲ သူမကို ငေးမောပြီးမှ ကြည့်နေသည်။

"ဟော့ကောင် ... မင်းက မလောက်လေးမလောက်စားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငရဲခြံထဲကို ရာရာစစ ကျော်ဝင်လာရတယ်လို့ ... "

"အန်ကယ် ကျွန်တော်တောင်းပန်ပါတယ် ... ခေမာ ဘယ်မှာလဲဟင် ... ခေမာ့ကို ခဏလေးပဲ တွေ့ပါရစေ အန်ကယ် ရယ် ... "

အို ...

သူ ...

သူ တောင်းပန်နေတာပါလား ...

"သွားစမ်းပါကွာ ... ငါက မင်းပြောတိုင်း တွေ့ခွင့်ပေးရမှာလား ... မင်းက ဘာကောင်မို့လို့လဲ ... မင်း ခုချက်ချင်း ငရဲခြံထဲကနေ ထွက်သွားစမ်း ... "

"အန်ကယ် ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်"

"ဟေ့ကောင်တွေ ဘာရပ်ကြည့်နေတာလဲ ဒီကောင့်ကို ခြံထဲကနေ ဆွဲထုတ်လိုက်ကြ ... "

သူ ဇွတ်အတင်း ခြံထဲကနေ မောင်းထုတ်နေမိသည်။ ကြာရင် ဒီကောင့်ကို တစ်ခုခု လုပ်မိတော့မည်။

"လာပါကွာ ... ကောင်လေး ပြန်ပါတော့ကွာ"

"မပြန်နိုင်ဘူးဗျာ ... လွှတ် ... လွှတ်ဗျာ ခေမာကို ကျွန်တော်တွေ့ရမှ ဖြစ်မယ် ... "

အိုအေစစ် အတင်းရုန်းသည် လူနှစ်ယောက်ချုပ်ထားသော မယ့် သူ့ကို မထိန်းနိုင် ...

"ဟာကွာ ... ဒီလောက်ဆောင် တွေ့ချင်နေတဲ့ကောင်"





"ခွပ် ... "

"ခွပ် ... ခွပ်"

"အ ... "

ဦးကောင်းမြတ်ရဲ့ လက်သီးချက်တွေက အိုအေစစ်ရဲ့ မျက်နှာပေါ်ကို တရစပ်ကျလာ၏။ ပြင်းထန်တဲ့ လက်သီးအရှိန်ကြောင့် သူ့ဖင်ထိုင်ရက်လဲကျသွားရသည်။

"ဟေ့ကောင် ... မင်းက ကောင်းကောင်းမွန်မွန် သွားခိုင်းတာကို မသွားချင်ဘူးပေါ့လေ ... "

သူ ...

ခွေယိုင်နေတဲ့ ခြေထောက်တွေနှင့် ထရပ်လိုက်သည်။ ပါးစပ်နှင့် နှာခေါင်းကနေ သွေးများလျှံကျလာတာ မြင်လို့တောင် မကောင်း ... ။

"ကျွန်တော် ခေမာ့ကို တွေ့ပါရစေ ... "

"ဘာ ... ကဲကွာ"

"ခွပ် ... "

သူ ချာခနဲ လည်ကျသွားပြန်သည်။ သူ့မျက်နှာက သွေးတွေကြောင့် သူ့အင်္ကျီရင်ဘတ် တစ်ခုလုံး သွေးတွေစွန်းပေနေသည်။

"ဟေ့ကောင် ... မင်း သေချင်နေပြီလား"

"သတ်လိုက်ပါ အန်ကယ် ... အန်ကယ် သတ်ချင်ရင်သတ်လိုက်ပါ ... ဒါပေမယ့် ခေမာ့ကိုတော့ ခဏလေးတွေ့ပါရစေ"

"ဟာ ... ဟာကွာ ... ဒီကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ထိုးပါ ... အန်ကယ် ကျွန်တော့်မျက်နှာ စုတ်ပြတ်သတ်သွားအောင် ထိုးလိုက်စမ်းပါ ... ကျွန်တော်ခံမယ် အန်ကယ် ဒါပေမယ့် ခေမာ့ကိုတော့ တွေ့ပါရစေနော် ... ကျွန်တော် တောင်းပန်ပါတယ် အန်ကယ်ရယ် ... "

ဟင် ...

သူ့ ခြေသလုံးတွေကို ဖက်ပြီး တောင်းပန်နေတဲ့ အိုအေစစ်ကြောင့် ဦးကောင်းမြတ် မယုံကြည်နိုင်လောက်အောင် အံ့ဩသွားရသည်။

ကိုယ်မှန်တယ်ထင်ရင် ဘယ်အရာကိုမှ ဂရုမစိုက်ဘဲ တုံ့ပြန်တတ်တဲ့ မာနတွေနှင့် ကျွတ်ဆက်ဆက် မာရေကြောရေရှိလှတဲ့ အိုအေစစ်လိုကောင်က သူ့ခြေသလုံးတွေကိုဖက်ပြီး တောင်းပန်နေတယ်တဲ့လား ... ။

"ဖယ်စမ်း ... ဟေ့ကောင်"

အိုအေစစ်ရဲ့ ... လက်တွေကို ဆွဲခွာပြီး ဦးကောင်းမြတ် နောက်ဆုတ်လိုက်သည်။

"တောင်းပန်ပါတယ် အန်ကယ်ရယ် ... တကယ်တောင်းပန်ပါတယ် ... "

ဦးကောင်းမြတ် ...

မမြင်ရက်တော့ပါ ...

ကောင်လေးက မျက်ရည်တွေကြားက သူ့ကိုမော့ကြည့်ပြီး တောင်းပန်နေတာလေ ... မျက်ရည်နဲ့ သွေးတွေရောပြီး ကောင်





လေးရဲ့ ရင်ဘတ်တစ်ခုလုံးနဲ့ မျက်နှာမှာ စိုရွှဲနေသည်။

ဦးကောင်းမြတ် ဘာမှဆက်မပြောနိုင်တော့ဘဲ ခြံဝကနေ ချာခနဲ လှည့်ထွက်ခဲ့ပါသည်။

"အန်ကယ် ... အန်ကယ် ... ခဏလေးပဲ တွေ့ခွင့်ပေးပါ အန်ကယ်ရယ် ... "

"အို ... အေ ... စစ်"

ဟင် ...

တိုက်ကြီးရဲ့ တံခါးဝလေးဆီက အသံလေး ...

ဒါ ... ဒါ ခေမာ့အသံလေးပဲ ...

သူ့ မျက်လုံးတွေ တံခါးပေါက်လေးဆီ လှမ်းကြည့်လိုက်သည်။

"ခေမာ ... "

"အိုအေစစ် ... "

သူ ဝမ်းသာစွာ နေရာလေးက ထရပ်ပြီး ခေမာ့ဆီသွားဖို့ပြင်လိုက်သည်။

အား ...

ခြေထောက်တွေက မသယ်ဆိုင်လောက်အောင်ဖြစ်ပြီး သူ ခွေခနဲ ပြန်လဲကျသွားရသည်။

"အို အေစစ်"

သူမ စိုးရိမ်ထိတ်လန့်စွာ လှမ်းအော်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုအေစစ်က မရရအောင် ပြန်ထရပ်ပြီး ခေမာရှိတဲ့နေရာဆီ ယိုင်နဲ့နဲ့ခြေလှမ်းတို့ဖြင့် လျှောက်သွားလိုက်သည်။

"အိုအေစစ်ရယ် ..."

ခေမာ ... မမြင်ရက်စွာ မျက်လုံးလေးတွေကို ယောင်ယမ်းပြီး မှိတ်ထားလိုက်မိသည်။ ပါးပြင်လေးပေါ်သို့ မျက်ရည်လေးများက တပေါက်ပေါက် လိမ့်ဆင်းကျလာခဲ့၏။

"ခေမာ ..."

"အိုအေစစ်ရယ် ... ဖြစ်မှဖြစ်ရလေရှင် ... ကြည့်ပါဦး သွေးတွေ မြင်လို့တောင် မကောင်းဘူး ..."

ခေမာ သူ့မျက်နှာလေးကို ကြည့်ပြီး သနားသွားရသည်။

"ခေမာ ... ခေမာဘာမှ မဖြစ်ဘူးနော် ... ကိုယ်အရမ်းစိတ်ပူတတ်တာ ခေမာရဲ့ ခေမာ့ အသံလေးကို ဖုန်းထဲကကြားလိုက်ရတော့ ကိုယ်အရမ်းကို ထူပူသွားတာပဲ ခေမာရယ် ..."

သူ ...

သူကတောင် ခေမာ့ကိုပြန်ပြီး စိုးရိမ်နေသေး၏။

သူ့ ပုံစံလေးကိုကြည့်ပြီး မထင်မှတ်ဘဲ ခေမာ့နှလုံးသားတံခါးလေးကို ဝုန်းခနဲ ပွင့်သွားရသည်။

"အိုအေစစ်ရယ် ... ရှင် ... ရှင် ခေမာ့အပေါ် ဒီလောက်တောင် ..."

"ဟင့်အင်း ... မပြောနဲ့ခေမာ ... ခေမာ ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ ... ကိုယ်က ခေမာ အရမ်းထိခိုက်သွားမလားစိုးရိမ်ပြီး လာကြည့်တာ ... ခေမာ ခေါင်းကွဲသွားတယ်ထင်တယ် ... အရမ်းနာနေလားဟင် ... ကိုယ်က ဘာမှမဖြစ်ဘူးသိလား"



အိုအေစစ်ရယ် ...

ရှင် ဒီလောက်ဖြစ်နေတာတောင် ခေမာ့ရဲ့ ဘာမဟုတ်တဲ့ဒဏ်ရာကို စိတ်ပူနေသေးတယ်နော် ...

"အိုအေစစ် ..."

"ဟင် ..."

"ရှင် ... ခေမာ့ကို အဲဒီလောက်တောင် ချစ်ရလား ... ရှင့်ရဲ့ ဒဏ်ရာတွေ ရှင့်ရဲ့အတွက်တွေ ဘယ်ရောက်ကုန်ပြီလဲ ... ရှင့်မျက်နှာတစ်ခုလုံးလည်း ရစရာကို မရှိတော့ဘူး ... အဟင့် ဟင့်"

"ခေမာရယ် ... မငိုပါနဲ့ကွာ ... ကိုယ်တကယ် ဘာမှမဖြစ်ပါဘူး ... ကိုယ့်ကို စိတ်မပူနဲ့နော် ... ခေမာနဲ့ ပတ်သက်လာရင် ကိုယ့်မှာ ဘာမာန ဘာအတ္တမှ မရှိပါဘူး ... ကိုယ် ခေမာ့အတွက် ဘာမဆို ပေးရဲပါတယ်"

အို ...

အိုအေစစ်ရယ် ...

ရှင် ဘာလို့ ကျွန်မအတွက် အဲဒီလောက်ပေးဆပ်ရဲရတာလဲ

"အိုအေစစ် ..."

"ဟင် ..."

"ကျွန်မ ... ရှင့်ကို အရမ်းချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... "

"ဟုတ်တယ် ... ကျွန်မ ရှင့်ကို အရမ်းချစ်တယ်သိလား"

"ဟာ ... ဝမ်းသာလိုက်တာကွာ ... ကိုယ့်နားတောင်မယုံချင်တော့ဘူး ခေမာရယ်"

သူ့မျက်နှာလေး ဝင်းလက်သွားသည်။ သူ့ မျက်လုံးလေးတွေ အရောင်တောက်လာ၏။

"အင်မတန် မာနကြီးပြီး သူများတင်စီးတာ တစ်စက်လေးမှ ငုံ့မခံတတ်တဲ့ ရှင်က ခေမာ့ကို ချစ်တဲ့ စိတ်ထုစ်ခုတည်းနဲ့ ဖေဖေနဲ့ ရက်စက်မှုကို ခေါင်းငုံ့ပြီး ခံယူခဲ့တယ်နော် ... ခေမာသိလိုက်ပါပြီ အချစ်ဆိုတာ အရာအားလုံးထက် အင်အား အကြီးဆုံးအရာတစ်ခုပဲ ဆိုတာလေ ... "

"ခေမ္မာရယ် ... "

"အခုကစပြီး ခေမာက မောင့်ရဲ့ တရားဝင်ချစ်သူလေးဖြစ်သွားပြီနော် မောင် ... "

ဟာ ...

မောင်တဲ့ ...

ချစ်သူလေးဆီက ညင်သာ နူးညံ့ချိုမြိန်တဲ့ခေါ်သံလေး ...

"ခေမာ ခေမာ ဘယ်လိုခေါ်လိုက်တယ် ... မောင် မောင် ဟုတ်လား"

"ချစ်ရယ် ... "

နှစ်ယောက်စလုံး နာကျင်နေတဲ့ ဒဏ်ရာတွေကို မေ့နေကြ





သည်။ အပြင်က ဝေဒနာထက် နှလုံးသားထဲက ဝေဒနာက ဒဏ်ရာပိုပြီး ပြင်းထန်နေတာလေ ... ။

"ပိုးခေမာ ... "

"ဟင် ... "

ဖေဖေ့အသံ ...

"တော်သင့်ပြီ ပိုးခေမာ ... "

ဖေဖေရဲ့ အမိန့်သံက သူမ နောက်ကျောဘက်ဆီကလာတာပဲ ...

"ပြောတာကြားလား ခေမာ ... "

"သွားတော့ ခေမာ ... ခေမာ အနားယူတော့ ဒီနေ့ ခေမာကိုတွေ့လိုက်ရတဲ့အတွက် မောင့်စိတ်တွေ အေးသွားပြီ ... ခေမာ သွားတော့နော် ... "

"မောင်ရယ် ... "

"သွားတော့လေ ခေမာ ... ဖေဖေ့ ဒေါသတွေ ခေမာ့ဆီ ရွှေ့မလာခင် ဒီနေရာကနေ အဝေးဆုံးကို ထွက်သွားတော့ ... "

အို ... ဖေဖေရယ် ...

ခေမာ့ကို သတိပေးနေတဲ့ ဖေဖေ့ အသံတွေက လှိုင်းထလို့နေပါလား ...

"ရော့ ... အိုအေစစ် ... မင်းရဲ့ဖုန်း နောက်ဘယ်တော့မှ ခေမာနဲ့ မပတ်သက်ပါနဲ့ ... ပိုးခေမာဟာ ဘယ်လို အကြောင်းမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပဲရှိရှိ ရောင်နီကျော်နဲ့ လက်ထပ်ရမယ် ... အဲဒါ မင်းသိထားလိုက် အိုအေစစ်"

"အနက်ကယ် ..."

ဦးကောင်းမြတ် လှည့်မကြည့်တော့ပါ ... ကြည့်လည်း မကြည့်ရက်တော့ပါ ...

ကြေကွဲ ဝမ်းနည်းနေတဲ့ အိုအေစစ်ဆိုတဲ့ကောင်လေးရဲ့ မျက်နှာကို သူ ဘယ်လိုမှ မကြည့်ရက်တော့တာပါ ...

အိုအေစစ်ကတော့ ...

ဖဖ

အခန်း ( ၁၉ )

"မင်း ... ငါ့ကို တွေ့ချင်တာ ဘာကိစ္စလဲ ... အိုအေစစ် ငါထင်တာတော့ မင်းနဲ့ငါ တွေ့စရာအကြောင်းမရှိဘူး ..."

တိတ်ဆိတ်ငြိမ်သက်နေတဲ့ အအေးဆိုင်လေးထဲမှာ သူနဲ့ အိုအေစစ်နဲ့ ထိုင်နေကြတာပါ ... အိုအေစစ်ဘက်က တွေ့ချင်တယ် ဆိုပြီး ပြောလို့ ဒီဆိုင်လေးမှာ တွေ့ဖြစ်ကြခြင်း ဖြစ်သည်။

"ခေမာနဲ့ ပတ်သက်နေသမျှ မင်းနဲ့ငါက အမြဲတွေ့ဆုံနေဦး မယ့်အတူတူ အခုတည်းက ရင်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောကြတာပါ ..."

အိုအေစစ်ရဲ့ စကားအရဆိုလျှင် ဒီကောင် ရှေ့ဆက်တိုး တော့မည့်ပုံပါပဲ ...

"ကောင်းပြီလေ ... အိုအေစစ် ... ဒါဆို ငါ အရင်စပြော မယ်"

ရောင်နီကျော် သူ့ရဲ့ လှုပ်ရှားနေသော စိတ်ကို တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားလိုက်သည်။

"မင်း အခု လုပ်နေတာတွေအားလုံးကို ရပ်တန်းကရပ်လိုက်ပါတော့ အိုအေစစ် ... အခြေအနေတွေ အားလုံး ရှုပ်ထွေးမလာအောင် မင်းနောက်ဆုတ်ပေးပါ ... "

"ဟား ... ဟား ... ဟား"

အိုအေစစ်က သူ့စကားအဆုံးတွင် ရယ်လေတော့သည်။

"ဟော့ကောင် ... မင်း ဘာရယ်တာလဲ"

"ရယ်ချင်လို့ပါ ... ငါ အခုလာတာလည်း အဲဒါပဲရောင်နီကျော် အခုချိန်ကစပြီး ငါဆိုတဲ့ အိုအေစစ်က ခေမာ့ကို ဘယ်လိုနည်းနဲ့မဆို ပိုင်ဆိုင်ရဖို့ စတင်ကြိုးစားတော့မယ်ဆိုတာကို တရားဝင်အသိလာပေးတာ ... "

"ဘာ ... မင်း ... မင်း"

အိုအေစစ်ရဲ့ မျက်နှာပေါ်က ထိမထင်တဲ့ အပြုံးတွေ စူးရှတဲ့ မျက်ဝန်းတွေက သူ ဘယ်လောက်ထိလေးနက်တယ်ဆိုတာကို ဖော်ပြနေကြသည်။

"ငါ ... ခေမာ့ကို သိပ်ချစ်တယ်"

"ဘာ ... အိုအေစစ် ... မင်း ဘာတွေလာပြောနေတာလဲ"

ပွင့်လင်းလိုက်တဲ့ အိုအေစစ် ...

သူဆို အဲဒီလို ဝန်ခံရဲမှာ မဟုတ် ... မိန်းမတစ်ယောက်အတွက် အခုလို ရင်ဆိုင်နေရတာတောင် သူတော်တော်လွန်နေပြီ။

"ခေမာ့အတွက်နဲ့ ပတ်သက်လာရင် ငါဘာမဆိုလုပ်ရဲတယ်





အရာအားလုံးကို စွန့်လွှတ်ရမယ်ဆိုရင်တောင် ငါ စွန့်လွှတ်ပြီး ဆက်ချစ်ပြရဲတယ် ... အဲဒါ မင်းယုံလား"

"ယုံတယ် ... ငါမင်းကိုယုံတယ် အိုအေစစ်"

အဲဒီလိုပဲ ခေမာ့အပေါ်ထားတဲ့ ငါ့ရဲ့အချစ်ကလည်း မင်းထက်လျော့မသွားဘူးဆိုတာ မင်းယုံထားလိုက်စမ်းပါ အိုအေစစ်ရယ် ... ။

"ခေမာနဲ့ ငါ ချစ်သူတွေ ဖြစ်သွားပြီ ရောင်နီကျော်"

"ဘာကွ ... ဟော့ကောင် မင်းမဟုတ်က ဟုတ်က လျှောက်ပြောမနေနဲ့ ... မင်းရဲ့ဖိန့်တွေကို ငါယုံမယ်များမှတ်နေလား ... ခေမာက မင်းရဲ့ချစ်သူ ဟုတ်လား ဟား ဟား ... မင်းရူးနေပြီ"

"မင်း သွေးပျက်သွားတာလား ရောင်နီကျော်"

"ဟော့ကောင် ... ဘာဆိုင်လို့ ငါက သွေးပျက်ရမှာလဲ ... မင်းသိထားဖို့က ခေမာဟာ ငါနဲ့မိဘချင်း သဘောတူထားတာ ... ပြီးတော့ ခေမာကိုယ်တိုင်လည်း ကတိပေးထားပြီးသား ခေမာဟာ အချိန်မရွေး ငါတောင်းဆိုလိုက်တာနဲ့ ငါ့လက်ထဲ အလိုအလျောက် ကြွေဆင်းလာမယ့် ပန်းလေးတစ်ပွင့်ပဲ ... မင်းမှတ်ထားစမ်းပါ အိုအေစစ် ... "

သူ ...

အပိုင်ပဲ ပြောချလိုက်သည်။ ဒီကောင်က ဘာအကောင်မို့လို့ ကိုယ့်ကိုကိုယ် ဒီလောက်တောင် အထင်ကြီးနေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ငါလက်ခံပါတယ် ဒါပေမယ့် ခေမာ့ကို ငါသိပ်ချစ်တယ် ... ငါဖန်တီးပေးမယ့် ဘဝထဲမှာ ခေမာဟာ ဘယ်တော့မှ မွန်းကျပ် ပိတ်လှောင်ခံရတဲ့ သားကောင်လေး မဖြစ်စေရဘူး။ ခေမာက ငါ့ဘဝရဲ့ ကေရာဇ်မလေးပဲ ဖြစ်စေရမယ် ... မင်းလို ပညာတတ် ကျိုကျိုတက်မချမ်းသာပေမယ့် ငါဖန်ဆင်းပေးတဲ့ ကမ္ဘာမှာ ခေမာ ပျော်စေရမယ်"

"ဟား ... ဟား ... ခေမာက အဲဒါကို လက်ခံမယ်ထင်လား အိုအေစစ် ... ဒီမှာ အရွယ်ရောက်ပြီးသား မိန်းမတစ်ယောက်ရဲ့ စိတ်ကူး အိပ်မက်က ဘာလဲမင်းသိလား ... တစ်ချိန်ချိန်မှာ အောင်မြင်ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဇနီးမယား ဖြစ်ချင်တဲ့ စိတ်ကူး ... အဲဒါ မိန်းမတိုင်းကို မင်းမေးကြည့် ... "

"ဟုတ်ပါတယ် ... မင်းပြောတာ မှန်ပါတယ် ... ဒါပေမယ့် အကုန်လုံးတော့ မမှန်ဘူး ... ဆယ်ရာခိုင်နှုန်းလောက်ရှိတဲ့ မိန်းကလေးတွေကတော့ ကိုယ့်ချစ်သူဟာ ဘာပဲဖြစ်နေဖြစ်နေ ချစ်သူ့လက်ကို ရဲရဲဆုပ်ကိုင်ပြီး ကိုယ့်ချစ်သူနဲ့အတူ ဘဝတိုက်ပွဲကို ဝင်နွှဲဖို့ သတ္တိရှိကြတဲ့ ချစ်သူပီသတဲ့ မိန်းကလေးတွေလေ"

သူ ...

အိုအေစစ်ကို စူးရဲစွာ တစ်ချက်စိုက်ကြည့်လိုက်ပြီး ...

"ဟုတ်ပါပြီ ... ဒါပေမယ့် အဲဒီ ဆယ်ရာခိုင်နှုန်းထဲမှာ ခေမာ ပါမယ်ထင်လား ... "

"သိပ်ချစ်ရင်ပါတယ် ... အခု ခေမာက ငါ့ချစ်သူလေကွာ"





တောက် ... တော်စမ်းပါကွာ ... နားခါးလိုက်တာ ...

"ကောင်းပြီလေ ... မင်းကြိုးစားစမ်း အိုအေစစ် ... ငါမင်းနဲ့ လောင်းကြေးတောင် ထပ်လိုက်ဦးမယ် ... ခေမာက ဘယ်တော့မှ အဲလို မိုက်ရူးရဲ အလုပ်မျိုး မလုပ်ဘူးဆိုတာကိုလေ ... "

"မင်း ငါ့ကိုစိန်ခေါ်တာလား"

"မင်း သတ္တိရှိရင်ပေါ့"

အိုအေစစ် ...

မျက်နှာပေါ်မှာ မထီမဲ့မြင် အပြုံးလေး ဖျတ်ခနဲပွင့်သွားရသည်။

"ကောင်းပြီလေ ... ငါလက်ခံတယ်"

"မင်းကို အချိန်တစ်ပတ်ပေးမယ် ... အိုအေစစ် ... တစ်ပတ်အတွင်း မင်းကြိုက်သလို ကြိုးစားနိုင်တယ် ... ငါလည်းကြိုးစားမှာ ခဲ့နော် ... မင်းမှာ ခေမာက မင်းကိုချစ်တယ်ဆိုတဲ့ အားသာချက်နိုင်သလို ငါ့မှာလည်း ခေမာ့မိဘတွေရဲ့ သဘောတူညီချက်အရ တရားခင် ဝင်ထွက်သွားလာနိုင်တယ်ဆိုတဲ့ အားသာချက်ရှိတယ် ဘယ်လိုဘဲ ... "

"အိုကေလေ ... ရောင်နီကျော် ... မင်းပြောတဲ့ တစ်ပတ်အတွင်း ခေမာဟာ ငါ့နောက်ပါခဲ့ရင် ... "

"ငါ အရှုံးကို ငါ အေးအေးဆေးဆေးခံပြီး နောက်ဆုတ်ပေးလိုက်မယ် ... "

"ကောင်းပြီ ... မင်း ကတိတည်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငါက ယောကျ်ားကွ"

"ပြီးရော ... ငါရှုံးရင်ရော ... "

"ငါ ... နောက်တစ်ပတ်တနင်္ဂနွေနေ့ ညနေခြောက်နာရီ တိတိမှာ ခမော့ကို လူကြီးစုံရာနဲ့ သွားစေ့စပ်မယ်"

သူ ...

နှုတ်ဆိတ်သွားရသည်။

"ဘယ်လိုလဲ အိုအေစစ် ... ကြောက်နေပြီလား"

"ဟော့ကောင် ... အိုအေစစ်ကွ ဘယ်အရာကိုမှ မကြောက်ဘူး ... မင်းသာ ကတိတည်ပါ"

"ဟား ... ဟား ... ဟား"

ရောင်နီကျော် သဘောကျစွာ တဟားဟားရယ်လေသည်။

"တစ်ပတ်နော် အိုအေစစ်"

"ကောင်းပြီလေ ... "

အအေးဆိုင်လေးထဲက သူတို့နှစ်ယောက် အေးဆေးတည်ငြိမ်စွာ ထွက်လာခဲ့ပြီး ... ကိုယ့်ကားဆီကိုယ်သွားကာ မောင်းထွက်ခဲ့ကြတော့သည်။

၁၈

အိုအေစစ် ...

ခမော့ကို တွေ့ရဖို့ စောင့်နေတာ ဒီနေ့နဲ့ဆို ငါးရက်မြောက်





နေ့ ရောက်နေပြီ ...

ပုံပုံနေရာမှာ အမှိုက်သွန်နေတာကလည်း ကောင်မလေး တစ်ယောက် ဖြစ်နေ၏။

ခမောတို့ အိမ်တစ်ခုလုံးက တိတ်ဆိတ်နေမှန်း သူသတိထား မိနေသည်။ အရင်ကဆို ခမော့ဖေဖေရဲ့ ကားအဝင်အထွက်လောက် တော့ ပုံမှန်ရှိနေကျ ...

ဘေးခြံကို မသိမသာမေးမြန်းစုံစမ်းတော့လည်း ဘယ်သူမှ ရေရေရာရာ မသိကြ ... ။

သူ ...

ကားမောင်းပြီး အိမ်ကိုပြန်လာခဲ့လိုက်သည်။

အိမ်ရောက်တော့ သူ စိတ်ပျက်လက်ပျက်နှင့် ဆိုဖာပေါ် ခနဲ ပစ်လှဲချလိုက်မိသည်။

"အိုအေစစ် ... ဘာဖြစ်လာတာလဲ"

"အေးလေ ... မင်းကြည့်ရတာ မအီမသာနဲ့"

ငြိမ်းချမ်းနဲ့ တင်လင်းထွန်းက တစ်ခါမှ မတွေ့ဘူးတဲ့ သူတို့ ယ်ချင်း ဖြစ်ပျက်နေတာကိုကြည့်ပြီး အံ့ဩတကြီး မေးလိုက်ကြ ပါ။

"ဟူး ... ငါ စိတ်ညစ်နေတယ်"

"ငါတို့ကို ပြောပြလေကွာ ... "

"ဒီလိုကွာ ... ငါနဲ့ ရောင်နီကျော်နဲ့ စိန်ခေါ်ပွဲတစ်ခုလုပ်ထား ယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ဟု အစချီကာ သူနဲ့ရောင်နီရောင်ကျော်ကြားက စိန်ခေါ်ပွဲလေးအကြောင်း ရှင်းပြလိုက်သည်။

အိုအေစစ် ...

လက်လျှော့ရမလိုဖြစ်နေပြီ ...

သူ သိပ်ချစ်ရတဲ့ ခေမာ့ကို လက်လွှတ်ဆုံးရှုံးရတော့မယ်ထင်ပါရဲ့ ... သတင်းအစအနတောင် ရှာလို့မရ ...

"ဪ ... "

"ဟူး ... "

ငြိမ်းချမ်းနဲ့ တင်လင်းထွန်းက သက်ပြင်းအသီးသီးချရင်း ငြိမ်သက်သွားကြသည်။

"ကျော်သက် ... ကျော်သက်"

ငြိမ်းချမ်းက ရုတ်တရက် ထအော်တော့ သူတို့ကြောင်ပြီး ကြည့်လိုက်မိသည်။

"ဘာလဲကွာ ... "

"ကျော်သက်ဆီက တစ်ဆင့် ရောင်နီကျော်ရဲ့ သတင်းကို စုံစမ်းကြည့်ရင်ရော"

သူ ...

မျက်လုံးတွေ အရောင်လက်သွားရသည်။

ချက်ချင်းပဲ ကျော်သက်ဆီ ဖုန်းခေါ်လိုက်၏။

"ဟဲလို ... "

"ကျော်သက် ... ငါ ရောင်နီကျော့် သတင်းသိချင်တယ်"





"အိုအေစစ် ... အိုအေစစ် ဘာတွေဖြစ်နေပြန်ပြီလဲ"

"နောက်မှမေးကွာ ခု ငါမေးတာဖြေ"

"ရောင်နီကျော်က ခွင့်တစ်ပတ်ယူထားတယ်လေကွာ"

"ဘာ ... "

"ဒီကောင် ခွင့်တစ်ပတ်ယူသွားတယ်ကွ ... ဘုရားဖူးသွားမယ်ဆိုလားပဲ"

"ဟာ ... ဒီကောင် ... ဒီကောင် ငါ့ကို ဒါသက်သက်ညစ်တာ"

ရောင်နီကျော် ...

ဒါ ...

တမင်ယုတ်မာတာ ...

"မင်း ဘာတွေပြောနေတာလဲ အိုအေစစ် ... "

"ငါ ... ဒီကောင် ဘယ်သွားလဲ သိချင်တယ် မင်းစုံစမ်းပေးလို့ ရမလား ... "

"အေးပါ ... ငါခု စုံစမ်းပြီး ဖုန်းပြန်ဆက်ပေးပါ့မယ် ... ဒါပေမယ့် ဘာဖြစ်နေတာလဲတော့ ငါ့လည်း ပြောပြပါဦး"

သူ ...

ကျော်သက်ကို အတိုချုံးပြီး ရှင်းပြလိုက်သည်။

"ဟာ ... ဒါ ရောင်နီဘက်က လူလည်ကျတာ အေးပါ ငါခု စုံစမ်းပေးပါမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကျော်သက် ဖုန်းချသွားသည်။

ခမော ...

မောင် အရမ်းစိတ်လှုပ်ရှားနေပြီ ခမောရယ် ...

မောင် ... ခမော ဘယ်မှာလဲ သိချင်တယ် ... မောင် ခမော့ကို ဆုံးရှုံးရတော့မှာလား ... မောင် အဆုံးရှုံးမခံနိုင်ဘူး ခမော ... ခမော့ကို ဆုံးရှုံးရရင် မောင်သေသွားလိမ့်မယ် ...

သူ ...

ကျော်သက်ဆီက ဖုန်းကိုမျှော်ရင်း စိတ်မရှည်နိုင်တော့ဘဲ ညှို့ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

ငြိမ်းချမ်းနဲ့ တင်လင်းထွန်းက တိတ်ဆိတ်စွာပဲ သူလျှောက်နေတာကို လိုက်ကြည့်နေကြ၏။

ဟော ...

သူ့ ဖုန်းကလေး အသံမြည်လာသည်။

ကျော်သက်ဆီကမို့ သူကမန်းကတန်းဖုန်းကိုင်လိုက်မိသည်။

"ကျော်သက် ... ဘယ်လိုလဲ"

"စိတ်မကောင်းဘူးကွာ ... "

"ဟာ ... အဆင်မပြေဘူးလား"

ကျော်သက်ရဲ့ စိတ်ပျက်လက်ပျက်အသံကြောင့် သူစိတ်ဓာတ်တွေ ကျဆင်းသွားရသည်။

"ဘယ်လိုမှ စုံစမ်းလို့ မရဘူးလားကွာ ... ရအောင် စုံစမ်းပေးပါကွာ ... ငါတောင်းပန်ပါတယ်"

သူ ...

ကျော်သက်ကို တောင်းပန်မိ၏။

"အေးကွာ ... သူတို့ ပြင်ဦးလွင်သွားတာတဲ့ သူနဲ့စေ့စပ်တော့မယ့် ပိုးခမော်တို့ မိသားစုနဲ့တဲ့ ... "

"ဟာ ... ဟာကွာ"

သူ ...

ကျော်သက်ရဲ့ စကားကြောင့် အရမ်းစိတ်လှုပ်ရှားသွားရသည်။

"ငါ့ သူငယ်ချင်းကို စတာပါ ... ပြင်ဦးလွင်မှာ ရောင်နီကျော်တို့ ဝယ်ထားတဲ့ အိမ်ရှိတယ်လေ ... အဲ့ကိုသွားတာ"

"လိပ်စာကရော ... "

"ငါ မသိဘူး"

"ဟာကွာ ... "

ပြင်ဦးလွင် တစ်မြို့လုံး သူ အချိန်ခဏလေးနဲ့ ခမောရှိတဲ့အိမ် ဘယ်လို ရှာရမလဲ ...

"ဒါပေမယ့် သိတဲ့သူဆီက ငါမေးထားပါတယ်ကွ"

"ကျော်သက် ... မင်း"

ကျော်သက်က ရယ်ပြီး ခမောရှိနေမယ့် လိပ်စာကို ရွတ်ပြလေသည်။






www.burmeseclassic.com

www.burmeseclassic.com



သူ ...

ဖုန်းချပြီးတာနဲ့ အဝတ်အစား နည်းနည်းထည့်ပြီး ကားဝေါ် တက်ကာ မောင်းထွက်လာခဲ့သည်။

ခေမာ ...

မောင် ခု ... ခေမာဆီလာနေပြီ ... ။

❀❀

အခန်း ( ၂၀ )

ခေမာ ...

ဝရံတာလေးမှာရပ်ပြီး တောင်ပေါ်မြို့လေးရဲ့ အေးစက်စက် ညလေကြားမှာ အတွေးတွေနှင့် လွင့်မျောနေသည်။ သူမ ဒီရောက် နေတာ ခုနစ်ရက်ရှိနေပြီ ... ။

မနက်ဖြန်တော့ ရန်ကုန်ပြန်ကြမည်တဲ့ ... ။

မောင် ...

မောင် သူမကို မတွေ့လို့ စိတ်ပူနေလောက်ပြီ ... မောင်ရယ် စိတ်မပူပါနဲ့နော် ...

ခေမာလည်း မလွှဲသာလို့ ငြင်းဆန်မရလို့ လိုက်လာခဲ့ရတာ ပါ ... မနက်ဖြန်တော့ ခေမာ မောင်ရှိတဲ့ ရန်ကုန်ကို ပြန်ရောက်ပါ ပြီ ... ။

"ဝုတ် ... ဝုတ်"

"ဝုတ် ... "



www.burmeseclassic.com

www.burmeseclassic.com



ဟင် ...

ခွေးဟောင်သံ ခပ်စူးစူးနှင့်အတူ ခြံထဲဝင်လာသော လူရိပ်တစ်ခုကြောင့် ခေမာလန့်သွားရသည်။ ခေမာ ကြောက်လိုက်တာ သူမ နောက်သို့ တဖြည်းဖြည်းချင်း ဆုတ်လိုက်မိ၏။

ထိုသူက သူမရှိနေတဲ့ ဝရံတာကို ဖက်တွယ်ပြီး တက်ဖို့ကြိုးစားနေတာပါလား ...

"ဘုရား ... ဘုရား"

သူခိုးများလား ...

ခေမာ ... ကြောက်ဒူးတုန်နေပြီ ...

ခေမာ ... ဘာလုပ်ရမလဲ အော်လိုက်တာပဲ ကောင်းပါတယ်လေ ...

ဆုံးဖြတ်ချက်နဲ့အတူ ခေမာမျက်လုံးလေးတွေ စုံမှိတ်ပြီး အော်ဖို့ဟန်ပြင်လိုက်စဉ် ...

"အို ... လွှတ် ... လွှတ်"

ခေမာ့ ပါးစပ်ကလေးကို လက်ဝါးပြင်တစ်ဖက် အအုပ်ခံလိုက်ရပြီး သန်မာသော လက်တစ်ဖက်ကမူ ခေမာ့ခန္ဓာကိုယ်နွဲ့နွဲ့လေးကို ထိန်းချုပ်လို့ထား၏။

"ခေမာ ... မောင် ... မောင်ပါ ခေမာ မအော်နဲ့နော် ... သေသေချာချာကြည့် ... ခေမာ မောင့်ကိုမှတ်မိတယ် မဟုတ်လား"

သူသည် ...

ကပျာကယာ ရှင်းပြရင်း သူ့မျက်နှာကိုလည်း မီးရောင်





အောက်သို့ ထိုးကာပြ၏။ သူမ မျက်လုံးလေးတွေ မယုံကြည်နိုင်လောက်အောင် ပြူးကျယ်ဝိုင်းစက်လို့ သွားရသည်။

မောင့်ကို မှတ်မိအောင် ခေါင်းကလေး ညိတ်ပြတော့မှ မောင်က ပါးစပ်ကို အုပ်ထားသော လက်ကလေးကို ခပ်ဖြည်းဖြည်းချင်း ဖယ်ပေး၏။

"ဟုတ်တယ် ... ခေမာ့ဆီကို မောင်အချိန်မှီအောင် လိုက်လာတာ တော်ပါသေးရဲ့ကွာ ... မောင်တို့ တစ်သက်လုံး ဝေးရတော့မလို့ ခေမာရယ် ..."

ဟင် ...

မောင် ဘာတွေ ပြောနေတာလဲ ... ခေမာ ဘာမှနားမလည်ပါ ... ခေမာ ခဏလေးပဲ အပန်းဖြေထွက်လာတဲ့ဟာပဲ ... ဘာလို့ မောင်နဲ့ တစ်သက်လုံး ဝေးရမှာလဲလို့ ..."

"ခေမာ ..."

"ဟင် ..."

"မောင့်ကို သိပ်ချစ်လားဟင်"

"မောင်ကလည်း ဒီအချိန်ကြီး ရောက်လာပြီး ကလေးကလား ဆန်ဆန်မေးနေပြန်ပြီ"

"ခဏလေးကွာ ခေမာ ကျန်တာတွေကို နောက်မှပြော မောင်မေးတာပဲဖြေပါ ..."

ခေမာသည် စိတ်အလွန်လောနေသော မောင့်ကို မျက်စောင်းလေးထိုးကာ ပြူးပြူးကလေးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်တာပေါ့ မောင် ... တစ်ခါမှ မချစ်ဘူးတဲ့ အချစ်တွေနဲ့ ချစ်တာ ... "

ခမော့ အဖြေလေးကြောင့် သူ ရင်တစ်ခုလုံး ကြည်နူးသွားရသည်။ သူ့ နှုတ်ခမ်းလေးတွေကို ပြုံးပြီး ခမော့နဖူးလေးဘက်သို့ တစ်ချက်လှမ်းကာ နမ်းလိုက်သည်။

"အို ... မောင်နော်"

ခမော့ရင်တွေ တဆက်ဆက် ခုန်သွားရသည်။ ကြည့်စမ်းစောစောက ပြုံးနေတဲ့ ချစ်သူ့ခိုးနမ်းခံရတဲ့ လမင်းလေးလိုပါပဲလား ခမော့ ပါးလေးတွေ ရဲတွတ်သွားရသည်။

"ခမော ... လာ"

"ဟင် ... ဘာလဲ မောင်"

"ခမော့ကို မောင်လာခေါ်တာလေ ... "

"အို ... အောင် ဘယ်ဖြစ်မလဲ မနက်ဖြန်ပဲ ရန်ကုန်ပြန်ကြတော့မယ့်ဟာ"

"မောင့်မှာ အခွင့်အရေးမရှိတော့ဘူးခမော ... ဒီညဟာ နောက်ဆုံးပဲ ... "

"ဟင် ... ဘာ ... ဘာရယ်"

အိုအေစစ် မထူးတော့ပြီမို့ ခမော့ကို အတိုချုံးပဲ ရှင်းပြလိုက်သည်။ အစပိုင်းတော့ ခမော တအံ့တဩ ဖြစ်နေသည်။ ပြီးနောက်

"ခမော ... ခမော ဘာမှ မသိဘူး မောင်ရယ်"

အခုတွက်လာတဲ့ ခရီးက သာမန်လို့ပဲထင်နေတာ ... အခု





တော့ ခမော့နှလုံးသားကို မီးလောင်တိုက်သွင်းဖို့ ခေါ်လာတဲ့ မရဏာမီးတွင်းကြီးပါလား ...

"အချိန်မရှိဘူး ခမော ... မောင့်ကိုချစ်ရင် မောင့်ကိုယုံတယ်ဆိုရင် မောင့်လက်ကိုဆွဲပြီး ရဲရဲသာလိုက်ခဲ့ပါ"

"အို ... မောင်ရယ်"

မောင်က သူ့ကို လက်ကမ်းပေးနေပြီ ...

ခမော ...

ခမော ...

ဘာလုပ်ရမလဲ ...

မောင်နဲ့ အဝေးခံနိုင်လို့လား ...

ဟင့်အင်း ...

မဖြစ်ဘူး ... မောင်နဲ့ဝေးရင် ခမောသေလိမ့်မယ် ... ဟုတ်တယ် မောင့်ကို ခမောသိပ်ချစ်တာ သေချာတယ် ...

ခမော ...

မောင်ကမ်းပေးတဲ့ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

"နေကြဦး ... "

"ဟင် ... "

"အို ... "

အနောက်ဘက်က တားဆီးသံလေးတစ်ခုကြောင့် သူတို့နှစ်ယောက်လုံး အထိတ်တလန့်ဖြစ်သွားကြရသည်။ လှည့်ကြည့်လိုက်တော့ မေမေ ... ။ မျက်လုံးအိမ်မှာ မျက်ရည်လေးတွေ စီကျလို့။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ..."

မေမေ့မျက်ရည်တွေ မြင်ရတော့ ခေမာ မကြည့်ရက်ပြန်။ မေမေ့ဆီ လျှောက်သွားဖို့ ဟန်ပြင်လိုက်တော့ ခေမာ့လက်ကလေးကို ခပ်တင်းတင်းလေး ဆုပ်ကိုင်ဖျစ်ညှစ် အသိပေးခြင်း ခံလိုက်ရသဖြင့် ခေမာ လက်ရှိအခြေအနေကို သတိရသွားသည်။

"မေမေ ... မေမေရယ် ... မငိုပါနဲ့နော် သမီးကို မေမေ့မျက်ရည်တွေနဲ့ မတားဆီးပါနဲ့နော်၊ သမီး မောင့်ကို အရမ်းချစ်တယ်၊ မောင်တစ်ယောက်နဲ့ကလွဲပြီး သမီး ဘယ်သူနဲ့မှ ဘဝတစ်ခုကို အတူမလျှောက်လှမ်းချင်လို့ပါ ... သမီး မောင်ဖန်ဆင်းပေးတဲ့ အနာဂတ်လေးထဲမှာပဲ နေချင်လို့ပါနော်"

မေမေ ...

မေမေက ငိုရှိုက်ရင်း သူမ စကားတွေကို သေချာနားထောင်နေသည်။

"မေမေ ... မေမေ့ကို အထင်မလွဲပါနဲ့ သမီးရယ် ... အခု မေမေလာတာ သမီးတို့ကို တားဆီးဖို့ မဟုတ်ပါဘူး ... မေမေ သမီးတို့ တစ်ယောက်ကို တစ်ယောက် ချစ်ကြတာကို နားလည်ပါတယ် ... မောင်အိုအေစစ်ကလည်း သမီးဘဝကို အကောင်းဆုံး ရှစောင့်ရှောက်ပေးနိုင်တဲ့ လူတစ်ယောက်ဆိုတာ မေမေယုံပါတယ် ခုက သမီးသိထားသင့်တဲ့ အကြောင်းလေးတစ်ခုကို ပြောပြဖို့ မေမေ လာခဲ့တာပါ"

မေမေ့ကို ကြည့်ပြီး ခေမာ ဘယ်လိုမှ နားမလည်နိုင်တော့။





"တကယ်တော့ သမီးရဲ့ ဖေဖေဟာ ဟိုးအရင်အချိန်တုန်းက လောင်းကစားကိုဝါသနာပါခဲ့တယ် ... သူ လောင်းကစားလုပ်တာ မေမေတို့ ရှိသမျှစည်းစိမ်ပြုတ်ပြီး မေမေတို့ အခုနေတဲ့တိုက်ကို ထိုးအပ်ရတော့မယ့် အခြေအနေကို ရောက်လာခဲ့တယ် ..."

ဟင် ...

"သမီးရဲ့ ဖေဖေနောင်တတွေ အကြီးအကျယ်ရတဲ့အချိန်က မေမေတို့ ဘဝပျက်တော့မယ့် ဆဲဆဲလေ ... အဲဒီ အချိန်မှာ မေမေနဲ့ မေမေ့သူငယ်ချင်းတစ်ယောက် မထင်မှတ်ဘဲ ပြန်တွေ့ခဲ့ကြတယ် အဲဒါက ရောင်နီကျော်ရဲ့ အမေပေါ့ ... သူတို့ လင်မယားက အဲဒီအချိန်မှာ အရမ်းအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ဖြစ်နေကြပြီလေ ..."

အို ...

သူမ ထင်မှတ်မထားတဲ့ ဖြစ်ရပ်တွေ ...

ဘုရား ... ဘုရား ...

"သမီးရဲ့ ဖေဖေက သူတို့အကူအညီနဲ့ ပြန်ကြိုးစားခဲ့လို့ ရောင်နီအဖေကလည်း လက်တွဲခေါ်လို့ မေမေတို့ အခုအခြေအနေကို ပြန်ရောက်ခဲ့ရတာပဲ သမီး ... မေမေရော သမီးဖေဖေပါ အဲဒီ ကျေးဇူးတရားကို ဘယ်လိုပြန်ဆပ်ရမှန်း မသိအောင် ဖြစ်ခဲ့ရတယ်"

ဟာ ...

အမှောင်ကွယ်လေး တစ်ခုကနေ ချောင်းပြီးခိုးနားထောင်နေတဲ့ ရောင်နီကျော် အရမ်းကို အံ့သြတုန်လှုပ်သွားရပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စတွေကို သူ့ ဘာတစ်ခုမှ မသိရှိုးအမှန်ပါ ... ဖေဖေရော မေမေကပါ ခေမာ့အကြောင်းတွေ သိသွားပေမယ့် ခေမာ့ကို တစ်စက်ကလေးမှ အပြစ်မတင်ခဲ့ ...။

"မေမေတို့ ဘယ်လိုကျေးဇူးဆပ်ရမှန်း မသိတဲ့ အချိန်မှာ ကျေးဇူးရှင်တွေဘက်က တစ်ခုတောင်းဆိုလာခဲ့တယ် ... အဲဒါ ရောင်နီကျော်နဲ့ ပိုးခေမာကို တစ်နေ့နေ့ကျရင် အိမ်ထောင်ချပေးဖို့ပဲ ... မေမေလေ ဝမ်းသာလွန်းလို့ ချက်ချင်းပဲ ခေါင်းငြိမ့်လက်ခံခဲ့တယ် ..."

"မေမေ ... ဒါကတော့"

"ခဏနေဦး သမီး ... မေမေ့စကားမဆုံးသေးဘူး ... ရောင်နီကျော်နဲ့ သမီးကို လက်ထပ်ပေးချင်တယ် ... သမီးလက်ခံသလားလို့ မေးခဲ့ရတဲ့ အချိန်က မေမေ့ရင်ထဲမှာ သမီးငြင်းလိုက်ရင်ဆိုပြီး အရမ်းတင်းကျပ်နေခဲ့ရတာ ... မေမေဆုတောင်းတယ် ... သမီးမငြင်းပါစေနဲ့လို့ ... သမီးက လက်ခံလိုက်တဲ့ အချိန်မှာ မေမေအရမ်းပျော်သွားခဲ့ရတယ် ... ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်ခွင့်ရပြီဆိုတဲ့ စိတ်နဲ့ပေါ့ ..."

"မေမေရယ် ... အဟင့် ... ဟင့် ... သမီး လက်ခံခဲ့တာက မေမေ့စကားကို မငြင်းပယ်ရဲလို့ပါ ... ပြီးတော့ အရင်က သမီး အချစ်ဆိုတာကို နားမလည်ခဲ့ဘူးလေ ... သမီးချစ်တဲ့သူရဲ့ လက်ကို ဆွဲပြီး ဒီမှုန်းကျပ်ပိတ်လှောင်နေတဲ့ ကမ္ဘာကြီးထဲကနေ ရုန်းထွက်ချင်ခဲ့တာ သမီးမမှားပါဘူးနော် ..."





"ခေမာရယ် ..."

ရောင်နီကျော်တစ်ယောက် ခပ်တိုးတိုးလေး ရေရွတ်လိုက်မိတာကို မျက်ရည်တွေနဲ့ တသိမ့်သိမ့် ရှိုက်ငိုနေတဲ့ ပိုးခေမာကတော့ သိမည် မဟုတ်ပါ။

"သမီးရယ် ... အဲဒါ မေမေ့အမှားတွေပါပဲ ... မေမေ သမီးတို့ အစိုးရိမ်လွန်ခဲ့တာပါ ... ကျေးဇူးရှင်တွေရှေ့မှာ အပြစ်ပြောစရာမရှိတဲ့ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးတစ်ယောက် ဖြစ်စေချင်လို့ပါ ခေမာ ..."

"ဟင့် ... ဟင့်"

ခေမာ ငိုရှိုက်နေဆဲပင် ...

"အမေကြီး ..."

"ဟင် ..."

"ဟာ ..."

"အို ..."

ဦးကောင်းမြတ် ...

"သမီးကို မင်းဘာလို့တားဆီးနေတာလဲကွာ"

"အို ... ကိုကောင်းမြတ်"

"ဖေဖေ ..."

"ကိုယ်လုပ်ခဲ့တဲ့ အမှားကို တစ်ပါးသူခံနိုင်းတာ သဘာဝမကျပါဘူး ... သမီးက တကယ်တော့ အပြစ်မဲ့သူပါ ... ဖခင်လုပ်သူရဲ့ အကြွေးကို သူ့ရဲ့နှလုံးသားတစ်လုံး ခွဲယူထုတ်ပြီး ပေးနိုင်းတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မတရားရာ ကျလွန်းပါတယ် ... "

အိုအေစစ် ...

အုံ့အားသင့်နေသည်။

သူထင်တာ ဦးကောင်းမြတ်က တားဆီးလိမ့်မယ်လို့ပါ။

"သွားပါစေ ... သမီးချစ်သူနောက်ကို လိုက်သွားပါစေကွာ၊ အပြစ်တင်ခံရရင်တောင် ရောင်နိုကျော် ပြောချင်တာပြောရင်တောင် တို့လင်မယားနှစ်ယောက် ခံယူကြတာပေါ့ ... ကိုယ်တို့က အပြစ်လုပ်ထားတဲ့ သူတွေပဲ ... "

"ဖေဖေရယ် ... ဟင့် ... ဟင့်"

"မောင်အိုအေစစ်"

"ဗျာ ... အန်ကယ်"

ဦးကောင်းမြတ် အိုအေစစ်ဘက်လှည့်ပြီး မျက်ရည်တွေကြားက ပြုံးပြလိုက်သည်။

"အန်ကယ့်ကို ခွင့်လွှတ်ပါ ... "

"ဟာ ... "

"အန်ကယ် တစ်ကြိမ်မှားခဲ့ပြီးပြီ ... ဒုတိယအကြိမ်တော့ ထပ်မမှားချင်တော့ဘူး ... ချစ်သူနှစ်ဦးကို ရက်ရက်စက်စက် ခွဲပြီး ဘဝနှစ်ခုကို ကြေမွပျက်စီးသွားအောင် မလုပ်ချင်တော့ဘူး ... မင်းရဲ့လက်ထဲ သမီးလေးကို ယုံကြည်စွာ အပ်နှံလိုက်ပါပြီ"

"အန်ကယ်ရယ် ... "

သူ ...





ခေမာ့မျက်ဝန်းလေးတွေကို ငေးကြည့်လိုက်မိသည်။ တွေဝေနေတဲ့ မျက်ဝန်းလေးတွေကို တွေ့လိုက်ရသည်။ မောင်မကြည့်ရက်ဆုံး မျက်ဝန်းတွေပါ ခေမာရယ် ... မိဘအပေါ် ညှာတာသနားတတ်တဲ့ ခေမာဟာ အခုလို မိဘတွေရဲ့ အခက်အခဲ အမှန်ကိုသိလိုက်ရတော့ ဆုံးဖြတ်ရခက်နေပြီ ... အရမ်းကို တွေဝေနေပြီဆိုတာ မောင်သိပါတယ်။

ခေမာရယ် ... မောင်ကလေ ခေမာ့ကို အမြဲတမ်း ပျော်ရွှင်စေချင်တာပါ ...

မောင့်ကြောင့် ...

ခေမာ့ရဲ့စိတ်တွေ မရှုပ်ထွေးစေချင်ဘူး ခေမာရယ် ... ခေမာအပေါ် မောင်မတရားလုပ်မိပြီ ... မောင့် အတ္တတစ်ခုထဲကြည့်ပြီး ခေမာကိုအနားမှာ ခေါ်ထားဖို့ ကြိုးစားမိတာ မောင်သိပ်မှားသွားပြီ ခေမာရယ် ...

"ခေမာ ... "

"ရှင် ... "

သူ စကားကို ရှေ့ဆက်နိုင်ဖို့ အားယူလိုက်သည်။ ပြီးမှ ဆုံးဖြတ်ချက် ခိုင်မာလေးသာလေသံဖြင့် ...

"ခေမာ နေခဲ့တော့ ... "

သူမ ပြောချင်ဆုံးစကားလုံးလေးကို မျက်စိမှိတ်ကာပြောလိုက်သည်။

"ဟာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

အိုအေစစ်ရဲ့ စကားကြောင့် အားလုံး အံ့ဩသွားရသည်။

"ခေမာ့ကို မောင် ဖွတ်အတင်း မခေါ်ရက်တော့ပါဘူး ခေမာ"

"အဟင့် ... ဟင့်"

"ဒီစကားကို ပြောလိုက်လို့ မောင့်ကို အထင်မလွဲလိုက်ပါနဲ့ ခေမာ ... ခေမာ့ကို မောင် မချစ်လို့ ထားရစ်ခဲ့တာ မဟုတ်ပါဘူး။ ခေမာ့ကို သိပ်ချစ်လို့ ခေမာ မရွေးရဲတဲ့လမ်းကို မောင်ရင်နာနာနဲ့ ရွေးချယ်ပေးလိုက်တာပါ ... ခေမာ စိတ်သန့်သန့်နဲ့ လျှောက်လှမ်းသွားပါ ..."

အိုအေစစ် ...

ငါ ... ဘယ်လိုမှ ထင်မထားဘူး ...

မင်း ... အဲဒီလို ခေမာ့ကို ထားခဲ့လိမ့်မယ်လို့ ... ဒါဟာ နှလုံးသားတစ်ခုလုံးကို ချေမွဖျက်ဆီး အသေသတ်ပြီးမှ တဘက်လူကို အနိုင်ပေးလိုက်တာလား ...

မင်း ...

မင်းရဲ့ အချစ်က ...

ကိုယ့်ချစ်သူကို ကိုယ့်ရင်ခွင်ထဲက ဆွဲထုတ်ပြီးတခြားလူ ရင်ခွင်ထဲ ထည့်ပေးရက်တာဟာ ကြီးမားလွန်းတဲ့ ပေးဆပ်ခြင်း တစ်ရပ်ပါပဲ ... အိုအေစစ်ရယ် ...။ ခေမာ မင်းကို သိပ်ချစ်သွားတာ မှန်တယ် ... ခေမာ့ အချစ်နဲ့ မင်းတကယ့်ကို ထိုက်တန်တဲ့သူပဲ





အိုအေစစ်ရယ် ...။

ရောင်နီကျော် ...

ခေမာ့ ငိုရှိုက်သံလေးပဲ နားထဲကြားနေရသည်။

"မောင်ရယ် ... ခေမာသိပါတယ် ... မောင် ဘယ်လောက်ထိ ချစ်တယ်ဆိုတာ ခေမာ သိပါတယ်"

"ခေမာရယ် ..."

ချစ်သူရဲ့ လက်ကလေးကို သူ ဖျစ်ညှစ် ဆုပ်ကိုင်လိုက်မိသည်။

"ခေမာ ... မောင့်ကို သိပ်ချစ်တယ်မောင် ... ခေမာ့ ဘဝ တစ်သက်တာလုံး ကိုယ့်အသက်ကို ပုံအပ်ချင်လောက်အောင် ချစ်မိတာဆိုလို့ မောင်တစ်ယောက်တည်းပဲရှိပါတယ် ... ဒါပေမယ့် ပိုးခေမာက မောင်ဖန်ဆင်းပေးမယ့် နှလုံးသား ကမ္ဘာလေးထဲကို ဘယ်တော့မှ ရောက်လာနိုင်သူ တစ်ယောက် မဟုတ်ပါဘူး ... ဘာလို့လဲဆိုတော့ အတ္တတွေ မာနတွေ ကျေးဇူးတရားတွေ စောင့်ထိန်းရမှုတွေနဲ့ ပြည့်နှက်နေတဲ့ တံတိုင်းကြီးတစ်ခုကို ခေမာ မကျော်ဖြတ်နိုင်လို့ပါ ... ဒါပေမယ့်မောင် ... မောင်တစ်ခါက အရမ်းလှတဲ့ ကောင်းကင်ကြီးကို ပြခဲ့သလိုပဲ ... မောင် ဖန်ဆင်းမယ့် ကမ္ဘာလေးကို ခေမာစိတ်နဲ့ အရောက်လာလည်ပါ့မယ်နော် ... အဲဒါလေးနဲ့ပဲ ခေမာ ကျေနပ်နှစ်သိမ့်လိုက်ပါတော့မယ် ..."

"ခေမာရယ် ..."

မောင့်မျက်ဝန်းမှ မျက်ရည်တွေ တလိမ့်လိမ့်ဆင်းလာပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့သော် ...

ခေမာ သိပ်ချစ်ရတဲ့ မောင်က ... ခေမာ စိတ်ချမ်းသာအောင် နှုတ်ခမ်းလေးတွေက ပြုံးပြနေ၏။

"ခေမာ ... "

"ရှင် ... "

"မောင် သွားတော့မယ်နော်"

"ဟုတ် ... "

"အန်ကယ် အန်တီ ကျွန်တော်ပြန်လိုက်ပါဦးမယ်ခင်ဗျာ။

"မောင်အိုအေစစ်ရယ် ... "

သူ ပြန်ထွက်ဖို့ ခြေလှမ်းပြင်လိုက်မိသည်။ ရင်ထဲမှာတော့ စူးနစ်ကြေကွဲနေရ၏။

"အိုအေစစ် ... မင်း နေဦး"

"ဟာ ... "

အမှောင်ရိပ်လေးထဲမှာ ပုန်းနေတဲ့ ရောင်နီကျော် ...

"ရောင်နီကျော် မင်းဘာထပ်ပြောဦးမလို့လဲ"

"မင်း ထွက်သွားမယ်ဆိုရင် ငါ့အိမ်ထဲမှာ ရှုပ်ရှုပ်ယှက်ယှက် မထားခဲ့နဲ့ ... "

"ဘာ ... "

"အဲဒီမှာလေ ... "

ရောင်နီကျော် ပိုးခေမာကို လက်ညှိုးလေးညွှန်ပြရင်း ...



"အဲဒီ နှလုံးသား မပါတဲ့ စက်ရုပ်ကို မင်းနဲ့တပါတည်းယူသွား"

"မင်း ... မင်း"

"ငါ ဆရာဝန်တစ်ယောက်ပါ အိုအေစစ် ... ငါတို့ ဆရာဝန်တွေဆိုတာ နှလုံးသားတွေ မသေအောင်ကာကွယ် ပေးနေရတာပါ မင်းရဲ့ရင်ကိုခွဲပြီး နှလုံးသားကို ထုတ်ပေးရင်တောင် သင့်တော်တဲ့ ရင်ခွင့်ထဲ ပြောင်းလဲပေးရမှာပေါ့ ... ငါတို့ရဲ့တာဝန်ပဲ ... အဲဒီတော့ မင်း မင်းတို့နှလုံးသားတွေ ရှင်သန်ဖို့ မင်းခုပဲ ပိုးခေမာကို ခေါ်ပြီး ထွက်သွားတော့ ... "

"မင်း တကယ်ပြောနေတာလား ရောင်နီကျော်"

"ခေမာ ... ပြောလိုက်လေ တကယ်ပြောမပြောဆိုတာ"

ခေမာ ဘာမှမပြောဘဲ ပြုံးလိုက်ရင်း ...

"မောင် ... "

"ခေမာ ... ခေမာရယ်"

မောင့်ရင်ခွင်ထဲကို အငမ်းမရတိုးဝင်ပြီး မောင့်ကျောကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိသည်။

"ခေမာ ... "

"ရှင် ... "

"ကျေးဇူးတင်ပါတယ် ခေမာ"

"ဘာကိုလဲ မောင် ... "

စိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဖန်ဆင်းမယ့် ကမ္ဘာလေးထဲကို လိုက်ချင်တယ်ဆိုတာကိုလေ ..."

"မောင် ..."

"ဟင် ..."

"သွားရအောင်လေ ..."

"အင်း ..."

သူတို့နှစ်ယောက်ရဲ့ ခြေလှမ်းတွေကို ပြိုင်တူပဲ စတင်လှမ်းလိုက်ကြသည်။

ချစ်သူနှစ်ယောက်ရဲ့ နှလုံးသားကမ္ဘာလေး ဆီသို့ပါ ...။

ရင်ခုန်သံမရပ်သရွေ့
အမြဲချစ်တတ်နေမယ့် . . .
ရှင်မြတ်နိုး

www.burmeseclassic.com